မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏ ။

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၄၅)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၈၄)

# အပ်နှံမြေရိယာထဲမှ ၇၃၈ ဒသမ ၉၉ ဧကကို မူလတောင်သူ ၂၃၉ ဦးထံ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထပ်မံပေးအပ်

## တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်အောင်ကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၁၃**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ၂၀၁၇ ခုနှစ် မတ်လအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအုပ်စုအတွင်း စွန့်လွှတ်မြေရိယာ ၃၇၉၂ ဒသမ ၄၆ ဧကကို တောင်သူ ၂၂၈ ဦးထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးသန့်ခြံအဖြစ် အသုံးပြုခဲ့သည့် ဧရိယာ ၃၇၂၆ ဧကအနက် ၂၅၂၆ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပြီး ယင်းအပ်နှံမြေရိယာထဲမှ ၇၃၈ ဒသမ ၉၉ ဧကကို မူလတောင်သူ ၂၃၉ ဦးထံ

*စာမျက်နှာ ၃ ကော်လံ ၃* ❖

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)




# ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ဆိပ်ဖြူမြို့နယ်မှ နေအိမ်များ ရေလွတ်ရာသို့ပြောင်းရွှေ့



**စိုးလင်းနိုင်(မြန်/ဆက်)**

**ဆိပ်ဖြူ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်ခြင်းကြောင့် မြစ်ကမ်းနံဘေးရှိ သံဇလုံကျေးရွာမှ နေအိမ်များကို ဇူလိုင် ၁၃ ရက်က ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးကြောင်း သိရသည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းတို့က ဧရာဝတီမြစ်ရေမြင့်တက်လာခြင်းကြောင့် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းများနှင့် လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သံဇလုံကျေးရွာ၌ မြို့နယ်

*စာမျက်နှာ ၁၂ ကော်လံ ၃* ❁

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့၌ သုံးပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၌ နှစ်ပေခွဲခန့်နှင့် နောက်သုံးရက်အတွင်း ဖောင်းပြင်မြို့၌ နှစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻



မြန်မာ့အလင်း

# ပြည်ပပို့ကုန်တင်ပို့သူ မှတ်ပုံတင်စနစ်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးခိုင်မာတောင့်တင်းမှုရှိသည် မရှိသည်ကို အဆိုပါနိုင်ငံ၏ ပြည်ပဝင်ငွေရရှိရာ လမ်းကြောင်းတို့ များပြားမှုရှိခြင်း၊ မရှိခြင်းဖြင့် တိုင်းတာနိုင်သည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် ကုန်ပစ္စည်းအမယ်စုံတို့ကို တင်ပို့နိုင်သည်နှင့်အမျှ ထိုနိုင်ငံ၏စီးပွားရေးသည် အခြေခိုင်တောင့်တင်းမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်အမယ် အနည်းငယ်ကိုသာ မှီခိုရပ်တည်နေရပါက အဆိုပါပြည်ပပို့ကုန်တို့၏ ကမ္ဘာ့ပေါက်စျေးနှုန်းကျဆင်းသည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေးကို လှုပ်ခါယမ်းစေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်တို့ အမယ်စုံတိုးချဲ့တင်ပို့နိုင်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။

အမိနိုင်ငံတော်သည်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်နေသည်ဖြစ်၍ ပြည်ပပို့ကုန်တို့ အမယ်စုံတိုးချဲ့တင်ပို့နိုင်ရေးကို မလွဲမသွေ ကြိုးပမ်းအကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်တို့ အမယ်စုံ တိုးချဲ့တင်ပို့နိုင်ရေးတွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ ပထမပိုင်းသည် ပြည်ပသို့တင်ပို့နိုင်သော ကုန်ပစ္စည်းတို့ကို ပြည်တွင်း၌ ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်စွမ်းရှိရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဒုတိယပိုင်းသည် အဆိုပါတိုးချဲ့ထုတ်လုပ်ထားသော ကုန်ပစ္စည်းတို့အတွက် ကမ္ဘာ့စျေးကွက်ဝေစုရရှိရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဆိုပါအပိုင်းနှစ်ပိုင်းစလုံးကို ဟန်ချက်ညီ မြှင့်တင်ဆောင်ရွက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင် ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့စျေးကွက်သို့ ပြည်ပပို့ကုန်တို့ တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန် ကမ္ဘာ့စျေးကွက်၏ လုပ်ထုံးလုပ်နည်းသဘောတရားတို့ကို ကျွမ်းကျင်စွာ သိရှိနားလည်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂမှ ပေးအပ်သော ယေဘုယျအကောက်ခွန်သက်သာခွင့် (Generalized System of Preference-GSP) ရရှိထားသော နိုင်ငံများစာရင်းတွင် ပါဝင်ပါသည်။ ၎င်းကဲ့သို့ပါဝင်သည့်အတွက် မြန်မာ့ပို့ကုန်တို့ကို ဥရောပသမဂ္ဂသို့တင်ပို့သည့်အခါ အကောက်ခွန်သက်သာခွင့်ကို ရရှိခံစားရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းရှင်တို့ကလည်း အဆိုပါအကောက်ခွန်သက်သာခွင့်ကို ရရှိခံစားနိုင်ရန်အတွက် ပို့ကုန်တို့သည် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းတို့ဖြစ်ကြောင်း အာမခံဖော်ပြရမည် ဖြစ်ပါသည်။ ဥရောပသမဂ္ဂသည် ယခင်က ပင်ရင်းနိုင်ငံထွက်ကုန်ပစ္စည်းဖြစ်ကြောင်း (System of Origin Certification)ကို သက်ဆိုင်ရာအစိုးရတို့က ထုတ်ပေးသော စာရွက်စာတမ်းတို့နှင့် ကုန်ပို့လွှာအချက်အလက်တို့အပေါ် အခြေခံဆုံးဖြတ်ခဲ့ပါသည်။ ယခုအခါ ဥရောပသမဂ္ဂသည် ပင်ရင်းနိုင်ငံထွက်ကုန်ပစ္စည်းဖြစ်ကြောင်း အတည်ပြုနိုင်ရန်အတွက် ပြည်ပပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (Registered Exporter System- REX)ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါသည်။

ပြည်ပပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX)၌ ပြည်ပပို့ကုန်လုပ်ငန်းရှင်တို့ကိုယ်တိုင် အင်တာနက်ကိုအသုံးပြု၍ မှတ်ပုံတင်ရမည်ဖြစ်ပါသည်။ ပြောင်းလဲလာသော အခြေအနေတို့အရ မှတ်ပုံတင်အချက်အလက်တို့ အပြောင်းအလဲပြုလုပ်ရပါက သက်ဆိုင်ရာပို့ကုန်လုပ်ငန်းရှင်က ပြည်ပပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX) ၌ လိုအပ်ချက်နှင့်အညီ ပြင်ဆင်ပြောင်းလဲပေးရမည် ဖြစ်ပါသည်။ ပြည်ပပို့ကုန်လုပ်ငန်းတို့လုပ်ငန်းရပ်ဆိုင်းသည့်အခါ သို့မဟုတ် သတ်မှတ်စည်းကမ်းတို့ကို ဖောက်ဖျက်သည့်အခါ ၎င်းမှတ်ပုံတင်စနစ် (REX)၌ မှတ်ပုံတင်ထားခြင်းကို ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်လုပ်ငန်းရှင်ကိုယ်တိုင် တာဝန်ယူရသောစနစ်သို့ ပြောင်းလဲအကောင်အထည်ဖော်ထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း ၎င်းမှတ်ပုံတင်စနစ် (REX)၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်တို့အနေဖြင့် ပြည်ပပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX)ကို ကျွမ်းကျွမ်းကျင်ကျင်သိရှိနားလည်ရေးကို ဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိရာ ကြည့်မြင်တိုင်မြို့နယ် (၂၁) ရပ်ကွက်အတွင်းသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်သဇင်မြမြထွေးနှင့် အဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများနှင့်ပူးပေါင်း၍ ရေအိုး၊ ရေစည်၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဘော်ဂါသွေး**

# ပညာရပ်ဆိုင်ရာ လေ့လာမှုများမှရရှိလာသည့် အတွေ့အကြုံများ ပြန်လည်မျှဝေ

**မန္တလေး ဇူလိုင် ၁၃**

ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်လေ့လာရေးခရီးစဉ်များမှ ရရှိလာသည့် အတွေ့အကြုံများ ပြန်လည်မျှဝေရှင်းလင်းပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရတနာပုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ပါမောက္ခ ဒေါက်တာသင်းသင်းက အမေရိကန်နိုင်ငံ ဟိုနိုလူလူမြို့၌ ကျင်းပသည့် Asia Pacific Center For Security Studies သင်တန်းတက်ရောက်ခဲ့စဉ် အတွေ့အကြုံများ၊ လက်ထောက်ကထိက ဒေါ်ဇင်မာထွေးက JENESYS 2016 (Japanese Language Communication/ Experience Exchange in Japanese Culture (3rd Batch) အတွေ့အကြုံ ဗဟုသုတများနှင့် မောင်ကောင်းခန့်ဖြိုး (ပထမနှစ် ဂုဏ်ထူးတန်း)နှင့် မဂျော်ဘီနိုင်းစစ် (တတိယနှစ်)တို့က ထိုင်းနိုင်ငံ Ubon ပြည်နယ်ရှိ Ubon University ၌ ကျင်းပခဲ့သော 6th Language and Culture Camp သို့ သွားရောက်ခဲ့သည့် အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

ထင်သာမြင်သာ ပြုပြင်စရာ

## ဖျာပုံမြို့တွင် လမ်းလွှဲပေးထားသော ကွန်ကရစ်လမ်းများ ကွဲအက်ကျိုးပဲ့ပျက်စီးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင်းလမ်းများကို မိုးရေဒဏ်ခံနိုင်ပြီး ပျက်စီးမှုနည်းပါးသည့် ကွန်ကရစ်လမ်းများဖြစ်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းတည်ဆောက်ဖောက်လုပ်လျက်ရှိသည်။ ဖျာပုံမြို့အောင်သုခလမ်းနှင့် ဗိုလ်ချုပ်လမ်းကို ဆက်သွယ်ထားသည့် ရတနာလမ်းအား ရှစ်လက်မထုနှစ်လမ်းသွား အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် ယခုဇူလိုင်လဆန်းက စတင်ဖောက်လုပ်လျက်ရှိသည်။ လမ်းလွှဲများအဖြစ် အမှတ် (၇)ရပ်ကွက်အတွင်းရှိ ဇေယျဝတီလမ်း၊ နီလာလမ်း၊ မေခါဝီလမ်းများကို လမ်းညွှန်ဆိုင်းဘုတ်များဖြင့် လမ်းလွှဲပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ လမ်းလွှဲပေးမှုကြောင့် နီလာလမ်းမှာ ကွဲအက်သွားပြီး မေခါဝီလမ်းထိပ်ပိုင်းတွင် ကျိုးပဲ့ပျက်စီးလျက်ရှိသည်။ အဆိုပါ လမ်းလွှဲပေးရာတွင် ပြည်သူများအဆင်ပြေသော်လည်း ကုန်တင်ယာဉ်၊ ဆီဘောက်ဆာယာဉ်၊ ခရီးသည်တင်ယာဉ်များ သွားလာနိုင်ရန် ခံနိုင်ဝန်ရှိသည့် လမ်းလွှဲမှုများကို တာဝန်ရှိသူများက စနစ်တကျ ရွေးချယ်သတ်မှတ်ပေးမှသာ ရပ်ကွက်နေပြည်သူများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း ဖောက်လုပ်ထားသည့်လမ်းမှာ ပျက်စီးမှုမှ ကင်းဝေးမည်ဖြစ်သည်။

ဖျာပုံမြို့တွင်း လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် ဖောက်လုပ်တည်ဆောက်လျက်ရှိရာ လမ်းဖောက်လုပ်စဉ်အတွင်း မဖြစ်မနေ လမ်းလွှဲများ သတ်မှတ်ပေးလျက်ရှိသည်။ ယင်းသတ်မှတ်လမ်းညွှန်ပေးထားသော ကွန်ကရစ်လမ်းများမှာ ခံနိုင်ဝန်အားနည်းခြင်း၊ လမ်းကျဉ်းမြောင်းခြင်းများကြောင့် အသစ်ဖောက်လုပ်သော ကွန်ကရစ်လမ်းများပြီးစီးသွားသော်လည်း လမ်းလွှဲများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေသည်။

ထို့ကြောင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက လမ်းလွှဲရွေးချယ်ရာတွင် စနစ်တကျရွေးချယ်သတ်မှတ် လမ်းညွှန်ပေးသင့်ကြောင်း အမှတ်(၇) ရပ်ကွက်နေပြည်သူများထံမှ သိရသည်။

**ချမ်းသာ**

## ဗုဒ္ဓရုပ်ပွားတော်များ အနေကဇာတင်လှူ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် သိဒ္ဓိအောင်ပန်းဘုန်းကြီးကျောင်းဆရာတော် ဦးသောမဦးဆောင်၍ မဇ္ဈိမလူငယ်ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ ဗုဒ္ဓရုပ်ပွားတော်အဆူ ၃၅၀ အား အနေကဇာတင်ပူဇော်၍ မဲနှိုက်လှူဒါန်းပွဲနှင့် စတုဒိသာဒါနပြုပွဲတော်ကို ဇူလိုင်လ ဒုတိယပတ်က အမှတ် (၉၃) ရပ်ကွက်၌ ကျင်းပသည်။

ဗုဒ္ဓရုပ်ပွားတော် အဆူ ၃၅၀ အား စာရင်းပေးထားသည့် ပြည်သူများအား မဲဖောက်၍ မြို့မိမြို့ဖများနှင့် အလှူရှင်များက အိမ်ထောင်စု ၃၅၀ အား ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဘုရားအဆူ ၃၅၀ အား သိဒ္ဓိအောင်ပန်း ဘုန်းကြီးကျောင်းဆရာတော် ဦးသောမက ၂၄၂ ဆူ၊ ကပ္ပတိန်ဦးမျိုးမင်းဝင်းနှင့်ဇနီး ဒေါက်တာဒေါ်သန္တာဝင်းနှင့် အလှူရှင်များက ၁၀၈ ဆူစုပေါင်း၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၃-၇-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ | · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ | · ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | · ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | · ၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ | · ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ | · ၈၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၇/၂၀၁၇**
၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်နှင့် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်တို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါ အရာရှိကြီးများကို ယှဉ်တွဲပါ ပြည်နယ်အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး ဟန်ဝင်းအောင် ချင်းပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး နိုင်ဝင်းအောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## သံအမတ်ကြီး ဦးသာအောင်ညွှန့် ဖီဂျီနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၁၄**

ဖီဂျီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွှန့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဆူးဗားမြို့၌ ဖီဂျီသမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်(အငြိမ်းစား) ဂျော်ဂျီ ကွန်နူစီ ကွန်ရော့တီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆေးရှဲလ်သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆေးရှဲလ်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ဇူလိုင် ၁၂ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

မြန်မာနိုင်ငံနှင့် ဆေးရှဲလ်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဆေးရှဲလ်အမြဲတမ်းကိုယ်စားလှယ်တို့သည် ဇူလိုင် ၁၂ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆေးရှဲလ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၂၁ နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့် နိုင်ငံဖြစ်သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရွှေဘိုမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး၌ ပြည်သူများအား ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထပ်မံပေးအပ်နိုင်ခဲ့သည့်အတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသည့်နေ့ဖြစ်ပြီး ပြန်လည်စွန့်လွှတ်ပေးခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကော်မတီအဆင့်ဆင့်ကို အသိအမှတ်ပြု ဂုဏ်ပြုရမည်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တောင်သူလယ်သမားများ အကျိုးအတွက် စဉ်းစား၍ လယ်မဲ့၊ ယာမဲ့များအတွက် မြေယာများ ဖော်ထုတ်ဆောင်ရွက်ပေးနိုင်သည်ကို တွေ့မြင်ရသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ တောင်သူလယ်သမားများ အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက် ရှိသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနစ်နာမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ ယင်းဆုံးရှုံးမှုများကို တတ်နိုင်သမျှလျော့ပါးသက်သာအောင် ဆောင်ရွက်နိုင်မှ မိမိတို့ကြိုးပမ်းအားထုတ်မှုများ အရာထင်မည်ဖြစ်ကြောင်း။

တောင်သူများအတွက် ရေ၊ မြေ၊ လုပ်သား၊ စိုက်ပျိုးစရိတ်လိုအပ်ချက်များအပြင် သီးနှံထွက်ချိန်တွင် ဈေးကောင်းရရှိရေးသည်လည်း အရေးကြီးသည့်အတွက် ဈေးကွက်၏ အနေအထားနှင့် ဝယ်လိုအားတို့အပေါ် မူတည်ပြီး ထိုက်သင့်သည့် ဈေးနှုန်းရရှိရေးကို နိုင်ငံတော်အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရန် လယ်ယာမြေများ လက်ဝယ်ပြန်လည်ရရှိပြီးဖြစ်သည့် တောင်သူများအနေဖြင့်လည်း နိုင်ငံတော်၏ စေတနာကို သိမြင်နားလည်ပြီး မိမိတို့တစ်မိသားစု ဝမ်းစာဖူလုံရေးမှသည် နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တောင်သူများသို့ ယခုကဲ့သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ထုတ်ပေးပြီးသည့်နောက် သားစဉ်မြေးဆက် လုပ်ကိုင်ခွင့်ရရှိစေရန် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးအတွင်း ဖြေရှင်းဆောင်ရွက်ပေးရမည့် ကျန်ရှိနေသော တိုင်ကြားစာများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့များနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမြဲတမ်းအတွင်းဝန်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်သည့်မြေများအား မူလတောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တန့်ဆည်မြို့နယ် ပြည်သူ့ဆေးရုံအားလည်းကောင်း၊ တန့်ဆည်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအားလည်းကောင်း ကြည့်ရှုပြီး ဆေးရုံနှင့် ကျောင်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရေဦး မူးမြစ်ကူးတံတားပေါ်မှ မူးမြစ်တွင် သောင်ထွန်းနေမှု အခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် ရွှေဘိုမြို့သို့ ရောက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုရုံး၌ ပြည်သူများအား ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ဝက်လက်မြို့ လုတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာနှင့် ကျောင်းအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**သံတွဲ ဇူလိုင် ၁၃** သံတွဲမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင် ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ ရက် နံနက်က မြို့နယ်အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးထွန်းစိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာသိကောင်းစရာများကို ဟောပြောသည်။ ထို့နောက် သံတွဲမြို့အမှတ် ၂၄ ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲအုပ် သန်းစိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

**နေပြည်တော် ဇူလိုင် ၁၃**

အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား ဇူလိုင် ၁၂ ရက် ညပိုင်းတွင် အရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူး Vice Admiral HCS Bisht က ၎င်း၏နေအိမ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်ရှိ အိန္ဒိယရေတပ်မိသားစုဝင် ဇနီးများ သက်သာချောင်ချိရေးအဖွဲ့ (Navy Wife Warfare Association-NWWA)သို့ သွားရောက်ကာ NWWA မှ ဆောင်ရွက်နေသော မသန်မစွမ်းကလေးငယ်များ ပြုစုစောင့်ရှောက်ရေးကျောင်းအားလေ့လာ၍ လှူဒါန်းငွေများ ပေးအပ်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား အရှေ့ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူး Vice Admiral HCS Bisht က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်** (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဗီဇာခါပတ်တနမ် မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်း ကျောင်းသို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်း၌ တက်ရောက်နေကြသည့် မြန်မာ့တပ်မတော်(ရေ)မှ အရာရှိ/စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗီဇာခါပတ်တနမ်မြို့မှ အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ညနေပိုင်းတွင် နယူးဒေလီမြို့သို့ ရောက်ရှိရာ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေနှင့်ဇနီး၊ အိန္ဒိယတပ်မတော် ရေတပ်ဌာနချုပ်မှ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာန၊ လက်ထောက်ရေတပ်ဦးစီးချုပ် Rear Admiral Dhiren Vig နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်တွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံများဆောက်လုပ်ရန် အလှူငွေများပေးအပ်

နေပြည်တော် ဇူလိုင် ၁၃

**ရခိုင်ပြည်နယ်တွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများဆောက်လုပ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက အလှူငွေ အမေရိကန်ဒေါ်လာ ၅၃၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် မြန်မာနိုင်ငံသည် မုန်တိုင်း၊ မုန်တိုင်းဒီရေနှင့် ရေလွှမ်းမိုးမှုဒဏ်ကို ထိခိုက်ခံစားရသည့်နိုင်ငံဖြစ်သည့်အတွက် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၊ အသက်ကယ်ကုန်းများသည် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံစားရပြီးနောက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၉၃ လုံးကို ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ လက်ရှိတွင်လည်း ၂၅ လုံးကို တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ အလုံး ၃၀ ထပ်မံဆောက်လုပ်ပေးရန် ဆောင်ရွက်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းငွေဖြင့် လေးလုံးတည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ယခု လှူဒါန်းမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်သွားနိုင်မည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား UNICEF အဖွဲ့မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဌာနကြီးမှူး Mr.Aaron Greenberg ဦးဆောင်သောအဖွဲ့က အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။




တွေ့ဆုံစဉ် အသစ်ပြဋ္ဌာန်းမည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေတွင် ကလေးမွေးစားခြင်းဆိုင်ရာ အခန်းကဏ္ဍတွင် ကလေးသူငယ်များအား အလွဲသုံးစားအမြတ်ထုတ်မှုများမှ ကြိုတင်ကာကွယ်နိုင်ရေးပါဝင်ရေးဆွဲထားမှု၊ မိဘမဲ့ဂေဟာများ လိုက်နာဆောင်ရွက်ရမည့် ပဋိညာဉ်စာတမ်း၊ ဂေဟာစည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရေးဆွဲခဲ့မှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲရုံးခန်းဖွင့်ပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပဲခူး၌ ကျင်းပ

**ပဲခူး ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ ရုံးခန်းဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါရုံးဖွင့်ပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ဦးကြည်ဇင် (တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ အဖွဲ့ခေါင်းဆောင်)၊ တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးကျော်မင်းဇံ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်/မြို့နယ်ဥပဒေအရာရှိများ၊ တရားလွှတ်တော်ရှေ့နေများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ အဖွဲ့ခေါင်းဆောင် ဦးကြည်ဇင်က တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့ခွဲအား အဖွဲ့ဝင်ရှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

✻ *ကျောဖုံးမှ*

အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ထိုင်းအခြေစိုက် လူမှုကူညီရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် (Foundation for Education and Development-FED) အဖွဲ့မှ အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များသို့ ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများ ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာအလုပ်သမားဝင်ရောက်မှု ဦးရေစုစုပေါင်း ၁၅၀၀ ကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

◆ *ကျောဖုံးမှ*

အဆိုပါ ယာယီပိတ်ထားရသော အခြေခံပညာကျောင်းများအနေဖြင့် မြစ်ရေကျချိန်တွင် အစားထိုးရက် ပြန်လည်တက်ရောက်ကြရမည်ဖြစ်ပြီး ဇူလိုင်လ နောက်ဆုံးပတ်ခန့်တွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းတာချက်များအရ ၂၁၄၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်မှာ ၂၁၅၀ စင်တီမီတာဖြစ်ကြောင်း သိရသည်။

❍ *ကျောဖုံးမှ*

တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် သုံးပွဲကစားအပြီးတွင် ခုနစ်မှတ်ရရှိထားပြီး စတုတ္ထပွဲအဖြစ် ဇူလိုင် ၁၅ ရက်တွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်နှစ်ပွဲဖြစ်သည့် ဩစတြေးလျနှင့် ထိုင်းအသင်းတို့ပွဲမှာ အရေးပါလျက်ရှိသည်။

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှု



**နေပြည်တော် ဇူလိုင် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက သွားရောက်ပြီး နှစ် ၇၀ ပြည့် အာဇာနည်နေ့အထိမ်းအမှတ် ဖွင့်လှစ်ပြသမည့်ပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ အဆောက်အအုံကြံ့ခိုင်မှု၊ ယာယီခင်းကျင်းပြသမည့်နေရာနှင့် ခြံစည်းရိုးကာရံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နတ်မောက်မြို့ရှိ ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းငယ်စဉ်က ပညာသင်ကြားခဲ့သည့် ဒီပင်္ကရာပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ လှူဒါန်းသည်။

ယင်းနောက် မြို့မဘုန်းတော်ကြီးကျောင်း၊ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်နှင့် ရန်အောင်မြင်ကျောင်းတိုက်တို့မှ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့သို့ ရောက်ရှိပြီး ဈေးဝင်းမင်းပရိယတ္တိစာသင်တိုက်၊ သုခသမ္ဘဒါလေသာကျောင်းတိုက်နှင့် လှိုင်နံ့သာမ္မေရိပ်သာ ကျောင်းတိုက်များသို့သွားရောက်ပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကတိသစ္စာပြုလက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၁၃**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ကို တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၈ ဦးတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အတည်ပြုခန့်ထားခြင်းခံရသော ဗိုလ်မှူးကြီး အောင်စိုးမိုးက တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်၌ ကတိသစ္စာပြုခြင်း၊ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်သည်။

ထို့နောက် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးအပေါ်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအတွက် ပထမအဆင့်အသံစစ်ဆေးခြင်းပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၃**

ငြိမ်းချမ်းရေးဂီတပွဲတော် တေးသီချင်းဆိုပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၀ မြို့၌ ကျင်းပမည်ဖြစ်ရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပဏာမအဆင့် အသံစစ်ဆေးခြင်း စတင်ပြုလုပ်ကြောင်း သိရသည်။

ပဏာမအသံစစ်ဆေးခြင်းတွင် အကဲဖြတ်ဒိုင်လူကြီးများအဖြစ် တေးရေးဆရာအောင်နိုင်စန်း၊ ဂီတအနုပညာရှင် ခင်မြတ်မွန်တို့က ဆောင်ရွက်ကြပြီး ပြည်နယ်အတွင်း ခရိုင်/မြို့နယ်အသီးသီးမှ လျှောက်လွှာတင်သွင်းထားသူ အဆိုဝါသနာရှင် ၂၀၀ ကျော်က လာရောက်သီဆိုပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပဏာမ အသံစစ်ဆေးရာတွင် ဝင်ရောက်ယှဉ်ပြိုင်သူများသည် မိမိတို့ စိတ်ကြိုက်တေးသီချင်းများကို တီးလုံးသံမပါဘဲ အသံသက်သက်ဖြင့် သီဆိုယှဉ်ပြိုင်ကြပြီး အသံစစ်ဆေးမှုအောင်မြင်သူများသည် ဇူလိုင် ၁၄ ရက်တွင် ဒုတိယအဆင့် အသံစစ်ဆေးခြင်းကို တူရိယာတစ်မျိုးမျိုးဖြင့် ကိုယ်တိုင်တီးခတ်၍လည်းကောင်း သို့မဟုတ် အခြားသူ၏ တီးခတ်မှုဖြင့်လည်းကောင်း ထပ်မံသီဆိုယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပခြင်းဖြင့် လူငယ်များအမြင်နိုးကြားလာစေ

နေပြည်တော် ဇူလိုင် ၁၃

**ငြိမ်းချမ်းရေးဂီတပွဲတော် တေးသီချင်းဆိုပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၀ မြို့၌ ကျင်းပသွားမည်ဖြစ်ရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပဏာမအဆင့် အသံစစ်ဆေးခြင်းကို စတင်ပြုလုပ်ကြောင်း သိရသည်။**

အဆိုပါ အသံစစ်ဆေးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသူများနှင့် ပြိုင်ပွဲဝင်များ၏ ရင်တွင်းခံစားချက်များကို ဖော်ပြလိုက်ပါသည်။



အယ်(လ်)ဂျုံးခေါင်



ဒေါက်တာသင်းလွင်



ဒေါ်ခိုင်မြင့်ကြည်



မခင်မာလာ

**ဒေါက်တာသင်းလွင်**
**ကချင်ပြည်နယ်**
**လူမှုရေးဝန်ကြီး**

ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပတဲ့အတွက် လူငယ်တွေရဲ့အမြင်မှာ နိုးကြားသွားတာပေါ့။ လူထုကိုယ်တိုင် ပါဝင်လာမယ်၊ ပတ်သက်လာမယ်ဆိုရင် ငြိမ်းချမ်းရေးကို စိတ်ဝင်စားလာမယ်။ ငြိမ်းချမ်းရေးကို စိတ်ဝင်စားလာမယ်ဆိုရင် ဆယ်စုနှစ်လေးငါးခုစာလောက် ဖြစ်နေတဲ့ ပြည်တွင်းပဋိပက္ခဟာ ဒီငြိမ်းချမ်းရေးဂီတပွဲတော် လုပ်လိုက်ခြင်းအားဖြင့် ဖြေရှင်းနိုင်မယ့် လမ်းကြောင်းအမှန်ပေါ် ရောက်လာမယ်လို့ ဆရာတို့က ထင်ပါတယ်။

**အယ်(လ်)ဂျုံးခေါင်**
**မြစ်ကြီးနားမြို့နန်းကွေ့ရွာ**

ငြိမ်းချမ်းရေးဂီတပွဲတော်ဆိုတာ ကျွန်တော်တို့ တစ်သက်နဲ့ တစ်ကိုယ်မှာ ဒီနှစ်မှ စလုပ်တာဖြစ်ပါတယ်။ ဒီတေးသီချင်းပြိုင်ပွဲကိုမဖြစ်ဖြစ်အောင် ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းပြည်ဟာ ငြိမ်းချမ်းရေး အင်မတန်မှ လိုအပ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ကချင်ပြည်နယ် ငြိမ်းချမ်းစေလိုပါတယ်။ ကချင်ပြည်နယ်သာမက မြန်မာနိုင်ငံတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပသလိုပဲ ငြိမ်းချမ်းရေးရရှိကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**မခင်မာလာ၊ မြစ်ကြီးနားမြို့**

ဒီငြိမ်းချမ်းရေး ဂီတပွဲတော်ကို ကြားကြားချင်း စိတ်အားထက်သန်စွာနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စစ်ကြောင့် ကျွန်မတို့ ကချင်ပြည်နယ်က ကလေးသူငယ်တွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးတာတွေ ရှိခဲ့ပါတယ်။ သူတို့တစ်တွေရဲ့ စိတ်ကိုလည်း အမြန်ဆုံးငြိမ်းချမ်းစေချင်ပါတယ်။ ကချင်ပြည်နယ် တစ်ခုလုံးလည်း ငြိမ်းချမ်းစေချင်ပါတယ်။ အဲ့ဒါကြောင့်မို့ ဒီငြိမ်းချမ်းရေးဂီတပွဲတော်ကို လာရောက် ယှဉ်ပြိုင်တာဖြစ်ပါတယ်။

**ဒေါ်ခိုင်မြင့်ကြည်၊ မိုးကောင်းမြို့**

ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပတာကို သဘောကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုပွဲကို တိုင်းရင်းသားပေါင်းစုံလာပြီးတော့ ယှဉ်ပြိုင်ကြတဲ့အတွက် နိုင်ငံတော်က ပြည်သူတွေ အကုန်လုံးကို တစ်တန်းတစ်စားတည်းထားပြီး လူတန်းစားမရွေး လူမျိုးမရွေး၊ ဘာသာမရွေးဘဲ ငြိမ်းချမ်းရေးအတွက် ရှေးရှုပြီးတော့ ကျင်းပတာကို ကျွန်မတို့က သဘောကျတယ်၊ လေးလည်းလေးစားပါတယ်။ အားလည်း အားပေးပါတယ်။

**မတင်မီကို၊ မိုးကောင်းမြို့**

Lဆိုင်းဇီရဲ့ 'မလွမ်းရဲသေးဘူး မောင်ရယ်'သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အခု နောက်တစ်ဆင့်တက်ဖို့အတွက် အရွေးခံရပါတယ်။ ငြိမ်းချမ်းရေး



မတင်မီကို

ဂီတပွဲတော်မှာ ဆုရရှိခဲ့ရင်တော့ မငြိမ်းချမ်းတဲ့နေရာတွေကို ရောက်အောင်သွားမယ်။ လှူဒါန်းတာတွေ လုပ်မယ်။ စစ်ဘေးရှောင် ဒုက္ခသည်တွေအားလုံးကိုလည်း ကူညီပံ့ပိုးမယ်လို့ ရည်မှန်းထားပါတယ်။

**သတင်းအဖွဲ့**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း (၇/၂၀၁၇)အခမ်းအနားကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) နေပြည်တော်၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ အခမ်းအနား၌ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း ၅၅ မိုင်၊ ၆၆/၁၁ကေဗွီ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ အသုတ်ဓာတ်အားခွဲရုံ၌ 66 kv Switch Bay (1) No Extension တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၁၇ ခုနှစ် မေလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင် ဓာတ်အားသုံးစွဲမှုများအား စစ်ဆေးဆောင်ရွက်မှုအခြေအနေ၊ အိမ်ထောင်စုများသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ၊ မြင်းခြံ ၂၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်း ဆောင်ရွက်မှုအခြေအနေ၊ CNG သုံး မော်တော်ယာဉ်များ၊ တရားမဝင် CNG တပ်ဆင်သုံးစွဲခြင်းများအား စစ်ဆေးဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ပမှတင်သွင်းမည့် မီးထိုးဆီ၊ ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့် Gasohol E-10 တို့၏ Specification သတ်မှတ်ချက်များထားရှိမှုအခြေအနေ၊ တရားဝင်စက်သုံးဆီအရောင်းဆိုင်များနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ပူပန်မှုလျော့ပါးစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့သည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ဦးဌေးအောင် (ဒုတိယအမြဲတမ်းအတွင်းဝန်)၊ ဦးအောင်ကျော်ဦး(ဒါရိုက်တာအဖွဲ့ဝင်-၄) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဦးလှဌေးဝင်း(အထွေထွေမန်နေဂျာ) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးမြင့်ဇော်(ညွှန်ကြားရေးမှူး) မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# အကြံကုန် ဂဠုန်ဆားချက်

**အောင်သိမ်း (ထားဝယ်)**

**ဘကြီးဖြိုး** ။ ။ လာဟေ့ ဘယ်ပျောက်နေတာလဲ။ မတွေ့ရတာကြာခဲ့ပြီပဲ။ ဒီနေ့တို့အိမ်မှာ နင့်အန်တီချက်ထားတဲ့ ထားဝယ်ရိုးရာမုန့်တီ တစ်မျိုးဖြစ်တဲ့ "စီးလတ်သုပ်" တွေရှိတယ်။ ရေနွေးလည်းအဆင်သင့်ပဲ။ သုံးဆောင်စမ်းပါဦး။

**သိမ်း** ။ ။ ဟုတ်ကဲ့ဦးလေး။ အလုပ်ကိစ္စနဲ့ ခရီးလွန်နေလို့ ဦးလေးဆီမရောက်ဖြစ်တာပါ။ အခုတော့ အိမ်ပြန်ရောက်ပါပြီ။ အန်တီ့ လက်ရာဆိုတော့ သိပ်ကောင်းမှာပေါ့။ ကျေးဇူးပဲ။ သုံးဆောင်ပါ့မယ်။

**ဖြိုး** ။ ။ ဒါနဲ့ မင်းကိုတွေ့တွေ့ချင်း ပြောရဦးမယ်။ ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက် နေပြည်တော်မှာ ကျင်းပပြုလုပ်တဲ့ နှစ် (၇၀) ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးမှာ အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကောက်မတီ နာယကဖြစ်တဲ့ ဒုတိယသမ္မတ ဦးမြင့်ဆွေက လွတ်လပ်ရေးဖခင်ကြီးနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် အာဇာနည်နေ့နှင့် ပတ်သက်သည့်အကြောင်းအရာများကို ပြည်သူလူထု တစ်ရပ်လုံး ပိုမိုသိရှိအောင် ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ အာဇာနည်နေ့နှင့်ပတ်သက်သည့် သတင်းဆောင်းပါးများ၊ တွေ့ဆုံမေးမြန်းခန်းများ၊ ဗိုလ်ချုပ်၏မိန့်ခွန်းများ အစရှိသည်များကို ဆောင်ရွက်သွားမှသာ နောင်လာနောက်သားများ အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ အသက်ပေးဆောင်ရွက်သွားသည်ကိုသိရှိပြီး လွတ်လပ်ရေးကို အသက်ပေးစောင့်ရှောက်ကြမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုသွားခဲ့တာ ကြားခဲ့ရတယ်။

**သိမ်း** ။ ။ ဟုတ်တယ်ဦးလေး။

**ဖြိုး** ။ ။ အာဇာနည်နေ့နဲ့ပတ်သက်ပြီး ဦးစောနဲ့အဖွဲ့က ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လုပ်ကြံခဲ့တယ်ဆိုတာ လူတိုင်းသိနေပြီဖြစ်ပေမယ့် ဦးစောက ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဘာကြောင့်၊ ဘယ်အကြောင်းကြောင့် လုပ်ကြံခဲ့ရသလဲဆိုတာ သိပ်မသိကြသေးဘူး။ မင်းက မီဒီယာသမားလည်းဖြစ်တယ်၊ စာအုပ်စာတမ်းတွေကို စုဆောင်းတာဝါသနာပါတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ဒါတွေကို သိချင်သိနိုင်မယ်။ သိခဲ့မယ်ဆိုရင် ပြောပြပေးပါလား။

**သိမ်း** ။ ။ ဟုတ်ကဲ့ ဦးလေး။ အာဇာနည်နေ့နီးလာပြီဆိုတော့ ဒီကိစ္စကိုသိချင်တဲ့မိတ်ဆွေတွေဆီသွားရင်း (၆၆) နှစ်မြောက် အာဇာနည်နေ့မတိုင်ခင် ထွက်ရှိခဲ့တဲ့ ဂျာနယ်ကို ပြဖို့ယူလာခဲ့တယ်။

**ဖြိုး** ။ ။ ဂျာနယ်ပါခဲ့ရင် မပြောပြနဲ့တော့။ ဂျာနယ်မှာပါတဲ့အတိုင်း မင်းဖတ်ပြပေးပေါ့ကွာ။

**သိမ်း** ။ ။ ဟုတ်ကဲ့ ဦးလေး။ ဖတ်ပြပေးပါ့မယ်။ ဒီဂျာနယ်ရဲ့ စာမျက်နှာ ၂၉ မှာ **ပေဖူးလွှာ ဦးမြလှိုင်၏ ပြောပြချက်** ဗိုလ်ချုပ်လုပ်ကြံခံရစဉ်က ဖမ်းဆီးခဲ့ရန် အမိန့်ပေးခဲ့သူလည်းဖြစ်၊ ဗိုလ်ချုပ်တို့ လုပ်ကြံခံနေရစဉ် အချိန်တွင် ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည့် အခန်း၏ အောက်ထပ်တည့်တည့်တွင်ရှိနေခဲ့သူလည်းဖြစ်သော ဒုတိယ ပုလိပ်မင်းကြီးချုပ် ဦးထွန်းလှအောင်၏သား ဦးခင်အောင်၏ "ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူသတ်သလဲ"ဟူသည့် မှတ်တမ်းစာအုပ်တွင် စိတ်ဝင်စားဖွယ်အချက်အလက်တချို့ကို တွေ့ရှိရမိသည်။ မှတ်တမ်းအရ ၁၉၉၂ မေလက အမေရိကန် ဖို့ဒ်လော့ဒ်ဒါဒေးတွင်နေထိုင်သော ဒေါက်တာကြင်ဟိုး(ခေါ်) ဒေါက်တာနိုင်ဝင်းက သူ၏ "တတိယအမြင်" ဆိုသည့် စာအုပ်ငယ်တစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်ဟု ဆိုသည်။ ထိုစာအုပ်တွင် ဗိုလ်လက်ျာ၏ညီငယ် ရဲဘော်မြလှိုင်၏ အကြောင်းတစ်ခုကို ဖော်ထုတ်ထားသည်။ ရဲဘော်မြလှိုင် (ပေဖူးလွှာဦးမြလှိုင်)သည် ဦးစောကို သေနတ်ဖြင့်ပစ်ခတ်ရာတွင် ပါဝင်သူဖြစ်ပြီး ၁၉၄၇ ပြေီတွင် ဖွဲ့စည်းထားသော ဗမာ့လက်နက်ကိုင်ပုလိပ်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့တွင် အမှုထမ်းခဲ့သူဖြစ်သည်။

၁၉၈၇ ဇူလိုင်တွင် အမေရိကားသို့ ဆေးကုရန် ရောက်လာသော ဦးမြလှိုင်နှင့် ဖလော်ရီဒါရှိ ဒေါက်တာကြင်ဟိုး၏ ကိုယ်ပိုင်ဆေးခန်းတွင် တွေ့ဆုံခဲ့ခြင်းမှ အစပြုသည်။ သူတို့နှစ်ဦး အပြန်အလှန် လည်ပတ်ရင်း ရင်းနှီးလာကာ ထွေရာလေးပါးဆွေးနွေးပြောဆိုရာမှ စိတ်လှုပ်ရှားဖွယ်ကောင်းသော ပြောပြချက်စတင်ခဲ့သည်။ ဒေါက်တာကြင်ဟိုးက "ဂဠုန်ဦးစော၏အသက်ကို ရန်ရှာခဲ့ခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ လုပ်ကြံခြင်းတို့သည် စိတ်ကိုရှုပ်ထွေးစေပြီး အဖြေမရနိုင်သည့် ကိစ္စကဲ့သို့ တွေးစရာဖြစ်ရပါသည်" ဟု ပြောဆိုရာမှ ထိုစကားဝိုင်းလေးဖြစ်ခဲ့သည်။ ထိုသို့ပြောပြသည့် နေ့ကား ၁၉၈၈ စက်တင်ဘာလ ၁၀ ရက် ဖလော်ရီဒါ၏ လှပသောညနေခင်း ဦးမြလှိုင်၏နေအိမ်၌ ဖြစ်ပါသည်။ ဦးမြလှိုင်က သူ့တွဲဖက်ရဲဘော်ကြီး "ရန်ကုန်ဘဆွေ" ဟု လူသိများသော စာရေးဆရာ၏အမည်ကို ဖော်ထုတ်လိုက်ပြီး အံ့သြရင်ဖိုစရာဇာတ်လမ်းကို စတင်ထုတ်ဖော်ပြောဆိုခဲ့လေသည်။ ဦးစောကို ရန်ရှာရန် ဦးမြလှိုင်နှင့် ရန်ကုန်ဘဆွေတို့နှစ်ဦးမှာ နှစ်လခန့်သင်တန်းပေးလေ့ကျင့်ခဲ့ရကြောင်း၊ သူတို့၏ဦးတည်ချက်မှာ ဦးစောကိုသတ်သည့် သွေးထိုးလှုံ့ဆော်သူအဖြစ် ဗိုလ်ချုပ်အောင်ဆန်းကို ဖန်တီးရန်ဖြစ်ကြောင်း ဦးမြလှိုင်က အတိအလင်းဖွင့်ဟခဲ့သည်။ ဦးစောရဲ့လှုပ်ရှားမှုကို ကျွန်တော်တို့ အသေးစိတ်လေ့လာရတယ်။ သူရုံးကိုသွားဖို့ အိမ်ကဘယ်အချိန်ထွက်တယ်။ ဘယ်အချိန်ပြန်ရောက်တယ် စသဖြင့်ပေါ့။ ဦးစောအသက်ကို ရန်ရှာဖို့လုပ်တဲ့နေ့က သူက အနက်ရောင်ကားကြီးထဲမှာ ဒရိုင်ဘာဘေးက ထိုင်လိုက်လာတယ်။ ကျွန်တော်တို့ သူ့နောက်က ကပ်လိုက်သွားတယ်။ နေရာကောင်းလည်းရောက်ရော ကျွန်တော်က သူ့ကားကိုကျော်တက်လိုက်တယ်။ အဲ့ဒီအချိန်မှာ ရန်ကုန်ဘဆွေက သေနတ်ခလုတ်ကို ဆွဲဖြုတ်လိုက်တာပဲ။ "ပထမ ပစ်ချက်က ဦးစောနဖူးကို ရှပ်မှန်သွားတယ်။ ဒါအရေးအကြီးဆုံးပစ်ချက်ပဲ။ ရန်ကုန်ဘဆွေက နောက်တစ်ချက် ထပ်ပစ်တယ်။ အဲ့ဒါက ဦးစောကိုမထိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးစောက သူ့ထိုင်ခုံအောက် လျှောချလိုက်လို့ပဲ။ တတိယအချက်ကတော့ မိုးပေါ်ထောင်ပစ်လိုက်တာပါ။ ရန်ကုန်ဘဆွေက 'ဟေး၊ ကိုမြလှိုင် မောင်းပြေးပေတော့' လို့ အော်ပြောလိုက်တယ်။ ကျွန်တော် ဘယ်လောက်မြန်မြန်မောင်းလိုက်လဲမသိပါဘူး။ အိမ်ကိုဘယ်လိုပြန်ရောက်လာမှန်းတောင်မသိတော့ဘူး။ ရန်ကုန်ဘဆွေနဲ့ ကျွန်တော်တို့ လုပ်ကြံတာကို ဦးစော လုံးဝမသိတော့ဘူး စသဖြင့် ဖော်ပြပါရှိခဲ့တယ် ဦးလေး။



ပြည်သူတစ်ရပ်လုံး ဝမ်းနည်းပူဆွေးရသည့် ဗိုလ်ချုပ်အောင်ဆန်း ဈာပနအခမ်းအနားတွင် လိုက်ပါပို့ဆောင်ကြသည့် ရဟန်းရှင်လူတို့အားတွေ့ရသည့် မှတ်တမ်းဓာတ်ပုံ

**လွတ်လပ်ရေးဖခင်ကြီးနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် အာဇာနည်နေ့နှင့် ပတ်သက်သည့်အကြောင်းအရာများကို ပြည်သူလူထု တစ်ရပ်လုံး ပိုမိုသိရှိအောင် ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ အာဇာနည်နေ့နှင့် ပတ်သက်သည့် သတင်းဆောင်းပါးများ၊ တွေ့ဆုံမေးမြန်းခန်းများ၊ ဗိုလ်ချုပ်၏ မိန့်ခွန်းများ အစရှိသည်များကို ဆောင်ရွက်သွားမှသာ နောင်လာနောက်သားများ အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ အသက်ပေးဆောင်ရွက်သွားသည်ကိုသိရှိပြီး လွတ်လပ်ရေးကို အသက်ပေးစောင့်ရှောက်ကြမည်ဖြစ်**

**ဖြိုး** ။ ။ နောက်တစ်ဦးဖြစ်တဲ့ ရန်ကုန်ဘဆွေရဲ့ ဒီကိစ္စနဲ့ပတ်သက်တဲ့ ပြောဆိုမှုတွေရှိခဲ့ရင် ဆက်ဖတ်ပြပေးပါလား။

**သိမ်း** ။ ။ ရှိခဲ့တယ်ဦးလေး။ ဆက်ဖတ်ပြပါ့မယ်။ ဒီဂျာနယ်ထဲမှာပဲ **မြဝတီရဲခေါင်ပြောကြားချက်** ဂဠုန်ဦးစောအား လုပ်ကြံမှုတွင် အဓိကနေရာမှပါဝင်ခဲ့သူနောက်တစ်ဦးဖြစ်သည့် ရန်ကုန်ဘဆွေ၏ ပြောကြားချက်ကို မှတ်တမ်းတင်ခဲ့သူမှာ 'မြဝတီရဲခေါင်' ဖြစ်သည်။ အချိန်က ၁၉၇၂ ။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်၊ စာရေးဆရာ ရန်ကုန်ဘဆွေနှင့် မြောင်းမြဘဆွေတို့သည် ထိုင်းနိုင်ငံအတွင်းပြည်ပြေးအဖြစ် ဦးနုတို့ လျှို့ဝှက်ဖွင့်ထားသည့် တောတွင်းစခန်း အသံလွှင့်ဌာနတစ်ခုသို့ သုံးရက်တာလာရောက်နေထိုင်သွားကြစဉ် ရန်ကုန်ဘဆွေမှ မြဝတီရဲခေါင်သို့ 'ယုံချင်ယုံ မယုံချင်နေ' ဆိုသည့် အတွင်းရေးသတင်းလေးတစ်ကွက် ပြောပြခဲ့ဖူးသည်ဟု ဆိုသည်။ "ကိုရဲခေါင်ရယ်။ လူတွေရဲ့ကံဆိုတာ မှန်ပဲမှန်သလားတော့ မပြောတတ်ပါဘူး။ ခင်ဗျားလည်း ကျွန်တော့်လက်ကို အသိသားပဲ။ ကျွန်တော်ပစ်လိုက်တာကတော့ သူ့(ဦးစော) နောက်စေ့တည့်တည့်ကို ပစ်ထည့်လိုက်တာပဲဗျာ။ ဒါပေမယ့် သူက ကားမှန်ထဲမှာ ကျွန်တော့်ကိုမြင်လို့ လှည့်အကြည့်လိုက်မှာ ကျွန်တော်ပစ်လိုက်တဲ့ကျည်ဟာ သူ့နောက်စေ့ကို မမှန်ဘဲ သူ့နဖူးကို ရှပ်မှန်သွားတာပဲ" ဟု ကျိတ်မနိုင်ခဲမရဖြင့် ပြောပြခဲ့သည်ဟု ဆိုထားသည် စသဖြင့် ပါရှိခဲ့တယ်။

**ဖြိုး** ။ ။ နောက် ဘာတွေရှိသေးလဲ။

**သိမ်း** ။ ။ ရှိသေးတယ် ဦးလေး။ ဒီဂျာနယ်ထဲမှာပဲ ဦးစောသူ့ကို လုပ်ကြံတဲ့သူဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြည်သူ့ရဲဘော်အဖွဲ့ထဲမှ သေစေလိုတဲ့စိတ်နဲ့ ပစ်ခတ်ခဲ့တယ်လို့ တထစ်ချယုံကြည်ခဲ့တယ်။ အလားတူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ ဗိုလ်ချုပ်အိမ်မှာ ကျင်းပပြုလုပ်တဲ့ ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးမှာ ဦးဘဆွေ (ဆိုရှယ်လစ်ပါတီ)က လာမည့်ဇူလိုင် ၁၉ ရက်နေ့ အခမ်းအနားမှာ ပြုလုပ်မယ့်အစည်းအဝေးကို လုံခြုံရေးအရပြောင်းရွှေ့ပေးဖို့ တင်ပြခဲ့ရာမှာ ဗိုလ်ချုပ်က " ခင်ဗျားတို့ ဒီလူတွေကို ဒီလောက်ပဲအထင်ကြီးနေတာလား။ ဒီလောက်အတင့်ရဲ ပြောင်ကျတဲ့အလုပ်မျိုးကို မလုပ်ရဲပါဘူး။ခင်ဗျားအကြံပေးသလိုလုပ်ရင် သူတို့ကိုကြောက်ရာကျမှာပေါ့" စသဖြင့် ပြောဆိုခဲ့ကြောင်း ပါရှိခဲ့တယ် ဦးလေး။

**ဖြိုး** ။ ။ ယခုလို ပြည်သူတွေမသိသေးတဲ့ အချက်ကို သိအောင် ကူညီဖတ်ပြဆောင်ရွက်ပေးခဲ့တဲ့ မင်းကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ လိုရင်းပြောရရင် ဦးစောဟာ မျိုးချစ်ပါတီခေါင်းဆောင်၊ လက်ယာနိုင်ငံရေးသမား၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဓိကပြိုင်ဘက် လူသတ်ခေါင်းဆောင်လို့ဆိုရမယ်။

**သိမ်း** ။ ။ ဆက်ပြောပါ ဦးလေး။

**ဖြိုး** ။ ။ တို့နိုင်ငံ လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာဖို့အတွက် ဗိုလ်ချုပ်ခေါင်းဆောင်တဲ့ ဖဆပလအဖွဲ့ကြီးက စည်းရုံးလှုပ်ရှားနေတဲ့ အချိန်မှာ ပြည်သူတွေ ဗိုလ်ချုပ်ကို ဝိုင်းထောက်ခံခဲ့ကြတယ်။ ဦးစောအနေနဲ့ ဗိုလ်ချုပ်မရှိရင် သူ့ပါတီဘက်ပါလာလိမ့်မယ်လို့ ယူဆပြီး ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို **အကြံကုန် ဂဠုန်ဆားချက်** ဆိုတဲ့အတိုင်း အဆင်ခြင်မဲ့စွာ လုပ်ကြံခဲ့တယ်။

**သိမ်း** ။ ။ ပြောပါဦးလေး။

**ဖြိုး** ။ ။ သူ(ဦးစော) ကြိုးမိန့်ပေးခံရတဲ့အထိ သေနတ်နဲ့ လုပ်ကြံခဲ့တာ မင်းဖတ်ပြခဲ့တဲ့ လူတွေရဲ့ လက်ချက်မှန်းမသိခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ယခုအခါ မရှိတော့ဘူး။ သင်္ခါရသဘောတရားအရ ကွယ်လွန်ခဲ့ကြပြီးဖြစ်တယ်။ ရှေ့ဆက် တို့လူကြီးတွေအနေနဲ့ လက်ရှိအချိန်မှာ ဦးစောလိုလူမျိုးတွေကို သတိထားဖို့ ပြောကြားရင်း ကဲ - တို့ရဲ့ဆွေးနွေးပွဲကို ဒီမှာပဲ ရပ်နားကြစို့ကွာ။

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၇-၂၀၁၇(သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၉း၁၀ - တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် ထုတ်ပေးမှုအစီအစဉ်

၉း၃၀ - အလုပ်သမားရေးရာအစီအစဉ်

ညပိုင်း

၁၆း၃၅ - **အာဇာနေယျ အာဇာနည်** (ဦးသန်းလွင်နှင့် ကလေးများ)

၁၈း၂၀ - **နတ်မောက်မြို့သားအာဇာနည်**

၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ ဘဝဆိုသည်မှာ (အပိုင်း-၈၄)

၁၉း၄၅ - ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ် စစ်ဘေးရှောင်မိသားစုများဆီသို့

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ

## မြန်မာ ယူ-၂၂ ဆီးဂိမ်းအိမ်ရှင် မလေးရှားကို ခြေစမ်းပွဲတွင်ရှုံးနိမ့်

**ကွာလာလမ်ပူ ဇူလိုင် ၁၃ -** ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းသည် ယနေ့ညပိုင်းက မလေးရှားနိုင်ငံရှိ ရှာအလမ်ကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အမာခံကစားသမားများနှင့် အရန်ကစားသမားများကို တွဲဖက်အသုံးပြုခဲ့ပြီး တိုက်စစ်တွင် အဓိက ကစားသမား အောင်သူကို ပွဲအစတွင်မသုံးဘဲ ရွှေကိုနှင့် အောင်ကောင်းမာန်အတွဲကို အသုံးပြုခဲ့သည်။ မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ဘုန်းသစ္စာမင်း(ဂိုး)၊ နန်းဝေမင်း၊ သောင်လျပ်ထန်၊ သီဟထက်အောင်၊ နန္ဒကျော်၊ ရဲရင့်ထွန်း၊ စည်သူအောင်၊ ရန်နိုင်ဦး၊ ရန်ပိုင်စိုး၊ ရွှေကို၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ၁၂ မိနစ်တွင် ရွှေကို အပိုင်အခွင့်အရေး အသုံးမချနိုင်ခဲ့သလို ၁၃ မိနစ်တွင် ရဲရင့်ထွန်း၏ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူမှုမှာလည်း တိုင်ထိထွက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ၂၅ မိနစ်တွင် မလေးရှားအသင်း ပထမဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် သာနာဘာကာက ခေါင်းတိုက်သွင်းယူခဲ့သည်။ ၈၆ မိနစ်တွင် မြန်မာခံစစ်ပိုင်း အမှားကို ထပ်မံအခွင့်ကောင်းယူကာ ဒန်နီရယ်က မလေးရှားအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယခုခြေစမ်းပွဲအပြီးတွင် ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့၌ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# စာပေဟောပြောပွဲများကျင်းပခြင်းနှင့် ဟောပြောဆွေးနွေးမှုများသည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် ထိခိုက်နစ်နာသူက ဥပဒေနှင့်အညီဆောင်ရွက်နိုင်




နေပြည်တော် ဇူလိုင် ၁၃

**ပါတီအချို့၏ လက်ကိုင်တုတ်ယန္တရားမဖြစ်စေရေးအတွက် ရည်ရွယ်ပြီး စာပေဟောပြောပွဲ ဥပဒေရေးဆွဲထုတ်ပြန်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအချိန်အထိဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောသည်။**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာပေဟောပြောပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ မရှိမဖြစ်လိုအပ်ကြောင်း၊ စာပေဟောပြောပွဲများ ကျင်းပခြင်းနှင့် ဟောပြောဆွေးနွေးမှုများသည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် ငြိစွန်းသည့်အလျောက် ထိခိုက်နစ်နာသူက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **စာပေဟောပြောပွဲများနှင့်ပတ်သက်၍ စည်းကမ်းတကျရှိစေရေးနှင့် ပါတီတချို့၏ လက်ကိုင်တုတ်ယန္တရား မဖြစ်စေရေးအတွက် ရည်ရွယ်ချက်ထားရှိပြီး ဥပဒေတစ်ရပ်ထုတ်ပြန်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းအား ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကြပ်မတ်ဆောင်ရွက်လျက်ရှိ**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စာပေဟောပြောပွဲများ ကျင်းပခွင့်နှင့် ပတ်သက်ပြီး လက်ရှိလိုက်နာဆောင်ရွက်လျက်ရှိသည့် တည်ဆဲဥပဒေများမှာ ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေဖြစ်ပါကြောင်း၊ စာပေဟောပြောပွဲများ၊ တရားပွဲများ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကစပြီး သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးအထိ အဆင့်ဆင့်ထောက်ခံချက်များဖြင့် တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ခွင့်ပြုဆောင်ရွက်ပေးရာတွင် နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေပြီး နိုင်ငံတော်မူဝါဒနှင့်ဆန့်ကျင်သည့် ဟောပြောမှုများ မပါရှိစေရန် သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်စေရန်နှင့် စာပေဟောပြောပွဲလုံခြုံရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က လိုအပ်သလို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ခရိုင်အဆင့်ထိ တင်ပြရန်မလိုဘဲ မြို့နယ်အဆင့်အထိသာတင်ပြရန် ဖြေလျှော့မှုပြုလုပ်ပေးထားသည်ကို တွေ့ရှိရပါကြောင်း၊ ပြဋ္ဌာန်းချက်အတိုင်းသာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**မြန်မာစာပေဖွံ့ဖြိုးရေး**

မဟာအောင်မြေမဲဆန္ဒနယ်မှ **ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း၏ အမျိုးသားစာပေဆုချီးမြှင့်ရာတွင် လေးလုံးစပ်၊ အစဉ်အလာကဗျာများနည်းတူ ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍လည်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်များ ထွက်ရှိရေးအတွက် ၁၉၄၈ ခုနှစ်မှ စတင်ကာ စာပေဆုများကိုချီးမြှင့်လျက်ရှိပါကြောင်း၊ အမျိုးသားစာပေဆုများချီးမြှင့်ရာတွင် စာပေအမျိုးအစားဘာသာရပ် ၁၆ မျိုးကို ချီးမြှင့်လျက်ရှိပြီး ကဗျာပေါင်းချုပ်ဘာသာရပ်ပါဝင်ပါကြောင်း။

ယခုအခါ အမျိုးသားစာပေဆုရွေးချယ်ရေးကို ပိုမိုလွတ်လပ်ပွင့်လင်းမြင်သာမှုရှိစေရေး၊ ရသင့်ရထိုက်သောသူဆုရရှိစေရေးနှင့် ဆုနှင့်သင့်လျော်သော အဆင့်မီစာအုပ်များကို ဆုရွေးချယ်ချီးမြှင့်ပေးနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ မပါဝင်စေဘဲ မြန်မာ့စာနယ်ဇင်းလောကတွင် ဩဇာတိက္ကမကြီးမားပြီး အများပြည်သူအသိအမှတ်ပြုခံရသည့် စာပေပညာရှင်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်း၍ စိစစ်ရွေးချယ်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် အဖွဲ့ဝင် ၇၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ကဗျာပေါင်းချုပ်ဆုဘာသာရပ်၌ အစဉ်အလာကဗျာစာအုပ်ဖြစ်စေ၊ ခေတ်ပေါ်ကဗျာစာအုပ်ဖြစ်စေ ကဗျာပေါင်းချုပ်အဖွဲ့ငယ်က ဆုချီးမြှင့်ရန် ထိုက်တန်သည်ဟု စိစစ်ရွေးချယ်သည့် စာအုပ်တစ်အုပ်ကို ယခင်နှစ်များနည်းတူ ဆုချီးမြှင့်ရန် အတည်ပြုပြီးဖြစ်ပါကြောင်း။

**ရွေးချယ်ချီးမြှင့်**

ယခုနှစ် အမျိုးသားစာပေဆု ချီးမြှင့်ရာတွင် ကဗျာပေါင်းချုပ်ဘာသာရပ်၌ ခေတ်ပေါ်ကဗျာ စာပေဆုဟူ၍ သီးခြားဆုချီးမြှင့်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ အစဉ်အလာကဗျာဖြစ်စေ၊ ခေတ်ပေါ်ကဗျာဖြစ်စေ ထည့်သွင်းစဉ်းစားပြီး ကဗျာပေါင်းချုပ်ဆုအဖြစ် ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုတို့၏ တရားမဝင်သစ်များ ဖမ်းဆီးအရေးယူဆောင်ရွက်နေမှုအား ပွင့်လင်းမြင်သာစွာချပြရေး၊ မင်းဘူးမြို့တွင် ကမ်းပတ်တာနှင့် ရေထိန်းတံခါးများတည်ဆောက်ပေးရေး၊ သမဝါယမချေးငွေများကို ပွင့်လင်းမြင်သာစွာ ချေးပေးရေး၊ ခပေါင်းရေလွှတ်တမံကြောင့် ဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် နစ်နာမှုဖြေလျှော့ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုးက **မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

*စာမျက်နှာ ၈ ကော်လံ ၄ သို့*

# ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်း

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်ထားသည့် ဆာဆီချောက်နယ်စပ်ကုန်သွယ်ရေး လမ်းမကြီးပေါ်တွင် ရှိသော ပေ ၄၀၀ ရှည်လျားသည့် ဘွိုင်နုမြစ်ကူးတံတားအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ဟားခါးမှ နယ်စပ်ဘွိုင်နုမြစ်အထိ ကတ္တရာခင်းရန် ကျန်ရှိနေသော ၄၆ မိုင်အား နိုင်ငံတော်အစိုးရမှလည်းကောင်း၊ နိုင်ငံတကာ အထောက်အပံ့ဖြင့်သော်လည်းကောင်း လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းသည် ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ဟားခါးမြို့မှ စ၍ ထန်တလန်မြို့ကိုဖြတ်ကာ မြန်မာ-အိန္ဒိယနယ်စပ် ဆာဆီချောက်အရပ် (ဘွေနူးမြစ်)တွင် ဆုံးပြီး ၆၅ မိုင် ၂ ဖာလုံ ရှည်လျားပါကြောင်း။

**ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ ၆၁၁ ဒသမ ၈၇ သန်း နှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၁ မိုင် ၅ ဖာလုံ၊ ၁၄ ပေ



ဦးကျော်မျိုး
ဒုတိယဝန်ကြီး

အကျယ် အမာခံလမ်းခင်းခြင်း ၄ မိုင် ၇ ဖာလုံ၊ အန္တရာယ်ရှိသော မျက်ကွယ်ကွေ့တာချဲ့၍ လမ်းဖြောင့်ခြင်း ၄ မိုင် ၄ ဖာလုံ၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၅ စင်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်း ၉၈ လုံး၊ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်း ၁၇ ခု၊ ကျောက်စီ၊ အုတ်စီရေမြောင်း တည်ဆောက်ခြင်း ၁၀၁၈၇ ပေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသော ၄၆ မိုင်လမ်းအပိုင်းကို နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်မည်မဟုတ်ဘဲ ပြည်နယ်ရန်ပုံငွေဖြင့်သာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ရာသီမရွေးသွားလာနိုင်သော အမာခံလမ်းအဖြစ်ရောက်ရှိအောင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ် ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်ထားသည့် ဆာဆီချောက် နယ်စပ်ကုန်သွယ်ရေး လမ်းမပေါ်တွင် ရှိသော ဘွိုင်နု(ဘွေနူး) မြစ်ကူးတံတားအား တည်ဆောက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအစိုး၏ အကူအညီဖြင့် အကောင်အထည်ဖော်နိုင်ရေးကို အိန္ဒိယသံရုံးနှင့် ညှိနှိုင်းထားရှိပြီး ယခုအခါ အိန္ဒိယဘက်မှ အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ ပူးပေါင်း၍ လမ်းအူကြောင်းနှင့် တံတားကမ်းကပ်ခုံ တည်နေရာများ ရှာဖွေခြင်း၊ အချက်အလက်များ စုဆောင်းခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက ဖတ်ကြားရှင်းလင်းရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။



ဦးလားလ်မင်းထန်
ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)

**အတည်ပြုဆောင်ရွက်နိုင်ရန်**

အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က ဖတ်ကြားရှင်းလင်းရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နှင့် ပြင်ဆင်အစားထိုးသည့် ပုဒ်မများ အစီအစဉ်ကျနမှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃ ကို အပိုဒ် ၄ ဟုလည်းကောင်း၊ အပိုဒ် ၄ ကို အပိုဒ် ၃ဟုလည်းကောင်း အသီးသီး ပြင်ဆင်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဖတ်ကြားရှင်းလင်း**

ထို့ပြင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတို့ကို ဥပဒေကြမ်းကော်မတီဝင်များက ဖတ်ကြားရှင်းလင်းကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးလားလ်မင်းထန် က ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**



# သူ့လို လူ

❖ အပြောနှင့်ညီ၊ ကတိတည်၍
တည်ကြည်ရိုးသား၊ မြတ်စိတ်ထားနှင့်
မထား ကိုယ်ကျိုး၊ မမျှော်ကိုးသည့်
ဘမျိုး ဘိုးတူ၊ အာဂလူတည့်
ကိုယ့်လူမျိုး ကိုယ့်ဘာသာ
ကိုယ့်အချုပ်အခြာတွက်
ကျရာတာဝန်၊ ထမ်းကျေပွန်အောင်
အားသွန်ကြိုးပမ်းလုပ်ဆောင်သူ...။

❖ စစ်မှန်လေးနက်၊ ခံယူချက်ဖြင့်
ပြည့်တွက်ခွန်အား၊ ပြည့်အင်အားဟု
သွေးသားချင်းချင်း၊ စည်းလုံးခြင်းကို
ဖန်ဆင်းပုံဖော်ပေးခဲ့သူ ...။

❖ သူ့ကျွန်အဖြစ်၊ နွံနစ်မခံ
ဇာတိမာန်ဖြင့်
ပြန်လည်ဆောင်မြန်း၊ လွတ်လပ်ပန်းကို
တင့်ဆန်းဝေဆာစေခဲ့သူ...။

❖ ငယ်ပင်ငယ်လည်း၊ ရင် အသည်း၌
ရဲမာန်ဟုန်ပြင်း၊ တုနှိုင်းကင်းစွာ
အပ်နှင်းအသက်၊ တိုင်းပြည်တွက်ဟု
ငဲ့ကွက်မရှိ၊ နောက်မတွန့်ဘဲ
စွန့်လွှတ်စွန့်စား ခဲ့သောသူ...။

❖ သြော်.. သူ့လိုလူစား၊ ရှာမှရှားတည့်
သားကောင်း တစ်ယောက်၊
ကျောက်ကောင်း တစ်စေ့
တော်ပေ့ လူမော်၊ ကျော်ပေ့စွမ်းရည်
အလီလီသည်
ဝင့်ထည် ရွှန်းလက်၊ သမိုင်းထက်ဝယ်
ဆက်လက်ရှင်သန်နေသည်တကား။။

မျိုးမြတ်မြတ်မြင့်မောင်

(မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကိုဂုဏ်ပြုလျက်)

*ပြည်သူ့လွှတ်တော်မှ*

အဆိုတင်သွင်းရာတွင် ဒေါက်တာဦးလှမိုးက ပညာရေးစနစ်ကောင်းတစ်ရပ် ပေါ်ထွက်လာစေရန်အတွက် မြန်မာ့ပညာရေးကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည့်အခါ မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူများကို ပညာရေးနှင့်ပတ်သက်သည့် သင်ခန်းစာများ၊ မှန်ကန်သည့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသများပါမကျန် ပညာရေးကဏ္ဍ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးနှင့်ပတ်သက်သည့် မှန်ကန်သောသင်ကြားမှု၊ သင်ယူမှုစွမ်းရည်များ ရရှိစေရန် မှန်ကန်သော သတင်းအချက်များရရှိရန် လိုအပ်ပါကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ထို့ပြင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က **နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လည်းကောင်း၊ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦးက **ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင် ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနှောင်အခါမဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကိုလည်းကောင်း တင်သွင်းကြရာ ယင်းအဆိုများကိုလည်း လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီနှင့် ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ အစီရင်ခံစာများအား ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "တူးမြောင်းဥပဒေကြမ်း" လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက် (သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင်ကျင်းပပြုလုပ်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့်လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းယားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် (သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူ ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## နိုင်ငံ့စီးပွားရေး တစ်နှစ်တာအတွင်း တိုးတက်စေရန် နိုင်ငံတော်သို့ စီးပွားရေးလုပ်ငန်းရှင်များ အကြံပြုမည်

**ရန်ကုန် ဇူလိုင် ၁၃**

လာမည့် ၁၂ လအတွင်း မြန်မာ့စီးပွားရေးတိုးတက်မှု ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရအား အကြံပြုချက်များ စုစည်းပေးပို့နိုင်ရေး ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ ဇူလိုင် ၁၂ ရက်က ကုန်သည်စက်မှုအသင်းချုပ်ရုံးတွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြန်မာ့စီးပွားရေးတိုးတက်မှု အရှိန်နှေးနေရာမှ အမြန်ဆုံးပြန်လည်ဦးမော့လာစေရေးအတွက် အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်နိုင်မည်များ (Quick Win) ကို စီးပွားရေးလုပ်ငန်းကဏ္ဍအသီးသီး၌ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကိုယ်စားပြုညီနောင်အသင်းများ၊ ကိုယ်စားလှယ်များက အချိန်နှစ်ပတ်အတွင်း အမြန်ဆုံး ရှာဖွေပြုစုနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညီနောင်အသင်းများအနေဖြင့် ဇူလိုင် ၂၇ ရက် နောက်ဆုံးထားကာ အကြံပြုချက်များကို အသင်းချုပ်သို့ ပေးပို့ရမည်ဖြစ်ပြီး အသင်းချုပ်မှ စနစ်တကျစုစည်းကာ နိုင်ငံတော်အစိုးရထံသို့ သြဂုတ်လပထမပတ်အတွင်း တင်ပြမည်ကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရှိရသည်။

အကြံပြုတင်ပြကြမည့် အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများတွင် အဓိကအားဖြင့် အကောက်ခွန်နှင့် အခွန်အကောက်ဆိုင်ရာ ပြင်ဆင်သင့်သည်များ၊ စီးပွားရေးလုပ်ဆောင်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲ၊ အဟန့်အတားများနှင့် ဌာနပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လျှော့နည်းစေရေးနှင့် လုပ်ငန်းလျင်မြန်စေရေး အကြံပြုချက်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးတိုးတက်မှုအရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်တွင် တစ်ဆက်တည်းအနေဖြင့် ဇူလိုင် ၂၉ ရက်တွင် SME ဖိုရမ်အား ကျင်းပကာ မြန်မာ့အသေးစားနှင့် အလတ်စားလုပ်ငန်းများအား အချိန်တိုအတွင်း အထိရောက်ဆုံးအားပေးနိုင်ရေးအတွက် စုပေါင်းအဖြေရှာကြမည်ဖြစ်ပါသည်။ ဆက်တိုက်ဆိုသလို ပို့ကုန်မြှင့်တင်ရေးအတွက် သြဂုတ်လအတွင်းတွင် Export Promotion Forum အား ကျင်းပဆွေးနွေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ သတင်းထုတ်ပြန်ထားသည်။

**သွန်းဝဿန်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**(မိုး/ဇလ)**

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ၀၈၀၀ အချိန်၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ၁၈၀၀ အချိန်မှ ဇူလိုင်လ ၁၉ ရက်နေ့ ၁၈၀၀ အချိန်ထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂၀၀ အချိန်မှ ၁၇၀၀ အချိန်ထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

### အသိပေးကြေညာချက်

**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-**

- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး



၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# ပြည်သူ့ဝန်ဆောင်မှုစွမ်းရည် တိုးမြှင့်ရေး

**ဆင်ဖြူကျွန်း သန်းထွန်း**

*(ယမန်နေ့မှ အဆက်)*

အထက်ဖော်ပြပါ အချက်အလက်များမှာ နိုင်ငံဝန်ထမ်းများ၏ နဂိုရှိပြီးသား- intrinsic motivation များ ပိုမိုအားကောင်းရန်အတွက် ဝန်ဆောင်မှုစွမ်းရည် တိုးတက်လာစေရေးကို၊ စေ့ဆော်ပေးသော၊ တွန်းအားပေးသော အကြောင်းအချက်အချို့ဖြစ်ကြပါသည်။ ထိုထက်မကသော အကြောင်းခြင်းရာများ ရှိနေဦးမည် ဖြစ်ပါသည်။ ယင်းအကြောင်းအရာများကို နိုင်ငံဝန်ထမ်းတိုင်း အတူတကွ တစ်ချိန်တည်း ရယူခံစားနိုင်ကြစေကာမူ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံဝန်ထမ်းတစ်ဦးချင်းစီက၊ ရယူဖြစ်ထွန်းလာသော intrinsic motivation အတိုင်းအတာများသည် မတူညီခြားနားနေကြမည် ဖြစ်ပါသည်။ အချို့မှာ စေ့ဆော်တွန်းအားတစ်ခုကို ရရုံမျှသာ လိုအပ်သော်လည်း၊ အချို့မှာ စေ့ဆော်တွန်းအား အများအပြားကို အမြဲလိုအပ်နေမည်ဖြစ်ပါသည်။

နိုင်ငံဝန်ထမ်းများ၏ extrinsic motivation အားကောင်းစေရန် ဆောင်ရွက်သော နည်းလမ်းများတွင် မက်လုံး incentive အကြောင်းကို အပြောများကြပါသည်။ မက်လုံးတွင် ငွေကြေးမက်လုံး၊ ငွေကြေးမဟုတ်သော မက်လုံးများဟု နှစ်မျိုးပိုင်းခြားကြပါသည်။ လစာတိုးပေးခြင်း၊ ဆုကြေးငွေပေးခြင်းသည် ငွေကြေးမက်လုံးဖြစ်ပါသည်။ အခြားမက်လုံးများတွင် ရာထူးတိုးပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုကို အသိအမှတ်ပြုချီးမြှင့်ခြင်း၊ ပညာသင်စေလွှတ်ခြင်း၊ သင်တန်းစေလွှတ်ခြင်း၊ အားလပ်ရက်ခွင့်ပြုခြင်း၊ နေအိမ်၊ မော်တော်ကားစသော ထောက်ပံ့ပစ္စည်းများ သုံးစွဲခွင့်ပြုခြင်းစသော နည်းလမ်းများ ပါဝင်ပါသည်။

သာမန်အလွယ်အားဖြင့် နိုင်ငံဝန်ထမ်းများအား လုပ်ခ၊ လစာတိုးပေးလျှင် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဟု မှတ်ထင်ရသော်လည်း၊ သုတေသနဖော်ထုတ်ချက်များအရ နိုင်ငံဝန်ထမ်းများအား လစာလုပ်ခ တိုးပေးခြင်းထက်၊ ၎င်းတို့၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်းတို့သည် ပိုမိုထိရောက်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်း ဝန်ထမ်းတို့အား လစာ၊ ဆုကြေးငွေပေးခြင်းဖြင့် စွမ်းဆောင်မှုများ တိုးတက်လာစေနိုင်သော်လည်း၊ နိုင်ငံဝန်ထမ်းများအနေဖြင့် လစာဆုကြေးငွေထက် စွမ်းဆောင်မှုကို အသိအမှတ်ပြု အလေးအမြတ်ထားခြင်းကို ပိုမိုတန်ဖိုးထားကြကြောင်း သုတေသနဖော်ထုတ်ချက်များအရ သိရပါသည်။

လခတိုးပေးခြင်း၊ ရာထူးတိုးပေးခြင်း ၊ နေရာဌာနပြောင်းရွှေ့ပေးခြင်း၊ ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးခြင်းတို့ကို သေချာစွာ စိစစ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မညီမမျှ လစာတိုးပေးခြင်း၊ မဖြစ်သင့်သော ရာထူးတိုးပေးခြင်း၊ နေရာဌာနပြောင်းရွှေ့ပေးခြင်း ၊ လွဲမှားစွာ ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးခြင်းများသည် နဂိုရှိပြီးသား အလုပ်လုပ်ချင်သော စိတ်ထား၊ အားကြိုးမာန်တက် ကြိုးစားလိုသော စိတ်ဓာတ်များကို ပျက်ပြားစေတတ်ပါသည်။ ဆုမပေးထိုက်သူကို ဆုပေးမိခြင်း၊ ရာထူးမတိုးထိုက်သူကို ရာထူးတိုးပေးမိခြင်းတို့သည် ကြီးစွာသော အကျိုးဆက်များ ဖြစ်တတ်ပါသည်။

**မြန်မာနိုင်ငံဝန်ထမ်းလောက**

မြန်မာနိုင်ငံတွင် ပြည်သူ့ဝန်ထမ်း/နိုင်ငံဝန်ထမ်းတို့အား လေးစားတန်ဖိုးထားသော ယဉ်ကျေးမှုများ ထွန်းကားခဲ့ပါသည်။ နိုင်ငံဝန်ထမ်းဖြစ်ရသည်ကို ဂုဏ်ယူခဲ့ကြပါသည်။ မကြာသေးမီကာလအထိ ပြင်ပပုဂ္ဂလိက လုပ်ငန်းတစ်ခုတွင် လုပ်ခလစာ တစ်လ ငွေကျပ်ငါးသိန်းခန့်ရနေသော ဘွဲ့ရပြီးစဆရာဝန်တစ်ဦးသည်၊ လစာငွေကျပ် နှစ်သိန်းခွဲရသော ကျန်းမာရေးဝန်ကြီးဌာနတွင် လက်ထောက် ဆရာဝန်အလုပ်ကို ပြောင်းရွှေ့လုပ်ကိုင်လာသည်ကို တွေ့ရပါသည်။ အဘယ်ကြောင့် ပြောင်းရွှေ့လာသည်ကို မေးမြန်းရာတွင် ပညာဆက်လက်သင်ကြားလိုခြင်း အကြောင်းရင်းတစ်ခုအပြင်၊ အစိုးရဆရာဝန်လုပ်ရသည်မှာ ပုဂ္ဂလိကဆရာဝန်အလုပ်ထက် ပိုမို ဂုဏ်ရှိသည်ဟူသော အဖြေကို ယုံယုံကြည်ကြည် ဖြေကြားသည်များကို ကြားသိခဲ့ရပါသည်။

> **အဆင့်မြင့်ရာထူးတိုးပေးရေးအတွက် အခြေခံအချက်များ သတ်မှတ်ရာတွင် တာဝန်ဝတ္တရားများကို လိုလားစွာထမ်းဆောင်ခြင်းဟူသော အချက်ကို အလေးထားပါသည်။ ယင်းအချက် အရေးကြီးသည်ကို ထောက်ပြလိုပါသည်။ နိုင်ငံဝန်ထမ်းသည် မည်မျှပင်အရည်အချင်းရှိနေစေကာမူ မိမိအပေါ် ကျရောက်လာသော လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုသော စိတ်ဆန္ဒအခြေခံ ရှိနေသည်ဆိုပါလျှင် လုပ်ငန်းတာဝန်ထက်ဝက်ပြီးသည်ဟုဆိုနိုင်**

ကျူရှင်ဆရာတစ်ယောက်သည် မည်မျှဝင်ငွေကောင်းစေကာမူ အစိုးရကျောင်းဆရာတစ်ဦး၏ ဂုဏ်သိက္ခာကို လိုက်မမီကြောင်းကိုလည်း ကြားသိမြင်တွေ့နေရပါသည်။ အစိုးရဝန်ကြီးဌာနများတွင် အလုပ်လုပ်ကိုင်နေကြသော နိုင်ငံဝန်ထမ်းများသည် နိုင်ငံ့ဝန်ကို တစ်ဖက်တစ်လမ်း ထမ်းဆောင်နေကြသူများဖြစ်သည်၊ လစာလုပ်ခတစ်ခုတည်းကြောင့် အလုပ်လုပ်နေသူများ မဟုတ်ကြပါဟု ရှုမြင်ကြသော ယဉ်ကျေးမှုသည် မြန်မာနိုင်ငံတွင် အမှန်တကယ်ရှိခဲ့ပါသည်။ တစ်နည်းဆိုသော် နိုင်ငံဝန်ထမ်းအလုပ်သည် ဂုဏ်ယူဖွယ်ဆိုသည်ကို အားလုံးက လက်ခံထားပြီးဖြစ်ပါသည်။ အစိုးရအလုပ်က အလုပ်တည်မြဲသည်ဆိုသည့်အချက်ကြောင့် အစိုးရအလုပ်ကို လုပ်နေကြသည်ဟု ရှိကြသော်လည်း၊ နိုင်ငံဝန်ထမ်းအစိုးရဝန်ထမ်းတွင် ဂုဏ်ရှိသည်ဟူသောအချက်ကို မြန်မာလူ့အဖွဲ့အစည်းက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။

သို့သော် ခေတ်ကာလ ပြောင်းလဲလာခဲ့သည်နှင့်အမျှ နိုင်ငံဝန်ထမ်းလောကတွင် အပြောင်းအလဲများ ဖြစ်ခဲ့ပါသည်။ ဖဆပလခေတ် နိုင်ငံဝန်ထမ်းများဘဝနှင့် ဆိုရှယ်လစ်ခေတ် ဝန်ထမ်းများဘဝသည် ကွာခြားခဲ့ပါသည်။ ဆိုရှယ်လစ်ခေတ် ဝန်ထမ်းဘဝနှင့် နဝတ၊ နအဖ ခေတ် ဝန်ထမ်းဘဝလည်း ကွာခြားခဲ့ပါသည်။ ရှေးယခင်ကဆိုလျှင် ဝန်ထမ်းလောကတွင် လာဘ်ပေး လာဘ်ယူမှုများမှာ ရှားပါးလှပါသည်။ နိုင်ငံဝန်ထမ်းဘဝသည် မိုးမခေါင် ရေမရှားဘူးဟု ပြောစမှတ်စကားသည် ဝင်ငွေလစာက စားဝတ်နေရေးအတွက် လုံလောက်သည်ကို ဖော်ညွှန်းနေပါသည်။ တာဝန်ထမ်းဆောင်စဉ်သာမက အငြိမ်းစားဘဝ အငြိမ်းစားဝန်ထမ်းဟု ပတ်ဝန်းကျင်က လေးစားစွာ လက်ခံဆက်ဆံပေးသော၊ တည်ငြိမ်ကောင်းမွန်သော ကာလများ ရှိခဲ့ပါသည်။

မည်သည့် အကြောင်းတရားများကြောင့် ယနေ့ မျက်မှောက်ပြုနေရသော၊ နိုင်ငံဝန်ထမ်းဘဝ၊ ဝန်ဆောင်မှုအခြေအနေများ၊ ဝန်ထမ်းလောက အခြေအနေများ ဖြစ်လာခဲ့ပါသနည်း။ ပြောင်းလဲလာခဲ့သနည်း ဝန်ထမ်းကြီးများကြားတွင် အဂတိလိုက်စားမှုများ (လာဘ်ပေး လာဘ်ယူ တစ်ခုတည်းကို မဆိုလိုပါ။ အဂတိလိုက်စားမှုသည် ငွေကြေး၊ တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်းထက် ပိုမိုကျယ်ဝန်းလေးနက်ပါသည်)၊ ဝန်ထမ်းငယ်များကြားတွင် အကျင့်ပျက်မှုများ၊ အဘယ်ကြောင့်ဖြစ်လာခဲ့ပါသနည်း။ ယင်းအမေးများကို ဖြေနိုင်ရန် ကြိုးစားရပါမည်။

လုပ်ခလစာ မလောက်သောကြောင့်၊ လုပ်ခလစာတိုးပေးရမည်လား။ မည်မျှအထိ တိုးတက်ပေးမှ ဖြစ်မည်နည်း၊ လုပ်ခလစာအပြင် စီးစရာကား၊ နေစရာနေအိမ်၊ အငြိမ်းစားယူပြီးလျှင် နေထိုင်စရာနေအိမ် စသည်များကို၊ မည်သည့်အတိုင်းအတာအထိ ဖြည့်ဆည်းပေးရမည်နည်း။ ရုံးကား၊ ကွန်ပျူတာစသော ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးလျှင် ရပြီလား စသည့် စဉ်းစားစရာများစွာ ရှိနေပါသည်။

ထို့ပြင် လုပ်ခွင်အခြေအနေ တိုးတက်လာအောင်၊ မျက်နှာသာပေး လုပ်နည်းလုပ်ဟန်များ လျော့နည်းပပျောက်သွားအောင် မည်သို့လုပ်ပေးရမည်နည်း၊ လူမှန်နေရာမှန် ရွေးချယ်နေရာချထားပေးနိုင်ရန် ဆောင်ရွက်ပေးရပါမည်။ ရာထူးတိုးစာမေးပွဲ ကျင်းပလျက် အမှတ်များသူကို ရာထူးတိုးပေးရမည်လား၊ လုပ်သက်ကို အခြေခံလျက် လုပ်သက်များသူကို အမှတ်ပေးပြီး ရာထူးတိုးပေးရမည်လား။ အထက်အကြီးအကဲ၏ အကဲဖြတ်မှတ်တမ်းကို အသုံးပြုရမည်လား။ အထက်အကြီးအကဲတစ်ဦး၏ အကဲဖြတ်မှတ်တမ်း တစ်ခုတည်းက စိတ်မချရလျှင်၊ မည်သည့်နည်းလမ်းကို သုံးရမည်နည်း။ မေးစရာမေးခွန်းများ အများအပြားရှိနေပါသည်။

နိုင်ငံဝန်ထမ်းလောကတွင် ပြုပြင်ပြောင်းလဲစရာများ များပြားစွာ ရှိနေပါသည်။ နိုင်ငံဝန်ထမ်းများသည် ဖဆပလခေတ်၊ ဆိုရှယ်လစ်ခေတ်၊ နဝတ ၊ နအဖ ခေတ် ၊ ဒီမိုကရေစီအသွင်းကူးပြောင်းရန် ကြိုးစားသောခေတ် စသည်ဖြင့် ခေတ်ကာလမျိုးစုံ ကြုံတွေ့ခဲ့ပြီးဖြစ်ပါသည်။ ပျောက်ကွယ်ခဲ့ပြီးဖြစ်သော အမြဲတမ်းအတွင်းဝန်ရာထူးများ ပြန်လည် ပေါ်ထွက်လာခဲ့ပါသည်။ ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုစသော အယူအဆများကို ကြားသိလာရပြီး လက်တွေ့ဖြစ်အောင် အားထုတ်နေလျက်ရှိပါသည်။

အဆင့်မြင့်ရာထူးတိုးပေးရေးအတွက် အခြေခံအချက်များ သတ်မှတ်ရာတွင် တာဝန်ဝတ္တရားများကို လိုလားစွာ ထမ်းဆောင်ခြင်းဟူသော အချက်ကို အလေးထားပါသည်။ ယင်းအချက် အရေးကြီးသည်ကို ထောက်ပြလိုပါသည်။ နိုင်ငံဝန်ထမ်းသည် မည်မျှပင် အရည်အချင်းရှိနေစေကာမူ မိမိအပေါ် ကျရောက်လာသော လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုသော စိတ်ဆန္ဒအခြေခံ ရှိနေသည်ဆိုပါလျှင် လုပ်ငန်းတာဝန်ထက်ဝက်ပြီးသည်ဟု ဆိုနိုင်ပါသည်။ မည်မျှအရည်အချင်းရှိစေကာမူ လုပ်ငန်းတာဝန်ကို တာဝန်ကျေအောင်၊ ပြီးမြောက်အောင် ထမ်းဆောင်လိုသော စိတ်ဆန္ဒများ ရှိမနေလျှင် နည်းပါးနေလျှင် လုပ်ငန်းအကောင်အထည်ဖော်မှုများသည် မအောင်မမြင်ဘဲ ဖြစ်သွားမည်မှာ သေချာပါသည်။ ဆန္ဒဓိပတိ ဆိုသည်မှာ အထင်အရှားရှိနေပါသည်။

**နိဂုံးဖော်ပြချက်**

အမှန်တကယ်ပြောင်းလဲဖို့ NLD ကို မဲပေးစို့ ကြွေးကြော်သံနှင့်အတူ အမှန်တကယ် ပြောင်းလဲအောင် ကြိုးစားခဲ့ကြပါသည်။ ယင်းသို့ ကြိုးစားသောကြောင့်လည်း အောင်မြင်မှုရပြီး အမှန်တကယ်ပြောင်းလဲမှုများ တကယ်လက်တွေ့ဖြစ်လာအောင် ဆောင်ရွက်နေကြပါသည်။

မျက်မှောက်ပြုနေသော ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံဝန်ထမ်းများက မည်သည်များကို ဆောင်ရွက်ပေးရမည်နည်း။ မည်သို့ ဆောင်ရွက်ပေးရမည်နည်း၊ မည်သို့သော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင် မည်သို့သွားကြရမည်နည်း။ ယင်းသို့သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် စိတ်ဓာတ်စွမ်းအင်နှင့် ကာယစွမ်းအားများ၊ ဉာဏစွမ်းအားများ လုံလောက်နေပြီလား။ မှန်ကန်သော အသိအမြင် ခံယူချက်များ ရှိနေကြပြီလား။ အတွေ့အကြုံများ ရှိနေပြီလား။

ပြည်သူနှင့်အတူဟု ဆိုထားပြီးဖြစ်ပါသည်။ ပြည်သူအား ကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးရပါမည်။ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် ထမ်းဆောင်ရမည့်၊ ကျရောက်လာသည့် လုပ်ငန်းတာဝန်များ ပြီးမြောက်ရေး သက်သက်ကိုသာ ဦးမတည်၊ မရည်ရွယ်ဘဲ၊ ပြည်သူ့အကျိုးပြုဖြစ်ထွန်းရေး၊ ပြည်သူဗဟိုပြုဝန်ဆောင်မှုများ ပေးနိုင်ရေး ဦးတည်ရည်မှန်းချက်ဖြင့် တာဝန်ကို လိုလိုချင်ချင် ထမ်းဆောင်ကြသော နိုင်ငံဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ဖော်ပြနိဂုံးချုပ်အပ်ပါသည်။ ။

# ဘားအံမြို့၌ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ တိုးချဲ့ကျင်းပမည်

**မြဝတီ ဇူလိုင် ၁၃**

နိုင်ငံတော်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုများကို ပြည်သူများသိရှိပြီး တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့၌လည်း တိုးချဲ့ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအဆင့် ငြိမ်းချမ်းရေးဂီတပွဲတော်များကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ကျင်းပရန်လျာထားခဲ့ရာမှ ကရင်ပြည်နယ် ဘားအံမြို့၌လည်း သီဆိုမည့်သူ များပြားလာသည့်အတွက် မူလ ၁၀ မြို့အပြင် ဘားအံမြို့တွင်လည်း တိုးချဲ့ကျင်းပသွားရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ၏ ဒေသအလိုက် ပထမဆုံးပွဲစဉ်များကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ စတင်ကျင်းပခဲ့ပြီး ပထမအဆင့် နောက်ဆုံးပြိုင်ပွဲကို ဇူလိုင် ၉ ရက်က ကျင်းပခဲ့ကာ ဆန်ခါတင်ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် ၁၀ ဦးအနက် သုံးဦးအား နောက်တစ်ဆင့်ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် ရွေးချယ်နိုင်ခဲ့သည်။ ဘားအံမြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်လျှောက်လွှာများကို မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဦးအောင်ဇေယျလမ်းမပေါ်ရှိ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၁၃ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ဘားအံမြို့ ကော့ကရိတ်မြို့နှင့် လှိုင်းဘွဲ့မြို့တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌လည်း ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

သီချင်းဆိုပြိုင်ပွဲဝင်များအတွက် ဆုကြေးငွေများမှာ ပထမဆု ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆုနှင့် အထူးဆု ခုနစ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ တို့ကို ချီးမြှင့်ပေးမည်ဖြစ်ကာ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာ ပြန်/ဆက် ဦးစီးဌာနရုံးများတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ပြည်တွင်းပြည်ပကိစ္စများနှင့်ခေါင်းခဲနေသော ထရန့် ဘုံအကျိုးစီးပွားရှာဖွေရန် ပြင်သစ်သို့ရောက်ရှိ



**ပါရီ ဇူလိုင် ၁၃**

ပြည်တွင်းတွင် ရုရှားကိစ္စ၊ ပြည်ပတွင် ရာသီဥတုပြောင်းလဲရေးနှင့် ကုန်သွယ်ရေးကိစ္စများနှင့်ခေါင်းခဲနေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဇူလိုင် ၁၃ ရက်က ပြင်သစ်သမ္မတ အမ်မန်နျူရယ် မက်ခရွန်နှင့် ဘုံအကျိုးစီးပွားဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန် ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် အမေရိကန်-ပြင်သစ်နှစ်နိုင်ငံဆက်ဆံရေးတွင် ကောင်းမွန်သော အကျိုးရလဒ်များ ဆောင်ကြဉ်းနိုင်မည်ဟု ယုံကြည်သည့်အလျောက် ပြင်သစ်သမ္မတ မက်ခရွန်အနေဖြင့် ကမ္ဘာ့အရေးတွင် ပြင်သစ်နိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ရန် မျှော်မှန်းထားသလို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း ကမ္ဘာ့ခေါင်းဆောင်များနှင့် ရပ်တည်ချက်ခြင်း မတူလင့်ကစား ပြည်ပတွင် ညီနောင်သားချင်းဆက်ဆံရေးကိုထူထောင်ချင်နေသည်မှာ ယုံမှားဖွယ်မရှိချေ။ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံကြရာတွင် သံတမန်ရေးရာကိစ္စရပ်များနှင့် စစ်ဘက်ဆိုင်ရာ ကိစ္စရပ်များအကြောင်း အဓိကထားဆွေးနွေးခဲ့ကြသော်လည်း ပြင်သစ်သမ္မတ မက်ခရွန်အနေဖြင့် ရှုပ်ထွေးပွေလီသောကိစ္စများမှ ရှောင်ထွက်ရမည်ကို ရှက်ရွံ့နေမည်မဟုတ်ကြောင်း သမ္မတအိမ်တော်အရာရှိတစ်ဦးက ပြောခဲ့သည်။

အမေရိကန်ပထမဟူသော ကုန်သွယ်ရေးဆိုင်ရာ သဘောထားရပ်တည်ချက်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီ သဘောတူညီချက်ကို ကွန့်ကွက်သည့်ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ဥရောပတွင် မိတ်ဖက်အနည်းငယ်သာရှိသည်။ ပြင်သစ်သမ္မတမက်ခရွန်ဖြစ်စေချင်သည်မှာ အမေရိကန်သမ္မတထရန့်အား နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြန်ဝင်ပြီး အမေရိကန်အား ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်စေခြင်းပင်ဖြစ်ကြောင်း ပြင်သစ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ခရစ်စတိုဖီ ကတ်စ်တာနာက ပြင်သစ်ရုပ်မြင်သံကြားသို့ ပြောခဲ့သည်။ အိမ်ဖြူတော်အရာရှိတစ်ဦးက ထရန့်အနေဖြင့် မက်ခရွန်နှင့်တွေ့ဆုံစဉ် ဆီးရီးယားပြည်တွင်းစစ်အကြောင်းဆွေးနွေးလိမ့်မည်ဖြစ်ကြောင်းပြောခဲ့သည်။ ဆီးရီးယားနိုင်ငံ ရက်ကွာမြို့တွင် အိုင်အက်စ်တို့၏နောက်ဆုံး ဌာနချုပ်တည်ရှိကြောင်းသိရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်ကတည်းက နပိုလီယံအုပ်စိုးခဲ့သော ပြင်သစ်သမိုင်းတွင် အသက်အငယ်ဆုံး သမ္မတဖြစ်သော မက်ခရွန်အနေဖြင့် ယခုလို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ပြင်သစ်နိုင်ငံသို့ အလည်အပတ်လာရောက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၌ ပြင်သစ်နိုင်ငံအနေဖြင့် အမေရိကန်သမ္မတ၏ ယုံကြည်မှုကို ရရှိခြင်းပင်ဖြစ်သည်။ **(ရိုက်တာ)**

# မိုဆူးလ်အောင်မြင်ပြီးနောက် ရက်ကွာကိုဆက်လက်တိုက်ခိုက်

**ဝါရှင်တန် ဇူလိုင် ၁၃**

အမေရိကန်တပ်ဖွဲ့သည် ဆီးရီးယားနိုင်ငံ ရက်ကွာမြို့သို့ရောက်ရှိပြီး ဒေသတွင်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပူးပေါင်းကာ အိုင်အက်စ်တပ်ဖွဲ့ကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရမ်ဒီလွန်က ယမန်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံ ရက်ကွာမြို့တွင် အိုင်အက်စ်အကြမ်းဖက်သမားများ၏ ဌာနချုပ်တည်ရှိကြောင်းသိရသည်။

ရက်ကွာမြို့သည် ဆီးရီးယားနိုင်ငံ မြောက်ပိုင်း၌တည်ရှိပြီး ၂၀၁၄ ခုနှစ် တွင် အိုင်အက်စ်တပ်ဖွဲ့၏ သိမ်းပိုက်မှုကို ခံခဲ့ရကာ အိုင်အက်စ်တို့၏ ဌာနချုပ်မြို့တော်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ အီရတ်နိုင်ငံ မိုဆူးလ်တပ်စခန်းဌာနချုပ် ကျရှုံးပြီးနောက် ရက်ကွာမြို့သိမ်းပိုက်ရေး တိုက်ပွဲသည် အိုင်အက်စ်တို့ကို အမြစ်ပြတ်ချေမှုန်းနိုင်မည့်တိုက်ပွဲဟု နိုင်ငံတကာအသိုင်းအဝိုင်းက သတ်မှတ်ခဲ့ကြသည်။

အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့သည် ဆီးရီးယားနိုင်ငံ ရက်ကွာမြို့တွင် မြေပြင်နှင့် လေကြောင်းပစ်ကူမှုများကို ပြုလုပ်ပေးရန် ပါဝင်ခဲ့ကြောင်း၊ မိုဆူးလ်တိုက်ပွဲနှင့် နှိုင်းယှဉ်လျှင် ယခုတိုက်ပွဲ၌ အမေရိကန်တပ်ဖွဲ့မှာ အင်အားပိုမိုနည်းသော်လည်း ဒေသတွင်းလက်နက်ကိုင်တပ်ဖွဲ့ကို ဦးဆောင်လျက်ရှိကြောင်း၊ သို့သော် မြေပြင်အခြေအနေမှာ ရန်သူနှင့် ပိုမိုနီးကပ်နေကြောင်း၊ အိုင်အက်စ်တို့အား ဇွန် ၆ ရက်မှ စတင်တိုက်ခိုက်ခဲ့ရာ တိုက်စစ်အရှိန်ကောင်းခဲ့သော်လည်း နောက်ပိုင်း မြို့တွင်းတိုက်ပွဲဆင်နွှဲချိန်တွင် အိုင်အက်စ်အကြမ်းဖက်သမားများ၏ ခုခံတိုက်ခိုက်မှုနှင့်ကြုံတွေ့ခဲ့ရကြောင်း၊ ရက်ကွာမြို့တွင် အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်းမှ အဖွဲ့ဝင် ၂၀၀၀ ခန့် ကျန်ရှိနေကြောင်း ဒီလွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်တပ်ဖွဲ့များအား အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့မည်ဆိုလျှင်သော်မှ ၎င်းအဖွဲ့အနေဖြင့် ပိုမိုကျယ်ပြန့်သော အကြမ်းဖက်တိုက်ခိုက်မှုများကို ဆောင်ရွက်နိုင်ခြေရှိကြောင်း အကြမ်းဖက်လေ့လာသုံးသပ်ရေးသမားများက ဆိုသည်။ **(ဆင်ဟွာ)**




# နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း၌ဖြစ်ပွားသော အသေခံဗုံးခွဲမှုများကြောင့် လူ ၁၉ ဦးသေဆုံး

**အဘူဂျာ ဇူလိုင် ၁၃**

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲမှုများကြောင့် လူ ၁၉ ဦးသေဆုံးခဲ့ပြီး ၂၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ယမန်နေ့တွင် ပြောခဲ့သည်။

မိုင်ဒူဂူရီမြို့ရှိ အရပ်ဘက်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ပစ်မှတ်ထားကာ အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဘော်နိုပြည်နယ်ရဲချုပ် ဒါမီယန် ချက်ခ်ဝူက သတင်းထောက်များကို ပြောခဲ့သည်။

အမျိုးသမီး အသေခံဗုံးခွဲသမားလေးဦးက မိုင်ဒူဂူရီမြို့မြောက်ပိုင်းရှိ နေရာသုံးခုတွင် တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အရပ်ဘက်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ၁၂ ဦးသေဆုံးခဲ့ပြီး အရပ်သား သို့မဟုတ် လမ်းသွားလမ်းလာခုနစ်ဦးလည်း သေဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါတိုက်ခိုက်မှုကို ဘိုကိုဟာရမ်အကြမ်းဖက်သမားအုပ်စုက ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ဒေသခံရဲတပ်ဖွဲ့ကပြောခဲ့သည်။

ဘိုကိုဟာရမ်အကြမ်းဖက်အုပ်စုသည် ဘော်နိုပြည်နယ်မြို့တော်မိုဒါဒစ်ဂူရီမြို့မှ တိုက်ထုတ်ခံရပြီး ပြန်လည်ဝင်ရောက်ရန်ကြိုးစားခဲ့ကြကြောင်း သိရသည်

အဆိုပါတပ်ဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၀၉ခုနှစ်မှပြီး အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ခဲ့ကာ လူပေါင်း ၂၀၀၀၀ ကျော်သေဆုံးမှုနှင့် လူ ၂ ဒသမ ၃ သန်းနေအိမ်မှ စွန့်ခွာထွက်ပြေးမှုများတွင် တာဝန်အရှိဆုံး အကြမ်းဖက်အုပ်စုဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရေချိုငါးပမာဏကိုအကန့်အသတ်ဖြင့်ဖမ်းဆီးရန်အဆိုပြုချက်တစ်ရပ်ကို ဂျပန်တင်သွင်း

**တိုကျို ဇူလိုင် ၁၃**

မက်ကရယ်ငါးဟုခေါ်ဆိုကြသည့် ပစိဖိတ်ရေချိုငါးများကိုဖမ်းဆီးရာတွင် အကန့်အသတ်ဖြင့် ဖမ်းဆီးမှုကိုစတင်ဆောင်ရွက်ကြရေးအတွက် ဆုံးဖြတ်ချက်ချရန် နိုင်ငံတကာ အစည်းအဝေးတစ်ရပ်ကို ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်လာမှုကိုရပ်တန့်စေရေးအတွက် သက်ဆိုင်ရာကိုယ်စားလှယ်များသည် ဆက်ပိုရို၌ အစည်းအဝေးထိုင်လျက်ရှိသည်။အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့မှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ကြသည်။

ဂျပန်နိုင်ငံနှင့် ဆက်စပ်ရေယာတို့တွင် ငါးဖမ်းဆီးမှုကိုကန့်သတ်ရန် ဂျပန်က အဆိုပြုချက်တစ်ရပ်ကိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ရေချိုငါးပမာဏလျော့နည်းလာမှုကိုတိုက်ဖျက်ရန်ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်စဉ်ရေချိုငါးဖမ်းဆီးမှုပမာဏကို ငါးတန်ချိန်ပေါင်း ၅၆၀၀၀၀ အထိသာ ပမာဏအနည်းငယ်လျှော့ချ၍ ဖမ်းဆီးကြရန်




ကန့်သတ်ချက် တစ်ရပ်ကိုအဆိုပြုခဲ့သည်။ ယခင်ဖမ်းဆီးခဲ့သည့် ငါးတန်ချိန် ပမာဏကို မူတည်၍ ဂျပန်နိုင်ငံအတွက် တန်ချိန် ၂၄၂၀၀၀၊ ထိုင်ဝမ်အတွက် တန်ချိန် ၁၉၀၀၀၀နှင့် တရုတ်နိုင်ငံအနေဖြင့် ၄၆၀၀၀ တန်အထိ ဖမ်းဆီးမှုပြုလုပ်ရန် အဆိုပြုထားကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဥရောပအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အကြမ်းဖက်တိုက်ခိုက်မည်ဟု အိုင်အက်စ်တို့က ဝါဒဖြန့်

**နယ်သာလန် ဇူလိုင် ၁၃**

ဥရောပအမျိုးသမီးဘောလုံးပြိုင်ပွဲအဖြစ် နယ်သာလန်နိုင်ငံ အူထရက်တ်မြို့ရှိ ဂယ်ဂန်ဝက်အားကစားကွင်းတွင် အင်္ဂလန်နိုင်ငံနှင့် စကော့တလန်နိုင်ငံအသင်းများ ဇူလိုင် ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါအားကစားကွင်းကို တိုက်ခိုက်ရန် အိုင်အက်စ်စစ်သွေးကြွအုပ်စုက တယ်လီဂရမ်မှတစ်ဆင့် ဝါဒဖြန့်ထားကြောင်း နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများ ရှာဖွေရေးအဖွဲ့က ယမန်နေ့က ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများ ရှာဖွေရေးအဖွဲ့ကကြိုတင်သတင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စအား သတိထားစောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံတကာဘောလုံးပြိုင်ပွဲကျင်းပရေးအဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများ ရှာဖွေရေးအဖွဲ့ကအဆိုပါ ဝါဒဖြန့်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးနေသော်လည်း လတ်တလောတွင် နောက်ထပ်သတင်းအချက်အလက်များ ပြောကြားနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မောင်တော ကုန်သွယ်ရေးဇုန်မှ ပို့ကုန်တင်ပို့မှုမြင့်တက်

**မောင်တော ဇူလိုင် ၁၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ သုံးလအတွင်း မောင်တောကုန်သွယ်ရေးဇုန်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၁ ဒသမ ၇၅၀ ဖိုး တင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးစခန်း မောင်တောမှ စာရင်းဇယားများအရ သိရသည်။

ဧပြီ၊ မေနှင့် ဇွန်လများအတွင်း အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁ ဒသမ ၇၅၀ ဖိုး တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ၂၀၁၆ အောက်တိုဘာလ အကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မောင်တော ကုန်သွယ်ရေးဇုန်သို့ သွင်းကုန်မရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ အထိသာ သွင်းကုန်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံဘက်မှ ပို့ကုန်သာရှိကြောင်း သိရသည်။

ယခုအခါ မောင်တောကုန်သွယ်ရေးဇုန်မှ သွင်းကုန်မရှိသော်လည်း ပို့ကုန်တန်ဖိုးမှာ တစ်လထက်တစ်လ တိုးတက်လျက်ရှိကြောင်း၊ နောက်ဆုံးလဖြစ်သည့် ပြီးခဲ့သည့် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၈၁ သန်းဖိုးအထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဘက်မှ အဓိကတင်ပို့သော ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများဖြစ်ပြီး ငါး၊ ပုစွန်နှင့် ဆန်အများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး အောင်ကျော်ဦး၊ ဓာတ်ပုံ-သက္က**



မောင်တောကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ဆန်အိတ်များကို အလုပ်သမားများ သယ်ယူနေစဉ်



# ပြည်ပမီဒီယာအဖွဲ့များ ဘူးသီးတောင်မြို့နယ်တွင် ကြည့်ရှုလေ့လာ

**မောင်တော ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူရန် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ပြည်ပသတင်းမီဒီယာများ ပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရေယာဉ်ဖြင့်ထွက်ခွာရာ ဘူးသီးတောင်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် ပြည်ပသတင်းမီဒီယာအဖွဲ့များသည် ဘူးသီးတောင်မြို့မှ တောင်ပဇာကျေးရွာသို့ ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး အနီးပတ်ဝန်းကျင်ကျေးရွာများကို လှည့်လည်သတင်းရယူကြသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ဓားကိုယ်စီကိုင်ဆောင်ထားသည့် မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ယမန်နေ့ညပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဓားကိုယ်စီ ကိုင်ဆောင်ထားသည့် မသင်္ကာသူနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

မောင်တောမြို့နယ် နယ်မြေ(၆)တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ည ၈ နာရီ မိနစ် ၂၀ ခန့်က ရွှေဇားအလယ်ရွာ လမ်းမပေါ်၌ အရိုးအသွား ၁၇ လက်မ အရှယ်အစားရှိသော ဓားဦးချွန်ကိုင်ဆောင်ထားသည့် အဲလ်ဖမ်နှင့် အရိုးအသွား ၇ လက်မခွဲ အရှယ်အစားရှိသော ဓားဦးချွန်ခေါက်ဓား ကိုင်ဆောင်ထားသည့် အဲလ်ကရမ်တို့အား ဖမ်းဆီးရမိခဲ့ပြီး ပြင်ဖြူနယ်မြေစခန်းသို့ ခေါ်ဆောင်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်၌ လူသတ်မှုတွင်ပါဝင်ခဲ့သူသုံးဦး ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၃**

ဘူးသီးတောင်မြို့နယ် ယင်းမကျောင်းတောင်ရွာထိပ်၌ ဇူလိုင် ၃ ရက်က ရွာသားနှစ်ဦးအား အမည်မသိ လူ ၁၀ ဦးခန့်က ဓားဖြင့် ထိုးသတ်ခဲ့သည့် ဖြစ်စဉ်၌ပါဝင်ခဲ့သူသုံးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၉ ရက်နှင့် ဇူလိုင် ၁၁ ရက်များတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်က ဖြစ်ပွားခဲ့သည့် လူသတ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဖြစ်စဉ်တွင် ပါဝင်သတ်ဖြတ်ခဲ့သူများဖြစ်ကြသည့် ယင်းမချောင်းတောင်(တောင်ပိုင်း)ရွာနေ ဆွေယော့ဒူရာမာန်နှင့် ဟာရုန်းတို့နှစ်ဦးအား ဇူလိုင် ၉ ရက် ညနေပိုင်းတွင် လည်းကောင်း၊ ယင်းမချောင်းတောင် (တောင်ပိုင်း) ရွာနေ အဒူရော်ဇော်အား ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား တောင်ဘဇာ နယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကျန်ရှိသော တရားခံများ ဆက်လက်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်(အသားကဏ္ဍ) လည်ပတ်ရန်အတွက် ရန်ပုံငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၁၃**

ရွှေတောင်မြို့နယ် မီးလောင်အုပ်စု ဝါးလည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ(အသားကဏ္ဍ) ဒုတိယအကြိမ် လက်ဆင့်ကမ်း လည်ပတ်ရန်အတွက် ရန်ပုံငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းညွှန့်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေး ဦးခင်မောင်စိုးတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ဝါးလည်ကျေးရွာ မြစိမ်းရောင် အသားကဏ္ဍ အကောင်အထည် ဖော်ဆောင်မှုနှင့်ပတ်သက်၍ စတင်ဖြန့်ဖြူးသည့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် မွေးမြူသူ အိမ်ထောင်စု ၁၀၁ စုအား ဝက်သားခွဲ အကောင် ၃၀၀ မွေးမြူရန်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ တိုးပွားကောင်ရေ ၇၆ ကောင်နှင့် စုဆောင်းငွေ အတိုးကျပ်သိန်း ၃၃ ဒသမ ၈၄ ရရှိခဲ့ကာ ပထမအကြိမ် လက်ဆင့်ကမ်းဖြန့်ဖြူးမှုတွင် မတည်ငွေကျပ် ၃၃၃ သိန်းဖြင့် အိမ်ထောင်စု ၁၂၂ စုအား ဝက်သားခွဲ ၃၃၃ ကောင် ဖြန့်ဖြူးခဲ့ရာ တိုးပွားကောင်ရေ ၃၁၅ ကောင်နှင့် စုဆောင်းငွေ အတိုးငွေကျပ်သိန်း ၃၅ ဒသမ ၉၆ ရရှိခဲ့ကြောင်းနှင့် ယခုနှစ် ဒုတိယအကြိမ် မတည်ငွေကျပ်သိန်း ၃၆၈ သိန်းဖြင့် အိမ်ထောင်စု ၁၂၅ စုသို့ ဝက်အလတ်ကောင်ရေ ၃၆၈ ကောင် ဖြန့်ဖြူးပေးကြောင်း သိရသည်။

**မဆင့်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီနှင့်အဖွဲ့ စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လေ့လာ



**စစ်တွေ ဇူလိုင် ၁၃**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့မှ ရေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စစ်တွေမြို့သို့ နံနက် ၁၀ နာရီတွင် ပြန်လည်ရောက်ရှိသည်။

မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မဒ္ဒရာဆာအိစ္စလာမီ စာသင်ကျောင်း၌ အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ် သက္ကယ်ပြင် ကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ စခန်းအတွင်းရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး **(အပေါ်ပုံ)** သိရှိလိုသည်များကို မေးမြန်းကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ယန်ဟီလီနှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စ ယန်ဟီလီက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဆောင်ရွက်ချက်များ၊ သတင်းမီဒီယာသမားများ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ သတင်းမီဒီယာ သမားများအပေါ် တရားစွဲဆိုအရေးယူမှု အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ မျိုးသန့်တင်၊ အတွင်းရေးမှူး ဦးသီဟစောနှင့် အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားကြသည်။

မစ္စ ယန်ဟီလီ အနေဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီနှင့် ယနေ့တွေ့ဆုံမှုမှာတတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆောမြို့နယ်တွင် စွန့်ပစ်ခံရသည့်ကလေးငယ်အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကစောင့်ရှောက်ထား

**ဆော ဇူလိုင် ၁၃**

ဂန့်ဂေါခရိုင် ဆောမြို့နယ် သီးကုန်းရွာကျောင်းပျောက်လယ်ပွဲအနီးရှိ နားနေဇရပ်၌ စွန့်ပစ်ထားသည့် ကိုးလအရွယ်ကလေးငယ်တစ်ဦးကို ဇူလိုင် ၁၃ ရက် နံနက်က တွေ့ရှိသဖြင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

တွေ့ရှိပုံမှာ သီးကုန်းကျေးရွာအနီးရှိ မင်းလယ်ကျေးရွာမှ ကောက်စိုက်သမများသည် အဆိုပါလယ်ပွဲသို့ ကောက်စိုက်ရန်သွားရောက်စဉ် နားနေဇရပ်၌ ကလေးငယ်အား တွေ့ရှိစောင့်ရှောက်ပြီး သီးကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထံ သတင်းပေးပို့ခဲ့သည်။ ဦးသန်းမြင့်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းထံ ထပ်ဆင့်သတင်းပေးပို့ခဲ့ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့က ဆောမြို့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်စေကြောင်းနှင့် မွေးစားလိုသူရှိက လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

“ကလေးငယ်က ယောကျ်ားလေးပါ။ ကလေးငယ်နဲ့အတူ ဝတ်စုံနှစ်စုံ၊ နို့ဘူး တစ်ဘူး၊ မွေ့ရက်၊ မွေ့လ၊ မွေ့နှစ်တို့နှင့် ပြဿနာအရှုပ်အရှင်း မရှိစေရပါ ဟု ဖော်ပြထားသည့် စာတစ်စောင်ကို တွေ့ရပါတယ်၊ ဒီစွန့်ပစ်ခံရတဲ့ ကလေးငယ်ဟာ ဒီနယ်က မဟုတ်နိုင်ဘူး”ဟု ယူဆကြောင်း သီးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

**(၁၀၁)**

# ရေစကြိုမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်

နေပြည်တော် ဇူလိုင် ၁၃

**မကွေးတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရေစကြိုမြို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၁၂ရက်နှင့် ၁၃ရက်များအတွင်း ယာယီကယ်ဆယ်ရေးစခန်းများသို့ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများပြောင်းရွှေ့ရာ၌ ရေစကြိုမြို့နယ်ကြက်ခြေနီအသင်းခွဲမှ စေတနာလုပ်အားရှင်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**



ရေကြီးရေလျှံမှုများဖြစ်ပွားမှုကြောင့် မြို့ပေါ်ရှိ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာငါးရွာရှိ အိမ်ထောင်စု ၂၇၉ စုမှ အမျိုးသား ၅၇၃ ဦး၊ အမျိုးသမီး ၅၈၅ ဦး စုစုပေါင်း ၁၁၅၈ ဦးတို့သည် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ရေစကြိုမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်း လေးခုနှင့် ကျေးရွာယာယီကယ်ဆယ်ရေးစခန်းတစ်ခုသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ရေစကြိုမြို့နယ်ကြက်ခြေနီအသင်းခွဲမှ စေတနာလုပ်အားရှင် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေး စခန်းများသို့ ပြောင်းရွှေ့ရာတွင် ကူညီပြောင်းရွှေ့ပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လှူဒါန်းသည့် လူဦးရေ ၃၀ ဆံ့ ရွက်ဖျင်တဲနှစ်လုံးနှင့် ၁၅ ဦးဆံ့ ရွက်ဖျင်တဲ ၃၂ လုံးတို့ကို ကူညီနေရာချထားပေးခြင်း၊ အိမ်သာများ တည်ဆောက်ပေးခြင်းတို့တွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သိရှိရသည်။ **ခင်ရတနာ**

# မုံရွာဆိပ်ကမ်းတစ်လျှောက် လုံခြုံ၍ဘေးအန္တရာယ်ကင်းရန် စပိဘုတ်သုံးစင်းဖြင့် နေ့စဉ်စောင့်ကြည့်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၃**

စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေသော ချင်းတွင်းမြစ်ဆိပ်ကမ်းမြို့ဖြစ်သော မုံရွာမြို့ ဆိပ်ကမ်းတာရိုးတစ်လျှောက် ဘေးအန္တရာယ်မဖြစ်စေရန်၊ မလိုလားအပ်သောပြဿနာများ မဖြစ်ပွားစေရန်၊ တာရိုးတစ်လျှောက်လုံခြုံမှုရှိစေရန်အတွက် စပိဘုတ်သုံးစင်းအသုံးပြု၍ မုံရွာခရိုင် မီးသတ်တပ်ဖွဲ့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေစတက်လာချိန် မှစ၍ စပိဘုတ်သုံးစင်း အသုံးပြုကာ မုံရွာခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးပါသော တပ်စိတ်တစ်စိတ်နှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် တစ်ရက်လျှင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် မြစ်တာရိုးတစ်လျှောက် ကင်းလှည့်လည်ဆောင်ရွက်သလိုကင်းစခန်းနေရာတွင် ၂၄ နာရီ အချိန်ပြည့် လုံခြုံရေးကို တာရိုးတစ်လျှောက်ရှိ ရေကင်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက် ၁၀၀ စင်တီမီတာနီးပါးအထိ မြင့်တက်လျက်ရှိပြီး ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေး တာတမံကို ၁၂၂၀ စင်တီမီတာအမြင့်အထိ တည်ဆောက်ထားရာ လက်ရှိအခြေအနေတွင် မြစ်ရေသည် မြင့်တင်ထားသော တာရိုးအမြင့်ထိ ရောက်ရန် စင်တီမီတာ ၁၂၀ ခန့် သာလိုတော့သောကြောင့် မြစ်တစ်လျှောက် မုံရွာကမ်းပါးလုံခြုံရေးကို ယခင်ထက်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း မုံရွာခရိုင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မိုရာမုန်တိုင်းကြောင့် ပျက်စီးခဲ့သော လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများအတွက် ထောက်ပံ့ငွေများလွှဲပြောင်း

**မြောက်ဦး ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း 'မိုရာ' မုန်တိုင်းကြောင့် ပျက်စီးခဲ့သော လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများအတွက် ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက မြောက်ဦး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ 'မိုရာ' မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်အတွင်း လုံးဝပျက်စီးသွားသော သွပ်မိုး၊ ပျဉ်ကာ၊ ထရံကာ လူနေ အိမ် ၁၆ လုံး ၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော သွပ်မိုး၊ ပျဉ်ကာ၊ ထရံကာ လူနေအိမ် ၃၉၅ လုံး ၊ လုံးဝပျက်စီးသွားသော ဓနိမိုး၊ ထရံကာ လူနေအိမ် ၁၃၅ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော ဓနိမိုး၊ ထရံကာ လူနေအိမ် ၄၇၉ လုံး ၊ လုံးဝပျက်စီးသွားသော သွပ်မိုး၊ ပျဉ်ကာ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသော သွပ်မိုး၊ ပျဉ်ကာ ဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်းအတွက် မြောက်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်ထံသို့ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၉၆၃၀၀၀၀ လွှဲပြောင်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် ရေဝင်ဒေသရှိကျေးရွာများမှ ကျောင်းများ ခေတ္တပိတ်ထား

**ချောင်းဦး ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ရေဝင်ဒေသဖြစ်သော ကျွန်းသာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဘုံတိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့သည် ချင်းတွင်းမြစ်ရေကြီး၍ ကျေးရွာအတွင်း ရေများဝင်ရောက်နေသောကြောင့် စာသင်ကျောင်းများအား ဇူလိုင် ၁၀ ရက်မှစတင်၍ ပိတ်ထားခဲ့ကြောင်းနှင့် ချင်းတွင်းမြစ်ရေကျချိန်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းပိတ်ရက်များအတွက် အစားထိုး(ရက်စား) တက်ရောက်ပညာသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**❀ *ရှေ့ဖုံးမှ***

မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ကျော်ဦး၊ ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဒေသခံပြည်သူများ၏ မြစ်ရေဝင်ရောက်နိုင်သည့် နေအိမ်များအား ကူညီပြောင်းရွှေ့ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၂ ရက်က သံဇလုံကျေးရွာမှ အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၃၅ ဦး၊ နွား ၃၉ ကောင်အား လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် အိမ်ထောင်စုနှစ်စု၊ လူဦးရေ ၁၀ ဦးတို့အား တောင်ငယ်လုံးကျေးရွာ အနောက်ဘက် ဆိပ်ဖြူ- စလင်းကားလမ်းဘေးတွင် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်ဝင်းအတွင်းသို့လည်းကောင်း ကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

***❋ ရှေ့ဖုံးမှ***

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၌ ခုနစ်ပေခန့်၊ ကလေးဝမြို့၌ ငါးပေခွဲခန့်၊ မင်းကင်းမြို့တွင် ငါးပေခန့်၊ ကနီမြို့၌ နှစ်လက်မခန့်နှင့် မုံရွာမြို့၌ နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မော်လိုက်မြို့၌ ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်း ကလေးဝမြို့နှင့် မင်းကင်းမြို့တို့၌ နှစ်ပေခွဲခန့်စီ၊ နောက်သုံးရက်အတွင်း ကနီမြို့၌ နှစ်ပေခန့်နှင့် မုံရွာမြို့၌ တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များတားဆီးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၈ စီး၊ သွင်းကုန် ၅၇၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၇ စီး၊ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က မူဆယ်မှ မန္တလေးသို့သွားရောက်မည့် Nissan AD Van အငှားယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံနှင့် အနံ့ရည်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ်မုန့်မျိုးစုံနှင့် အနံ့ရည်များ**

# (၉)ကြိမ်မြောက် အာဆီယံကျောင်းများ အားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၃**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ဇူလိုင် ၁၃ ရက်မှ ၂၀ ရက်အထိ လက်ခံကျင်းပမည့် 9th ASEAN Schools Games ပြိုင်ပွဲသို့ မြန်မာကျောင်းသားကျောင်းသူအားကစားခုနစ်ဖွဲ့သည် အားကစားနည်းခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ရှင်စင်ကာပူနိုင်ငံက မြန်မာနိုင်ငံအား အဖွဲ့ဝင်နိုင်ငံဖြစ်လာအောင် အာဆီယံကျောင်းသားအားကစားကောင်စီက ဖိတ်ခေါ်ပြီး ပထမဆုံးအတွေ့အကြုံရရှိအောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ ကျွမ်းဘား၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဘိုးလင်းကစားနည်း ၁၀ မျိုးတွင် မြန်မာကျောင်းသား ကျောင်းသူ အားကစားအဖွဲ့များက ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ ကျွမ်းဘားကစားနည်းခုနစ်မျိုးကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၊ အားကစားအဖွဲ့ချုပ်များ၌ လေ့ကျင့်နေသော အခြေခံဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားအဖွဲ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အဖွဲ့ခေါင်းဆောင် အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနညွှန်ကြားရေးမှူး ဦးထွန်းသန့်၊ အုပ်ချုပ်နည်းပြ ၁၇ ဦး၊ အားကစားသမား ၄၅ ဦး တို့သည် ယနေ့ နံနက် ၆ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြောင်း သိရသည်။ **အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ဆီးဂိမ်းယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်း ဂျပန်နိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၁၃**

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်နိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်ရန် ဇူလိုင် ၁၂ ရက် ညပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင် ၁၃ ရက်မှ ၂၄ ရက်အထိ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အပြီးသတ်ပြင်ဆင်**

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်ခြင်းဖြစ်ပြီး ဂျပန်အမျိုးသမီးကလပ်၊ တက္ကသိုလ်အသင်းအပါအဝင် အသင်းလေးသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၁၆ ရက်တွင် နီဂါတာအသင်း၊ ဇူလိုင် ၁၉ ရက်တွင် ကူကိုတိုင်ညွှန့်ပေါင်းအသင်း၊ ဇူလိုင် ၂၀ ရက်တွင် နီဂါတာတက္ကသိုလ်အသင်း၊ ဇူလိုင် ၂၃ ရက်တွင် နီဂါတာ ယူ-၁၈ အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစမ်းခရီးစဉ်အတွက် ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားခဲ့ပြီး **အသင်းခေါင်းဆောင်** ခင်မာလာထွန်းအပါအဝင် အမာခံကစားသမားများအစုံအလင် လိုက်ပါသွားသည်။ ခြေစမ်းခရီးစဉ်သွားရောက်သည့် မြန်မာအမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ရော်ဂျာ၊ **လက်ထောက်နည်းပြ**- ဦးအောင်နိုင်၊ ဒေါ်သက်သက်ဝင်း၊ **ဂိုးနည်းပြ**- ဦးကိုကိုအောင်၊ **ဂိုး**- မြဖူးငုံ၊ ဇာဇာမြင့်၊ မျိုးမြမြငြိမ်း၊ **နောက်တန်း**- ခင်သန်းဝေ၊ စန်းစန်းမော်၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇင်မာထွန်း၊ အိရတနာဖြိုး၊ လဲ့လဲ့လှိုင်၊ ချစ်ချစ်၊ **အလယ်တန်း** - ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ မေစံပယ်ဖူး၊ ရူပါခိုင်၊ သန်းသန်းထွေး၊ သန္တာမိုး၊ နော်အားလိုဝါးဖော၊ **ရှေ့တန်း** - ရီရီဦး၊ ခင်မိုးဝေ၊ ဂျူလိုင်ကျော်၊ ဝင်းသီရိထွန်း၊ နုနုတို့ ပါဝင်ကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

မြန်မာအမျိုးသမီးအသင်းသည် ဇွန်လနောက်ဆုံးပတ်ကတည်းက နိုင်ငံတကာခြေစမ်းပွဲများကစားရန် စီစဉ်ခဲ့သော်လည်း အဆင်မပြေသောကြောင့် ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ကြိမ်မျှ ရယူနိုင်ခြင်းမရှိသေးသောကြောင့် ပထမဆုံးရွှေဆုရယူနိုင်ရန် ပစ်မှတ်ထားဆောင်ရွက်လျက်ရှိသည်။ ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြစ်ကြီးနားတွင် ဓားဖြင့်ထိုးပြီး အုပ်စုဖွဲ့ဆိုင်ကယ်လုယူသူများအား အချိန်တိုအတွင်း ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၁၃**

ဇူလိုင် ၁၁ ရက် ည ၁၁ နာရီခွဲခန့်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ စည်ပင်သာယာအမှိုက်ပုံတွင် အမှိုက်လာပစ်သည့် ယုဇနရပ်ကွက်နေ ဦးမရန်ဂွန်လာအား အမည်မသိလူငယ်တစ်စုမှ ဓားဖြင့်ထိုးပြီး ၎င်းမောင်းနှင်လာသည့်ဆိုင်ကယ်ကို လုယူသွားကြောင်း သတင်းအရ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ချက်ချင်းသွားရောက်စုံစမ်းရှာဖွေခဲ့ရာ မြစ်ကြီးနားမြို့ အလယ်ကုန်းရပ်ကွက်နေသူများဖြစ်သော အောင်ကျော်ဝင်း(၁၈ နှစ်)၊ မင်းဇော်ဦး(၁၈ နှစ်)နှင့် အောင်ပြေ(၁၇ နှစ်)တို့ သုံးဦးအား ဘီယာဆိုင်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်အရ ၎င်းတို့သုံးဦးနှင့် တစ်ရပ်ကွက်တည်းနေ ပေါက်စ(၁၈ နှစ်)၊ မိုးမင်းလတ်(၂၀ နှစ်)တို့ ငါးဦးသည် ယုဇနရပ်ကွက်၊ ပန်းခြံထောင့် ပလက်ဖောင်းတွင် ဆိုင်ကယ်များရပ်ပြီး စကားပြောနေစဉ် မိုးမင်းလတ်မှ အမှိုက်လာပစ်သူတစ်ဦးအား ခဲဖြင့်ပစ်ပေါက်ခဲ့ရာ အမှိုက်လာပစ်သူက ပြန်လည်ဆဲဆိုကာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသဖြင့် ၎င်းတို့က ဆိုင်ကယ်ဖြင့် နောက်မှလိုက်သွားပြီး အောင်ပြေမှ အသင့်ပါလာသည့် ဓားဖြင့်ထိုးခဲ့ပြီး ၎င်းစီးနင်းသည့် ဆိုင်ကယ်အား လုယူခဲ့ကြောင်း၊ ပေါက်စနှင့် မိုးမင်းလတ်တို့အား ဆက်လက်ဖမ်းဆီး၍ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓား၊ ဆိုင်ကယ်နှင့် လုယူသွားသည့် ဆိုင်ကယ်တို့အား သက်သေခံအဖြစ်သိမ်းဆည်းထားပြီး ၎င်းတို့ ငါးဦးကို မြစ်ကြီးနားနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ခရီးသည်တင်ယာဉ်ဖြင့် ကျောက်စိမ်းများနှင့် သစ်အချောထည်ပစ္စည်းမျိုးစုံ သယ်ဆောင်လာသူအား အရေးယူ

**နေပြည်တော် ဇူလိုင် ၁၃**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဘန့်ဘွေး နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲက ဘန့်ဘွေးကျေးရွာအနီး အိုရီယမ်တယ် တိုးဂိတ်၌ ယာဉ်များကို ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးဘက်မှ လားရှိုးဘက်သို့ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ စိုင်းစံပိုး(၂၇ နှစ်) မောင်းနှင်လာသည့် ၈ဈ/---- ဆုလာဘ်ရှင် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်း ကြမ်းခင်းအံ့ဝှက်အတွင်းမှ ကျောက်စိမ်းတုံး အသေး ၁၄ ခြမ်း၊ အကြီး သုံးခြမ်း၊ အလေးချိန် ၂၂၂ ကီလိုခန့်အား လည်းကောင်း၊ စက္ကူဗာများဖြင့် ထည့်သွင်းသယ်ဆောင်လာသော တရားမဝင် ပိတောက်သားဖြင့် ပြုလုပ်ထားသည့် ဖရုံသီးပုံ ထမင်းအုပ်ဆိုက်စုံ ၂၅ လုံး၊ ပန်းကန်ပြား ဆိုက်စုံ အချပ် ၁၀၀၊ ပန်းအိုးဆိုက်စုံ အလုံး ၄၀၊ ဆေးလိပ်ခွက် ဆိုက်စုံ ၃၇ လုံး၊ ပန်းကန်လုံးဆိုက်စုံ ၃၈ လုံး (၀ ဒသမ ၄၁၄)တန် တန်ဖိုးငွေကျပ် ၁၀၃၅၀၀ တို့ကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းစံပိုးအား နောင်ချိုမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ လိုက်ထရပ်ယာဉ်တိမ်းမှောက် တစ်ဦးသေ၊ ၁၀ ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၆/၄ နှင့် ၁၆/၅) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးအောင်ငြိမ်းကြွယ် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ ယနေ့ နံနက် ၁၁ နာရီခွဲက ဝဲဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(ယာဉ်ပုံ)**

ဖြစ်စဉ်ကြောင့် လိုက်ထရပ်ယာဉ်ပေါ်တွင် ယာဉ်မောင်းနှင့် သံဃာတစ်ပါး အပါအဝင် ၁၁ ဦး လိုက်ပါလာပြီး အမျိုးသမီးတစ်ဦး သေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူအား အမှတ်(၃)အမြန်လမ်း ရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းကို သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**



# ရန်ကုန် - မန္တလေး အမြန်လမ်း၌ လုယက်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၃**

ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၇၆/၄ နှင့် ၁၇၆/၅)ကြားတွင် မိတ္ထီလာမှ ရန်ကုန်သို့ ယာဉ်မောင်း ကိုနိုင်ဝင်း မောင်းနှင်လာသော ယာဉ်မှာ ပျက်၍ ရပ်နားထားစဉ် ယနေ့ နံနက် ၅ နာရီက ဓားရှည်ကိုင်ဆောင်ထားသည့် လူသုံးယောက်က လုယက်ခဲ့ကြောင်း သိရသည်။ လုယက်ခံရမှုကြောင့် ယာဉ်ပေါ်ပါ လူနှစ်ဦးထံမှ ငွေကျပ်သိန်း ၅၀၊ ရွှေ သုံးကျပ်သားနှင့် i Phone SE တစ်လုံး စုစုပေါင်းကာလတန်ဖိုး ငွေကျပ်သိန်း ၈၀ ကျော်ကို လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမှ ရန်ကုန်သို့အပြန် ဦးဘဂျမ်းနှင့် ကားဆရာဖြစ်သူ ကိုနိုင်ဝင်းတို့သည် အမြန်လမ်း မိုင်တိုင်အမှတ်(၁၇၆/၄ နှင့် ၁၇၆/၅)ကြားတွင် ကားပျက်နေစဉ် လုယက်မှုခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ယနေ့ နေ့လယ်ပိုင်းတွင် သာဂရအမြန်လမ်းရဲစခန်း၌ သွားရောက်အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက်က မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက် နယ်မြေ(၈) အမှတ်(၈/၉)နေ ခင်မောင်ဝင်း(ခ)အငယ်လေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်နေ မမာမာဝင်း(ခ)မပပ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၆၀ နှင့် ဘိန်းဖြူ ၂၂ ဂရမ်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က ဘုရားသုံးဆူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက် ထားဝယ်စုတောင်ကုန်း မြက်ခင်းပေါ်၌ အာကာဦး(ခ)ဂျိုကာအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြား၊ အိုက်စ် ၀ ဒသမ ၃ ဂရမ်နှင့် ရေစိုပျက်စီးနေသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ အမှတ်(၃)ရပ်ကွက် ထော့မဲ့ပါရပ် (ကရင်စု)နေ မငြိမ်းရှင်၏ ဈေးဆိုင်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅၇ ပြား ၊ အိုက်စ် ၇၆ ဂရမ်၊ ထိုင်းဘတ် ၅၇၆၀၀ နှင့် မြန်မာငွေကျပ် ၁၅၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့အထွက် ယူကလစ်တောအနီး ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းတွင် ပိုင်သင်းကျော် မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ခရီးသည်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၊ သုံးဦးသေဆုံး

**သထုံ ဇူလိုင် ၁၃**

ခရီးသည်တင်မှန်လုံယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုကြောင့် လူသုံးဦး သေဆုံးကာ အများအပြား ဒဏ်ရာရခဲ့မှုဖြစ်စဉ် ဇူလိုင် ၁၂ ရက် ညပိုင်းက ကျိုက်ထိုမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီးပေါ်၌ ကျိုက်ထိုဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်း ဇာနည်လင်း မောင်းနှင်လာသော ရွှေပျံလွှားခရီးသည်တင်မှန်လုံယာဉ်နှင့် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း(စုံစမ်းဆဲ)မောင်းနှင်လာသော ရာဇာအောင်ခရီးသည်တင်မှန်လုံယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ အမျိုးသားသုံးဦးသေဆုံးပြီး အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇာနည်လင်းနှင့် ယာဉ်မောင်း(စုံစမ်းဆဲ) တို့ နှစ်ဦးအား ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ယာဉ်ဆီတိုင်ကီအတွင်း သို့ဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀၂၅ ပြား သိမ်းဆည်းရမိ

**နောင်ချို ဇူလိုင် ၁၃**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးနှင့် နောင်ချိုမြို့မရဲစခန်း ရဲတပ်ဖွဲ့ဝင် ပူးပေါင်းအဖွဲ့တို့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စစ်ဆေးရှာဖွေစဉ် ဇူလိုင် ၁၀ ရက် ညနေ ၅ နာရီက ကွတ်ခိုင်မြို့နယ်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း အားဖူ မောင်းနှင်လာသည့် SHN 2D/---- ပါဂျဲရိုးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏ ဆီတိုင်ကီအတွင်း အံ့ဝှက်ပြုလုပ်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားစီပါ ၃၉၅ အိတ် ဆေးပြားပေါင်း ၇၇၀၂၅ ပြား ရှာဖွေသိမ်းဆည်းရမိသဖြင့် ယာဉ်မောင်း အားဖူ (၄၂ နှစ်) ကွတ်ခိုင်မြို့နယ်နေထိုင်သူနှင့် အခကြေးငွေပေး သယ်ဆောင်ခိုင်းသူ (စုံစမ်းဆဲ)တို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**


## ဖခင်အမည်မှန်

စဉ့်ကူးမြို့၊ ရွှေပြည် အထက နဝမတန်း(B)မှ မောင်ဇင်မင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်သန်းကို ၉/စကန (နိုင်)၀၆၁၁၉၆ဖြစ်ပါကြောင်း။ **ဦးဇော်သန်းကို**

## ဖခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ အလက(ခွဲ) သဲယာချောင်း သတ္တမတန်းမှ မစုလဝင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်း ၉/ညဥန(နိုင်)၁၉၁၁၂၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ အလက(ခွဲ)သဲယာချောင်း သတ္တမတန်းမှ မသဲနုဇင်၏ ဖခင်အမည်မှန်မှာ ဦးကြိုင်သင်း ၉/ညဥန(နိုင်)၁၉၁၂၀၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ အလက(ခွဲ) သဲယာချောင်း ပဉ္စမတန်းမှ မလှမျိုးနွယ်၏ မိခင်အမည်မှန်မှာ ဒေါ်ထွေးလေး ၉/ညဥန(နိုင်)၁၉၁၂၆၈ဖြစ်ပါကြောင်း။

## ဒေါပုံမြို့နယ်အတွင်းရှိ မြေကွက်/တိုက်ခန်း ရောင်းမည်

ဒေါပုံမြို့နယ်အတွင်းရှိ၊ ဂရန်လက်ဝယ်ရှိ (၂၅×၅၀) ပေ မြေကွက်များ၊ မြေညီတိုက်ခန်း၊ ပထမထပ်တိုက်ခန်း၊ ဒုတိယထပ်တိုက်ခန်းများကို အထူးဈေးဖြင့်ရောင်းမည်။ အရစ်ကျဝယ်လိုလျှင်လည်းရနိုင်ပါသည်။

ဆက်သွယ်ရန်- ဖုန်း- 09-5500557
09-785100709

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ အထက သတ္တမတန်း(A)မှ မစုမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းနိုင် ၁၂/ဥကမ(နိုင်)၁၈၀၃၄၆ဖြစ်ပါကြောင်း။ **ဦးဇော်လင်းနိုင်**

## အမည်မှန်

မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ စယ်နေကျေးရွာနေ ဦးအိုက်ထွန်း ၁၃/နခန(နိုင်)၀၄၉၀၉၇-ဒေါ်ကွဲ ၁၃/နခန(နိုင်)၀၅၇၈၆၉တို့၏သမီး ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်တန်း၊ ခုံအမှတ်-ရစ-၁၁၅ (အောင်) ၏ အမည်မှန်မှာ ပုံစံ ၆၆/၆ အရ မလွေးဆုမွန်ကျော် ဖြစ်ပါကြောင်း။

**မလွေးဆုမွန်ကျော်**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ အမှတ် ၆၃၊ (၁၁)ရပ်ကွက်၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးထွဋ်ကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၁၆၄၈၀၊ ဒေါ်အေးစန္ဒာကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၁၆၄၈၁၊ ဦးအောင်ကျော်ဝင်း ၁၂/လမန(နိုင်) ၀၀၁၅၀၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွက်ပြင်(၄)၊ ဦးပိုင်အမှတ်(၆-က)ဟုခေါ်တွင်သော ဧရိယာ ၁ဒသမ ၄၈ဧကရှိ ဂရန်မြေကွက်သည် ကျွန်ုပ်မိတ်ဆွေများ၏မိခင် ဒေါ်ကြည်ကြည်အမည်ပေါက်ပိုင်ဆိုင်ပါသည်။သို့ရာတွင် ကျွန်ုပ်၏ မိတ်ဆွေများ၏မိခင် ဒေါ်ကြည်ကြည်မှာ ၁-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ အဆိုပါ မြေဂရန်မူရင်းမှာ မိခင်ကွယ်လွန်သွားပါ၍ အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့သဖြင့် ဂရန်ပျောက်ပျက်မိတ္တူမှန်ထုတ်ပေးရန်အလို့ငှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်လိုသူ မည်သူမဆိုခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်ပျောက်ပျက်မိတ္တူထုတ်ပေးနိုင်ရန်အလို့ငှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဝတ်ရည်စိုး LL.B**

**စဉ်-၄၂၃၈၀၊ အထက်တန်းရှေ့နေ**

**ထ-၁၇၊ တမာလမ်း၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**

**ဖုန်း-၀၉-၂၅၉၆၃၆၉၄၄၊ ၀၉-၂၅၇၅၅၅၃၅**

## ဖခင်အမည်မှန်

ဝက်လက်မြို့နယ်၊ အထက(ခွဲ) မုဆိုးခြံ၊ တက္ကသိုလ်ဝင်တန်းမှ မခိုင်သဇင် ထက်၏ဖခင်အမည်မှန်မှာ ဦးမှတ်ကြီး ၅/ဝလန(နိုင်) ၀၈၂၅၇၁ ဖြစ်ပါကြောင်း။ **ဦးမှတ်ကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/9106 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမွန် (၁၄/မမန(နိုင်)၁၈၂၅၃၁)ဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိ၊ ကန့်ကွက်နိုင်စေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သောဂလမ်း၊ မြေကွက်အမှတ်(၆၉၃)၊ အကျယ်အဝန်း(၄၀'×၆၀')၊ ဧရိယာ စတုရန်းပေ (၂၄၀၀)မြေကွက်ကို မြေချပါမစ်၊ အိမ်ယာဆောက်လုပ်နေထိုင်ခွင့်ချထားခံရသူ ဦးသာရွှေ ထံမှ အဆက်အစပ်စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဦးဝင်းနိုင် (၉/ညဥန(နိုင်)၁၅၄၆၅၇)ထံမှ ဒေါ်အေးအေးမွန် (၁၄/မမန(နိုင်)၁၈၂၅၃၁) ဖြစ်သူသည် နှစ်ဦးသဘောတူအိမ်မြေအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုလက်ရောက်ဝယ်ယူထားရှိခဲ့ပြီးဖြစ်၍ မြေငှားဂရန်အမည်ပေါက်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်လိုသူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနေဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ် ၇၂၂၁)**

**အမှတ်(၂၂)၊ (ဘီ-၁)၊ ပထမထပ်၊ စံရိပ်ငြိမ်(၃)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဖုန်း- ၀၉၅၅၄၁၆၀၁၄၊ ၀၉၂၅၄၂၀၇၅၈၂**

## ဖခင်အမည်မှန်

တနိုင်းမြို့၊အထက တက္ကသိုလ်ဝင်တန်း(A)မှ မငွါးဇာညီ၏ ဖခင်အမည်မှန်မှာ ဦးငွါးဖီဆဲ ၁/တနန(နိုင်)၀၀၇၀၃၃ဖြစ်ပါကြောင်း။ **ဦးငွါးဖီဆဲ**

## ဖခင်အမည်မှန်

တနိုင်းမြို့၊အထက တက္ကသိုလ်ဝင်တန်း(A)မှ မမေရီဂျာရတ်၏ ဖခင် အမည်မှန်မှာ ဦးဆမ်ဒူ ၁/တနန (နိုင်)၀၀၈၁၅၄ဖြစ်ပါကြောင်း။ **ဦးဆမ်ဒူ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ စက်မှုဇုန်၊ အကွက်အမှတ် ၅၂၊ စက်မှုရပ်ကွက်၊ ဦးပိုင်အမှတ်(A-၄၀)၊ဧရိယာ ၀ ဒသမ ၂၇၅ ဧကရှိ မြေအား ဦးသက်လွင်ဖြိုး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

# GRAND HANTHA INTERNATIONAL HOSPITAL
## ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး မှ

GREEN. GRAND. CARE FOR THE PEOPLE

## ဝမ်းမြောက်ဂုဏ်ယူကြောင်း

Grand Hantha International Hospital ၏ (Siemens 384 Slices Dual Sources SOMOTOM Force CT, Siemens 3 Telsa Mangnetom Skyra MRI (70 cm open bore), Mammomat Inspiration Prime Edition Mammogram with Tomosynthesis Technology) သုံး နိုင်ငံတကာအဆင့်မီ ဓါတ်မှန်နှင့် ပုံရိပ်ဖော် ရောဂါရှာဖွေဌာန (Imaging Department) တွင် အကြီးအကဲ (Head of Department) အဖြစ် တာဝန်ယူဆောင်ရွက်နေသော ဓါတ်မှန်အထူးကုဆရာကြီး **ပါမောက္ခဦးတင့်လွင်** (Hon.Professor, Defence Services Medical Academy, BSc, M.B.,B.S, MD (USA), FRCP (Canada), FRCR (Eng), Diplomate, American Board of Radiology) အား (၁၂.၇.၂၀၁၇) တွင် မြန်မာနိုင်ငံ တပ်မတော်ဆေးတက္ကသိုလ်၏ **ဧည့်ပါမောက္ခ** အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ဆရာကြီးနှင့်တကွ မိသားစုများနှင့်အတူ ဂုဏ်ယူပါကြောင်းနှင့် အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နှင့် ကုသရေးအဖွဲ့
Grand Hantha International Hospital

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂၊ ၀၉ ၅၂၀၂၂၈၂၊ ၀၉ ၅၂၀၂၂၈၃၊ ၀၉ ၅၂၀၂၂၈၄




Hot fare has limited availability, until sold out. Hot fare is one way Economy Starter fare (including airport taxes and fees) with 7kg carry-on baggage only. Selected travel periods and seat availability apply. Availability is limited (not available on all flights, school holidays and weekends). Conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

### ကယားပြည်နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနမှ အဆောက်အအုံများဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနသို့ အပ်နှံထားသော ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ တိုက်နယ် ကျန်းမာရေးဌာနအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ကျေးလက် ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ အခြေခံပညာကျောင်းများနှင့် ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းများအား အချိန်မီပြီးစီးအောင် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေဖြင့်)အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - (၁) ညွှန်ကြားရေးမှူးရုံး၊ ပြည်နယ်အစိုးရအဖွဲ့၊ ကယားပြည်နယ်
(၂) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၁၄-၇-၂၀၁၇ရက်၊ ရုံးချိန်အတွင်း

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၈-၂၀၁၇ရက်၊ ညနေ ၄း၃၀ နာရီ

၄။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အစည်းအဝေးခန်းမ၊ ညွှန်ကြားရေးမှူးရုံး၊ ကယားပြည်နယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ၁၄-၇-၂၀၁၇ရက်မှ ၁၁-၈-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း ဖုန်း-၀၈၃-၂၂၂၁၄၉၄၊ ၀၉-၂၀၀၉၄၉၈၊ ၀၉-၂၅၉၁၅၉၅၁၁ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ် အဆောက်အအုံဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**




### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/7073 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

### အမည်မှန်နှင့် ဖခင်အမည်မှန်

ကော့ကရိတ်မြို့ အထက ချောင်းတောင် နဝမတန်း(D)မှ မစန်း၏ အမည်မှန်မှာ မစန်းဦးဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမြတ်ဦး ၃/ကကရ(နိုင်)၂၀၇၇၄၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် မြေလင်းအထကတက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခန့်ဇော် ၅/ပလဘ(နိုင်)၁၀၀၈၄၅၏ဖခင် ဦးဇော်ဦးနှင့် ဦးနေဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဇော်ဦး(ခ)ဦးနေဇော်**

### အမည်မှန်

ရေနံချောင်းမြို့၊ ဘေးမဲ့ရပ်ကွက်၊ အနောက်ကုန်းမှ ဦးပေါက်စ၏သား မောင်ဆန်းထွန်းအောင် ၈/ရနခ(နိုင်)၁၀၁၇၇၃၏ အမည်မှန်မှာ မောင်သန်းထွန်းအောင် ဖြစ်ပါကြောင်း။

### ဖြည့်စွက်ဖတ်ရှုပါရန်

၁၂-၇-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၃)တွင် ဒေါ်ခင်စန်းတင့်မှ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာတွင် တရားဝင် လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းအေး ၁၂/ဒဂတ(နိုင်)၀၀၉၈၀၈ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

(ယ) **မသန်စွမ်းကလေးသူငယ်** ဆိုသည်မှာ မွေးရာပါ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်း ဆိုင်ရာ တစ်ခုသို့မဟုတ်တစ်ခုထက်ပို၍ချို့ယွင်းအားနည်းချက်များအား ရေရှည်ခံစားနေရသော ကလေးသူငယ်ကိုဆိုသည်။

(ရ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် ကလေးသူငယ်များ၏အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(လ) **တည်ထောင်ခွင့်ပြုမိန့်** ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေး အဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ရန်ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာန ကထုတ်ပေးသော တည်ထောင်ခွင့်ပြုမိန့်ကိုဆိုသည်။

(ဝ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(သ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဟ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဠ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကိုဆိုသည်။

(အ) **လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန်တာဝန်ပေးအပ်ခြင်းခံရသော လူမှုဝန်ထမ်းဦးစီးဌာန၏အရာရှိ သို့မဟုတ် ပုဒ်မ ၁၁ အရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(အ-၁) **ကလေးသူငယ်ကြီးကြပ်သူ** ဆိုသည်မှာဤဥပဒေပါ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော လူမှုဝန်ထမ်းဦးစီးဌာန၏ ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် ပုဒ်မ ၁၁ အရ တာဝန်ပေးအပ်ခြင်းခံရသူကိုဆိုသည်။

(အ-၂) **မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့မှ လူမှုဝန်ထမ်းအရာရှိအသီးသီးကို ဆိုသည်။

(အ-၃) **ထောင်ဒဏ်တစ်သက်**ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအားအကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကိုဆိုသည်။

(အ-၄) **ကြီးလေးသော ပြစ်မှု** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအပါအဝင် လိုအပ်သော အစီအမံများချမှတ်ဆောင်ရွက်ရန်၊

(ဃ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသောကလေးသူငယ်များအားနိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊

(င) ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှု ရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန်။

**အခန်း (၃)**

**အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန - ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ - အဖွဲ့ဝင်များ

(၃) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ် - အဖွဲ့ဝင်

(၄) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ - အဖွဲ့ဝင်များ

(၅) ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန - အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ အမျိုးသားကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ ဤဥပဒေပါ အခြားလုပ်ငန်းတာဝန်များအပြင် အောက်ပါတို့ပါဝင်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ မူဝါဒများနှင့်အညီ ကလေးသူငယ်၏ အခွင့်အရေးများကို လေးစားရေး၊ အကာအကွယ်ပေးရေးနှင့်အပြည့်အဝခံစားစေရေးတို့အတွက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လိုအပ်သောအရင်းအမြစ်များရရှိရေးအတွက်ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊လူမှုရေးအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက်ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာအသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၊လူမှုရေးအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများသင့်လျော်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကလေးသူငယ်များ ပြစ်မှုမကျူးလွန်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကလေးသူငယ်ဆိုင်ရာလုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ဈ) လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့ကလမ်းညွှန်သည့်ကလေးသူငယ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ (က) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ခ) အမျိုးသားကော်မတီ၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

**အခန်း (၄)**

**ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ**

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့်အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ဂ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည်-

(၁) ပုဒ်မခွဲ (က)နှင့်(ခ)တို့အရ မိမိတို့ဖွဲ့စည်းထားသော ဒေသဆိုင်ရာကော်မတီအသီးသီးကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(၂) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီ၏လမ်းညွှန်ချက်နှင့်အညီဒေသဆိုင်ရာကော်မတီအဆင့်ဆင့်အလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(၃) ဒေသဆိုင်ရာကော်မတီများ၏ လုပ်ငန်းတာဝန်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်း ပြုနိုင်သည်။

၉။ ဒေသဆိုင်ရာကော်မတီအသီးသီးသည်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် ကော်မတီအဆင့်ဆင့်တို့၏ လမ်းညွှန်မှုနှင့်ကြီးကြပ်မှုကိုခံယူ၍ဆောင်ရွက်ရမည်။

၁၀။ (က) မိမိတို့ ဆောင်ရွက်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့်အစီရင်ခံစာကိုသတ်မှတ်ချက်များနှင့်အညီ တစ်ဆင့်မြင့်ရှိဒေသဆိုင်ရာကော်မတီသို့ အစီရင်ခံစာတင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီတို့သည်မိမိတို့ ဆောင်ရွက်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့မဟုတ် နေပြည်တော်ကောင်စီနှင့် အမျိုးသားကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

**အခန်း (၅)**

**လူမှုဝန်ထမ်း အရာရှိနှင့် ကလေးသူငယ်ကြီးကြပ်သူများ ခန့်အပ်တာဝန်ပေးခြင်း**

၁၁။ ဝန်ကြီးဌာနသည်ဤဥပဒေပါ ကလေးသူငယ်၏ အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သော လုပ်ငန်းတာဝန်များနှင့် ရုံးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ အောက်ဖော်ပြပါ လူမှုဝန်ထမ်းဦးစီးဌာနအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်၍ လိုအပ်သော လူမှုဝန်ထမ်းအရာရှိများနှင့်ကလေးသူငယ်ကြီးကြပ်သူများကို ခန့်အပ်တာဝန်ပေးနိုင်သည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေလူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဃ) ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(င) မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး။

**(ဆက်လက်ဖော်ပြပါမည်)**

# စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ

**မြဦး (အမျိုးသားစာကြည့်တိုက်)**

၁၉၆၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော အာဆီယံအဖွဲ့ကြီးသည် ၂၀၁၇ ခုနှစ်တွင် နှစ် (၅၀) ပြည့်ပြီဖြစ်ရာ ရွှေရတုအာဆီယံသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အာဆီယံဒေသများရှိ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအား သိရှိစေရန်၊ စာကြည့်တိုက်ပညာရပ်ဆိုင်ရာဗဟုသုတများ ပိုမိုတိုးပွားပြီး စာကြည့်တိုက်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်စေရန်၊ အသိဉာဏ်ပညာနှင့်ဗဟုသုတရှာဖွေသူ ပြည်သူလူထုအား အထောက်အပံ့ဖြစ်စေရန်၊ ကလေးများစာဖတ်ရှိန်မြင့်မားရေးနှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ကလေးများ၏ဘက်စုံစွမ်းရည် တိုးတက်မြင့်မားရေးနှင့် ပညာရေး နှင့် ဘဝနေထိုင်ရေးတို့တွင် အထောက်အကူဖြစ်စေမည့် ဗဟုသုတဆိုင်ရာစာအုပ်၊ စာပေများကို လက်တွေ့အကျိုးထူးစွာ အသုံးပြုနိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အခြားသောဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အာဆီယံနှစ်(၅၀)ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ ကလေးစာကြည့်တိုက် အစီအစဉ်နှင့် ပြပွဲများကို **“စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ”** ခေါင်းစဉ်ဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်မည် ဖြစ်သည်။




**“စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ”** အစီအစဉ်တွင် အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပြခန်းနှင့် မြန်မာစာရေးဆရာများ၏ လက်ရေးမူပြခန်းဖွင့်ပွဲ၊ စာတမ်းဖတ်ပွဲ၊ “ကာတွန်းအဖော် စာဖတ်ပျော်” ကလေးစာကြည့်တိုက်အစီအစဉ်တို့ ပါဝင်ပါမည်။ ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်တွင် အစီအစဉ်ဖွင့်ပွဲနှင့်အတူ အာဆီယံ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်စာတမ်းဖတ်ပွဲကို ဝန်ဇင်းမင်းရာဇာခန်းမ၌လည်းကောင်း၊ ကလေးစာကြည့်တိုက် အစီအစဉ်ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ စာကြည့်တိုက်၏ ညှော်ကြိုခန်းမ၌လည်းကောင်း ကျင်းပမည်။

“စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ” စာတမ်းဖတ်ပွဲတွင် (က) အာဆီယံဆိုင်ရာ ဓလေ့ထုံးတမ်းနှင့် ပုံပြင်များ၊ (ခ) အာဆီယံမျှော်မှန်းချက်နှင့် စာကြည့်တိုက် အမြင်၊ (ဂ) အာဆီယံနှင့် ပြတိုက်များ၏ အခန်းကဏ္ဍ၊ (ဃ)အာဆီယံဒေသရှိလက်ရေးစာများ၊ (င) အာဆီယံဒေသရှိ အမျိုးသမီးဦးဆောင်သူများ၊ (စ) အာဆီယံဒေသနှင့်ဂီတအမြင်၊ (ဆ) အာဆီယံဒေသရှိ ကလေး စာကြည့်တိုက်များ၊ (ဇ) အာဆီယံဒေသရှိ ကျောင်းစာကြည့်တိုက်များ ဟူသော အကြောင်းအရာများအောက်တွင် စာတမ်းများကို ဖိတ်ခေါ်သွားပါမည်။ စာတမ်းများကို စာတမ်းစိစစ်ရေးအဖွဲ့က စိစစ်ပြီး စာတမ်း (၆) စောင်ကို ရွေးချယ်ဖတ်ကြားကြမည်ဖြစ်သည်။

“ကာတွန်းအဖော် စာဖတ်ပျော်” ကလေးစာကြည့်တိုက် အစီအစဉ်ကို ကာတွန်းဆရာကြီးများ၊ Save the Library Network အဖွဲ့များ၊ ပြည်တွင်းကူညီပံ့ပိုးသူများနှင့် ပူးပေါင်းကာ ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ သုံးရက်ကြာ ပြုလုပ်သွားမည့် ကလေးစာကြည့်တိုက် အစီအစဉ်သို့ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို အလှည့်ကျ ဖိတ်ခေါ်သွားမည်။

“ကာတွန်းအဖော် စာဖတ်ပျော်” ကလေးစာကြည့်တိုက် လှုပ်ရှားမှုအစီအစဉ်တွင် ကာတွန်းဆရာကြီးများ၏ စာဖတ်ရှိန်မြှင့်တင်ရေးကိုဖော်ဆောင်သော ကာတွန်းပုံများကို ချိတ်ဆွဲပြသခြင်း၊ ကာတွန်းဆရာကြီးများက ၎င်းတို့၏ ကာတွန်းလက်ရာများကို လာရောက်သူပရိသတ်များ၏ အမှတ်တရ စာအုပ်ငယ် များတွင် အမှတ်တရရေးဆွဲပေးခြင်း၊ British Council စာကြည့်တိုက်၊ Save the Library Network နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) မှ ဝန်ထမ်းများက ပုံပြောခြင်း၊ ပုံဆွဲခြင်း၊ ဉာဏ်စမ်းပဟေဠိ အစီအစဉ်တို့ကို စီစဉ်တင်ဆက်ခြင်း၊ ကလေးစာအုပ်များနှင့် ကလေးများအတွက် ပညာပေးအသုံးအဆောင်များ ရောင်းချခြင်း၊ ကလေးများအတွက် ဗဟုသုတရစေမည့် ဗီဒီယိုဖိုင်များပြသခြင်း အစီအစဉ်များပါဝင်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိရာ စာကြည့်တိုက်များသည် လူထုအား အသိပညာတိုးပွားစေသော ပညာ့ဘဏ်တိုက်အဖြစ်လည်းကောင်း၊ ပြည်သူလူထု၏ လူမှုရေးဗဟိုဌာနအဖြစ်လည်းကောင်း သတ်မှတ်ထားကြပြီး လူထုအခြေပြု စာကြည့်တိုက်များ အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနအောက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဦးဆောင်ကာ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)က ဆက်စပ်နေသော ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ကျင်းပသွားမည့် အာဆီယံနှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် “စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝ နှင့် ရွှေရတုအာဆီယံ” အစီအစဉ်သို့ ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။

## ဂျပန်-မြန်မာချစ်ကြည်ရေး ကျောင်းဆောင်သစ်ဖွင့်လှစ်

**ကလေး ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ ကလေးမြို့တောင်ဖီလာရပ်ကွက်ရှိအခြေခံပညာဦးစီးဌာန အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း အလျားပေ ၁၅၀၊ အနံပေ ၃၀ ရှိ RCCတစ်ထပ်၊ ဂျပန်-မြန်မာချစ်ကြည်ရေးကျောင်းဆောင်သစ်အား အဆောက်အအုံနှင့်အခြားဆက်စပ်ပစ္စည်းများကို ၂၀၁၅ ခုနှစ်အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့၏ ထောက်ပံ့ လှူဒါန်းငွေဖြင့် John Engineering Construction Co., Ltd. မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က စတင်ဆောက်လုပ်ခဲ့ရာမှ ယခုအချိန်တွင် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Miss Naoko FJIWARA ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်နှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်၏မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **ဂျူနိုင်း**

## တောင်သူများအား သွင်းအားစုများနှင့်လုပ်အားခများပေးအပ်

**သီပေါ ဇူလိုင် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ တောင်သူလယ်သမားများအား ဒုတိယအကြိမ်သွင်းအားစုများ ထောက်ပံ့ခြင်းနှင့်နည်းပညာဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉နာရီက ခရိုင်စိုက်ပျိုးရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက တောင်သူလယ်သမားများ အကျိုးကိုရည်မျှော်၍ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်း ပိုမိုရရှိရေးအတွက်နည်းပညာပေးလုပ်ငန်းများနှင့် သွင်းအားစုများပံ့ပိုးဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်နေခြင်းဖြစ် ကြောင်းဖြင့် အမှာစကားပြောကြားပြီး မျိုးစေ့၊ ဓာတ်မြေသြဇာ၊ တမာပိုးသတ်ဆေး၊ အီးအမ်တင်လဲ့ရည်၊ တစ်သျှူးငှက်ပျောပျိုးပင်နှင့်လုပ်အားခများကို ကူညီပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မျိုးဆက်သစ်ပန်းချီ၊ ပန်းပုပြပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၃**

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) ပန်းချီပန်းပုကျောင်းသားကျောင်းသူများ၏(၁၃) ကြိမ်မြောက်မျိုးဆက်သစ်ပန်းချီပန်းပုပြပွဲကို ဇူလိုင် ၁၁ ရက်က မန္တလေးမြို့ကျုံးအရှေ့ဘက်လမ်းမဝနှင့် ၂၄လမ်းထောင့်ရှိNUAC Art Gallery ၌ ကျင်းပခဲ့သည်။

အဆိုပါ မျိုးဆက်သစ်ပန်းချီပန်းပုပြပွဲအခမ်းအနားကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဒုတိယပါမောက္ခချုပ်များဖြစ်ကြသော ဦးယုလွင် (စီမံ) နှင့် ဦးသစ်လွင်စိုး (သင်ကြား) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခုနှစ်(၁၃) ကြိမ်မြောက် ပန်းချီပန်းပုပြပွဲတွင် အနုပညာဌာနခွဲ (ပန်းချီ)မှ ကျောင်းသားကျောင်းသူ ၇၄ ဦးနှင့်အနုပညာဌာနခွဲ(ပန်းပု)နှင့်ဒီပလိုမာတန်းတို့မှ ကျောင်းသားကျောင်းသူများက လက်စွမ်းပြပါဝင်ပြသထားသည်။ ယခုပြပွဲကို ဇူလိုင် ၁၅ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စွယ်စုံရလက်ရက်ကန်းစင်များပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၁၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနား RC တိုက်ပွဲရှောင်စခန်းနေပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စွယ်စုံရ လက်ရက်ကန်းစင်ကို ဇူလိုင်လ ၁၂ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

“အခုလက်ရက်ကန်းစင် ထောက်ပံ့ပေးအပ်တာ မိုင်းနား RC တိုက်ပွဲရှောင်စခန်းကိုပေးတာပါ။ ပေးတာကတော့ သင်တန်းတက်ပြီးထားတဲ့သူတွေကနေ တောင်းဆိုလာတဲ့အတွက်ကြောင့် ထောက်ပံ့ပေးတာပါ။ အားလုံးလက်ရက် ကန်းစင်သုံးခုပေးအပ်တာဖြစ်ပါတယ်” ဟု ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်စိုးက ပြောသည်။

စွယ်စုံရ လက်ရက်ကန်းစင်သုံးခုပေးအပ်ခဲ့ပြီး ရက်ကန်းစင်တစ်ခုလျှင် လုံချည်အထည် ၄၀ စာပါချည်အပါအဝင် ကာလတန်ဖိုး ငွေကျပ် ၃၇၀၀၀၀ ၊ ရက်ဖောက်စင်၊ ရဟတ်ချည်ငင်စက်တစ်ခု ကာလတန်ဖိုးငွေကျပ်ခြောက်သိန်း၊ ရက်ဖောက်ခြေချခုံ ၁၆၀၀၀၀တစ်စုံတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ အဓိကထောက်ပံ့ပေးတာ တိုက်ပွဲရှောင်စခန်း နေပြည်သူတွေကို အဓိကထားပြီး ပေးအပ်တာဖြစ်ပါတယ်။ လက်ရက်ကန်း သင်တန်းတက်ပြီးသားသူတွေအနေနဲ့ ရက်ကန်းစင်ရချင်တယ်ဆိုရင် ကူညီထောက်ပံ့ပေးသွားဖို့ အစီအစဉ်ရှိတယ်” ဟု ၎င်းကပြောသည်။

အဆိုပါ လက်ရက်ကန်းစင်များကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ တိုက်ပွဲရှောင် စခန်းနေပြည်သူများအားထောက်ပံ့ပေးအပ်ရန် ချထားပေးသည့် ငွေကျပ်သိန်း ၃၀၀၀ ထဲမှ ဝယ်ယူပြီး ယခုလိုထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## နိုင်ငံခြားသားအင်ဂျင်နီယာများအား ပထမဆုံးအကြိမ်မှတ်ပုံတင်ကန့်သတ် ပညာရှင်လက်မှတ်စတင်ချီးမြှင့်

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ လာရောက်လုပ်ကိုင်သော နိုင်ငံခြားသား အင်ဂျင်နီယာများအား မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ပထမအကြိမ် မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာ ပညာရှင်လက်မှတ်နှင့် ပြည်တွင်းမှ အင်ဂျင်နီယာများအား ဒုတိယအကြိမ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ လက်မှတ်ချီးမြှင့်ပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က ရန်ကုန်မြို့အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်း ပညာတက္ကသိုလ်စုဝေးခန်းမ ၌ ကျင်းပခဲ့သည်။ အင်ဂျင်နီယာလက်မှတ်များပေးအပ် ရာတွင်မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်လျှောက်ထားသူ၁၀ ဦးအနက်နိုင်ငံခြား သား အင်ဂျင်နီယာပညာရှင်ငါးဦး တက်ရောက်ရယူခဲ့ပြီး မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်တက်ရောက်ရယူသူ ၂၆၅ ဦးနှင့်အဝေးရောက်ရယူသူ ၃၇၆ ဦး အား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

“မြန်မာနိုင်ငံအင်ဂျင်နီယာလောကအနေနဲ့ နိုင်ငံတကာခြေလှမ်းတွေကို စတင်ဖို့အတွက်ဒါဟာပထမဆုံး ကောင်းမွန်တဲ့ခြေလှမ်းတစ်ခုလို့ မြင်ပါတယ်။ မြန်မာနိုင်ငံကို ရောက်ရှိနေတာနှစ်ပေါင်း ၂၀ကျော်ပြီဖြစ်ပါတယ်။ တခြားနိုင်ငံတွေကရလာတဲ့ အတွေ့အကြုံတွေကို မြန်မာနိုင်ငံမှာရှိတဲ့အင်ဂျင်နီယာတွေအတွက် training လုပ်ပေးခဲ့ဖူးပါတယ်။ နှစ်ပေါင်း ၂၀ ကျော်လာပြီဖြစ်တဲ့ အင်ဂျင်နီယာသက်တမ်းကို ဒီမြန်မာနိုင်ငံမှာ မျှဝေပေးချင်တယ်။ အခုလိုအသိအမှတ်ပြုရယူပြီးမှ မျှဝေမှုက အဆင်ပြေမှာဖြစ်တဲ့အတွက် တက်ရောက်ယူရခြင်းဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၂၀ ကျော်ကြာ အင်ဂျင်နီယာလုပ်ငန်းများကို လုပ်ကိုင်နေသော ဟောင်ကောင်မှ Ir Ng Sze Tat က ပြောသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် အင်ဂျင်နီယာလောကကို ပထမအဆင့်တွင် အာဆီယံ၊ ဒုတိယအဆင့်တွင် အာရှပစိဖိတ်(Federation of Engineering Institutions of Asia and the Pacific-FEIAP) အဆင့်နှင့် International Engineering Allianceတွင်ပါဝင်သော Washin-gton Accord, Sydney Accord, Dublin Accord တို့တွင် လက်မှတ်ရေးထိုးနိုင်သော အဖွဲ့ဝင်နိုင်ငံဖြစ်သည်အထိ မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ စိစစ်မှုလုပ်ငန်းများအပေါ် FEIAP ကိုယ်စားလှယ်ရှင်များက လာရောက် စစ်ဆေးခဲ့ပြီး ပထမအဆင့် Nation Building အသိအမှတ်ပြုမှုကို ရရှိခဲ့ သည်။

အဆိုပါ အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်များ ပေးအပ်ပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကောင်စီဝင်များ၊ သံတမန်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသား အင်ဂျင်နီယာပညာရှင်များ၊ ပြည်တွင်းမှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာများအပါအဝင် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

**သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)**

**ဓာတ်ပုံ - မင်းထက်**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၇)

# တရားသူကြီး ဂုဏ်ရည်

ဦးဟန်ညွန့် (ဥပဒေ)



**တရားသူကြီးများအကြောင်း**

"ရှေ့နေတစ်ယောက် ပေါက်မြောက်အောင်မြင်"၊ "ရှေ့နေ၏လျှာမဖြတ်သင့်ပါ"စတဲ့ဆောင်းပါးတွေ ဖတ်ရတယ် ဆရာ။ ဆက်စပ်နေတဲ့ တရားသူကြီးများအကြောင်းလည်း ရေးပါဦး။ ရှေ့နေနှင့် တရားသူကြီးဆိုတာက နေ့စဉ်ဆက်စပ်ပတ်သက်နေတဲ့တရားရေးအလုပ်ပဲ။ တရားသူကြီးတွေရဲ့ မြင့်မြတ်တဲ့ဂုဏ်ရည်တွေ၊ ထိန်းသိမ်းပုံတွေအကြောင်းပါ အကောင်းအဆိုး သုံးသပ်ပေးပါဟု မိတ်ဆွေတစ်ဦးက ဆိုလာပြန်ပါသည်။ ထို့ကြောင့် ဤစာကိုရေးပါသည်။

**တရားသူကြီးဆိုသည်မှာ**

တရားသူကြီး Judge ဆိုသည်မှာ တရားသူကြီးရာထူးအမည်ခံသူကိုသာ ဆိုလိုသည်မဟုတ်။ တရားမမှုတွင်ဖြစ်စေ၊ ရာဇဝတ်မှုတွင်ဖြစ်စေ ဆုံးခန်းရောက်စေသည့် စီရင်ချက်ကိုသော်လည်းကောင်း၊ အယူမခံလျှင် ဆုံးခန်းရောက်စေမည့် စီရင်ချက်ကိုသော်လည်းကောင်း ချမှတ်ရန် ဥပဒေအရ အာဏာရသူကိုလည်း ဆိုသည်။ သို့တည်းမဟုတ် ထိုကဲ့သို့သော အာဏာရသော လူစုတွင်ပါဝင်သည့် သူတစ်ဦးဦးကိုလည်း ဆိုလိုသည်။ (**ရာဇသတ်ကြီးပုဒ်မ ၁၉**)

**တရားသူကြီး**

တရားသူကြီး Judge ဆိုသည်မှာ မည်သည့်ရာထူးအမည်ဖြင့်ခန့်အပ်ခံရသည်ဖြစ်စေ၊ မည်သည့်တရားမတရားရုံး သို့မဟုတ် ရာဇဝတ်တရားရုံးတွင်မဆို တရားစီရင်ခွင့်ရှိသော အရာရှိကိုမဆို ဆိုလိုသည်။ [**၁၈၇၉ ခုနှစ် ရှေ့နေလိုက်သူများအက်ဥပဒေ၊ ပုဒ်မ ၃**]

**တရားသူကြီး**

တရားသူကြီးဆိုသည်မှာ တရားမရုံးတွင် ရုံးထိုင်စီရင်သောအရာရှိကို ဆိုလိုသည်။ [**တရားမကျင့်ထုံး၊ ၂ (၈)** ]

**မြန်မာ့တရားစီရင်ရေး**

မြန်မာ့တရားစီရင်ရေးသည် ရာဇသတ်၊ ဓမ္မသတ်နှင့်ဖြတ်ထုံးများကိုအခြေခံသည်။ ရပ်ရွာအေးချမ်းသာယာရေးကို ဦးတည်သည်။ စေ့စပ်ဖျန်ဖြေမှုကိုဦးစားပေးသည်။ ကြီးသောအမှုငယ်စေ၊ ငယ်သောအမှုပပျောက်စေသည်။ လက်ဖက်အတူလက်ဆုံစား၍ ကျေအေးတတ်ကြသောသဘာဝရှိသည်။ ဥပဒေ၏ ပင်ရင်းအခြေအမြစ်များမှာ ဥပဒေပြုခြင်း၊ ဖြတ်ထုံးပြုခြင်း၊ ဓလေ့ထုံးတမ်း လေးစားခြင်း၊ သဘောတူညီချက်ချမှတ်ခြင်းတို့ဖြစ်သည်။

**တရားသူကြီးမမည်ရာသူခုနစ်ယောက်**

**ခုနစ်ယောက်ဟူသည်ကား-**

မျိုးမြတ်သူကိုလိုက်၍ မနိုင်ဘဲအနိုင်ပေးခြင်း၊ ကြေးငွေပဏ္ဏာတံစိုးအများပေး၍ ရှုံးမည့်သူကို အနိုင်စီရင်ခြင်းတစ်ပါး။ အမျိုးသားချင်းဖြစ်သည်ဟု ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ သေဘေးပျက်ဘေးကိုကြောက်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ ရန်သူဖြစ်သည်ဟု နိုင်အံ့သည်ကို အရှုံးပေးခြင်းလည်းတစ်ပါး။ ဟုတ်သည်မဟုတ်သည်ကို မသိမမြင်၍ စီရင်သောသူလည်းတစ်ပါး။ ဟုတ်သည် မဟုတ်သည်ကိုသိလျက် လောဘနိုင်ငံသို့လိုက်၍ ရှုံးစေဟု အာဏာပေး၍ ခြိမ်းခြောက်စီရင်သည်တွင် မဟုတ်သည်ကို ပြီးစေတတ်သော တရားသူကြီးလည်းတစ်ပါး။ ဤသူခုနစ်ယောက်တို့သည် ဆန္ဒာ၊ဒေါသ၊ ဘယာ၊ မောဟသို့လိုက်၍ စီရင်သည်ကို ပြည်ရှင်မင်းဧကရာဇ်၊ အမတ်သူတော်ကောင်းနှင့် တိုင်ပင်၍ နှင်ထုတ်အပ်၏။ စီရင်၍ပြီးရာ ကုန်ကျသမျှကိုလည်း ပြန်စေရာ၏။ သို့မှ ပြည်ရွာတိုင်းကား သာယာမည်။ [**ဦးအေးသွင်နှင့်နိုင်ငံတော်၊ ၁၉၆၆ ၊ မတစ၊၆**]

**တရားစီရင်ရေးအာဏာဟူသည်**

တရားစီရင်ရေးအာဏာသည် ထင်သလိုသုံးရန် ကိုယ်ပိုင်အာဏာမဟုတ်။ အများအကျိုးနှင့် အမှန်ကိုဖြစ်စေရန် ပြည်သူက ယုံကြည်အပ်နှံထားသောအာဏာဖြစ်သည်ဟု မပြတ်သတိချပ်ဖို့လိုသည်။ [ **မောင်ချစ်ထွေးပါ-၂နှင့်နိုင်ငံတော်။ ၁၉၆၇၊ မတစ ၆၉**]

**ဒိုင်လူကြီးများသဖွယ်**

အမှုစစ်တရားသူကြီးများသည် မိမိကိုယ်မိမိ ဒိုင်လူကြီးများသဖွယ်သာလျှင် မှတ်ယူရန်မဟုတ်၊ အမှန်ကိုဖော်ထုတ်ရန်အတွက် ဆီလျော်သည့်မေးခွန်းကို မေးမြန်းသင့်သည်။ ထိုကဲ့သို့ အမှန်ကိုဖော်ထုတ်ရန်အတွက် လျော်ကန်သင့်မြတ်သည့် မေးခွန်းများကို မေးမြန်းနိုင်ရန် ဥပဒေအာဏာများအပ်နှင်းထားသည်။ [**ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်မြ-ပါ-၄ ဦး၊ ၁၉၇၁၊ မတစ၊၃၁** ]

**ရှင်းရှင်းလင်းလင်းလွှတ်ရန်**

တရားလို၊ တရားခံတို့ဘက်က တင်ပြခဲ့သော သက်သေခံချက်တို့ကို ကောင်းစွာချိန်ဆကာ အမှန်တရားကို ကောင်းစွာထုတ်နုတ်၍၊ အမှုမှန်ဖြစ်လျှင် မှန်သလိုသင့်တော်သော အပြစ်ဒဏ်ကို တရားခံအားပေး၍၊ အမှုမှားဖြစ်သည်ဟု ယုံကြည်ရလျှင် တရားခံအား ရှင်းရှင်းလင်းလင်းလွှတ်ရန် ဝတ္တရားသည် တရားသူကြီး(ရုံး)၌ ရှိသည်။ [**မောင်ကျော်ဖေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ မတစ၊ ၃၄**]

**တရားသူကြီး၏ တာဝန်**

တရားသူကြီးတစ်ဦးအနေဖြင့် မည်သည့်ဘက်ကိုမျှ မလိုက်ရန် လိုအပ်သည်သာမက တရားခံ၏ စိတ်ထဲ၌ ဘက်လိုက်သည်ဟု အကြောင်းယုတ္တိနှင့် စိုးရိမ်ကြောင့်ကြမှုပေါ်ပေါက်နိုင်သောအကြောင်းအရာများကိုလည်း ရှောင်အပ်သည်။ ဆိုလိုသည်မှာ တရားမျှတမှုပြုရုံသာမက တရားမျှတမှုပြုကြောင်းကိုလည်း လူအများသိစေအပ်သည်။ [**မောင်ကျော်စိန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၈၊ မတစ၊ ၆၃၉**]

တရားစီရင်ရေးအတွက် တာဝန်ယူထားရသော ပုဂ္ဂိုလ်များသည် တရားခံတစ်ဦး၏စိတ်ထဲ၌တရားစီရင်ရာတွင် မျှတမှုရမည်မဟုတ်။ တစ်ဖက်သို့ ပင်းလိမ့်မည်ဟု စိုးရိမ်ကြောင့်ကြမှု မပေါ်ပေါက်အောင်ပြုမှုရမည်မှာ တာဝန်တစ်ရပ်ဖြစ်သည်။

[**မောင်ကျော်အေးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၃၊ မတစ၊ ၁၁၄** ]

**ဒေါသသည်လည်း အဂတိတစ်ပါး**

ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟဟု အဂတိတရားလေးပါးရှိရာတွင် ဒေါသသည်လည်း အဂတိတစ်ပါးဖြစ်သည်ကို သတိချပ်ရမည်။ အမှုစစ်ဆေးရာတွင် စွပ်စွဲသော ပြစ်မှုသည် မည်မျှပင်ကြီးစေ၊ တရားရုံးက အစွဲအလမ်း၊ အဂတိတရားတို့ကို ဖယ်ရှား၍ တည်ငြိမ်ကြည်လင်စွာ အမှန်ကို ဖော်ထုတ်စစ်ဆေးအပ်သည်။ ထိုအမှန်အပြည့်အစုံကို သုံးသပ်ပြီးမှ စွပ်စွဲချက်မှန်မမှန်ကို တည်ငြိမ်စွာ စဉ်းစားအပ်သည်။ အပြစ်ရှိသည်ဟု တွေ့ရှိမှသာလျှင် နောက်တစ်ဆင့် တက်လှမ်း၍ ထိုက်သင့်သော ပြစ်ဒဏ်ကို သတ်မှတ်ရန် ဖြစ်ပေါ်လာမည်။ ထိုအခါက အမှုအဖြစ်အပျက်၊ ပတ်ဝန်းကျင်အခြေအနေ၊ နစ်နာသူနှင့် တရားခံတို့၏ အခြေအနေ စသည်တို့ကို ကောင်းစွာ လေ့လာ၍ ပြစ်ဒဏ်ကိုသတ်မှတ်ရပေသည်။ ဆီလျော်သော အချက်အလက်များကို စုပေါင်းသုံးသပ်ကာ ဟန့်တားလောက်သော ပြစ်ဒဏ်ကို ပေးသင့်သောအခါတွင် ပေးရသည်။ တရားခံအား ပြုပြင်၍ ဘဝသစ်ထူထောင်ပေးနိုင်ရန် လမ်းဖွင့်ပေးသည့်အခါတွင်လည်း ပေးရသည်။ အချို့ရုံးများသည် တရားခံ၏ အလုပ်အကိုင်ကိုကြည့်၍ ဒေါသမလွတ်စစ်ဆေး စီရင်တတ်ကြသည်ကို တွေ့ရသည်။ ပြည်သူ့ဝန်ထမ်းတစ်ဦး သို့မဟုတ် ပြည်သူကိုကာကွယ်ရမည့် တပ်ဖွဲ့ဝင်တစ်ဦးအား စွပ်စွဲသော အခါမျိုး၌ ယင်းဒေါသကို ရှေ့ထား၍ စီရင်လျှင် မှားယွင်းတတ်သည်ကို မှတ်ချက်ပြုခဲ့သည်။ မှန်ကန်မျှတစေရန်အတွက် အမှုစုံစမ်းရာတွင် လည်းကောင်း၊ စစ်ဆေးစီရင်ရာတွင် လည်းကောင်း ဝီရိယစိုက်ထုတ်၍ မြန်ဆန်ပြည့်စုံသေချာစေရန်လိုသည်။ ထိုသို့မဟုတ်လျှင် တရားခံပင်ပန်းသည် မျှသာမကသေး၊ အဖြစ်အပျက်အမှန်တို့သည်လည်း ပျက်ပြယ်တတ်ကြသည်။ အမှုကို မူလစစ်ဆေးသော တရားရုံးသည် တရားလို၊ တရားခံ၊ သက်သေတို့၏ အပြုအမူကိုလည်း အကဲခတ်ကောင်း၏။ တရားခံတစ်ဦးအားပြစ်မှုထင်ရှားတွေ့ရှိပြီး ဖြစ်လျှင် သင့်မြတ်ရာပြစ်ဒဏ်စီရင်နိုင်ရန်အတွက် ၎င်း၏အခြေအနေ၊ နောက်ကြောင်းစသည်တို့ကို လေ့လာကောင်း၏။

[**မောင်ကြီးမောင်-ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၈၊ မတစ၊ ၅၂**]

**မဟော်သဓာလို အလိုအလျောက်**

တရားရုံးဆိုတာ နှစ်ဖက်အမှုသည်တို့၏ အနိုင်အရှုံးကို ဆုံးဖြတ်ပေးရတာပါ။ မနိုင်၊ မရှုံး၊ သရေအဆုံးအဖြတ်ပေး၍ရသော ရုံးမဟုတ်ပါ။ တရားရုံး၏ အဆုံးအဖြတ်ကို မကျေနပ်သူတွေက ရှိနေမှာ ဓမ္မတာပါ။

တရားသူကြီးဆိုတာလည်း မဟော်သဓာလို ဘယ်သူမှန်၊ ဘယ်သူမှား၊ မိမိအလိုအလျောက် ခွဲခြမ်းသိနိုင်စွမ်းရှိသူမဟုတ်ပါ။ သက်သေခံအထောက်အထားများနှင့် ဥပဒေပြဋ္ဌာန်းချက်များအပေါ် ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံ ပညာရပ်များနှင့်အညီ အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းပါ။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ လက်အောက်တရားရုံးများ၏ အဆုံးအဖြတ်သည် အပြီးအပြတ်မဟုတ်သေးပါ။ အထက်ရုံးများသို့ အယူခံတက်ရောက်ခွင့်၊ ပြင်ဆင်မှုတက်ရောက်ခွင့်ရှိပါတယ်။

ဥပဒေအရ အခွင့်အရေးရှိပါသေးလျက် အယူခံမတက်၊ ပြင်ဆင်မှုမတက်၊ တိုင်စာပို့၊ တရားရုံးကို ဆန္ဒပြတယ်ဆိုတာ ဥပဒေမဲ့လုပ်ရပ်တွေပါ။ တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေသော လုပ်ရပ်တွေပါ။ တရားရုံးကိုလည်း မထီမဲ့မြင်ပြုရာရောက်တဲ့ လုပ်ရပ်တွေပါ။

အမှုအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည်သာ အပြီးအပြတ်ပါ။

[**တရားရေးဂျာနယ်၊ ၂၀၁၆၊ ဖေဖော်ဝါရီလ၊ စာ- ၁၃၅**]

**ဥပဒေ၊ စီရင်ထုံးတွေကများလှသည်**

မှတ်သားစရာ၊ လေ့လာစရာ၊ လိုက်နာစရာဥပဒေနှင့် စီရင်ထုံးတွေများလှပေသည်။ တရားသူကြီးတစ်ယောက်ဖြစ်ဖို့ ကျင့်ဝတ်၊ ကျင့်စဉ်များ၊ ညွှန်ကြားလွှာများ၊ လမ်းညွှန်များ၊ ဆုံးမသြဝါဒများကလည်း မနည်းလှပါ။ ထို့ကြောင့် အမှားအမှန်ဆုံးဖြတ်ရသော တရားသူကြီးများ၏ ဂုဏ်ရည်ကား မြင့်မားလှပါဘိ။ ဂုဏ်ယူမြတ်နိုးဖွယ်လည်း ဖြစ်ပါပေ၏။ တရားခွင်(စင်မြင့်)မှာနေရာယူကာ အများပြည်သူမြင်စေရသော၊ တည်ငြိမ်ရင့်ကျက်သူ၊ နှလုံးသားဖြူစင်သူ၊ အမှန်တရား မြတ်နိုးသူများ (တရားသူကြီးများ) ဖြစ်ကြပါကုန်၏။ ထိုက်တန်သောနေရာ တရားခွင်စင်မြင့်ထက်မှ အမှားအမှန် စီရင်ဆုံးဖြတ်ခွင့်၊ တရားစီရင်ခွင့် အာဏာအပ်နှင်း ခံရသူများ၏ တာဝန်ကလည်း ကြီးလေးမြင့်မြတ်လှပါပေ၏။ မြင့်မြတ်သော တာဝန်ကို မြင့်မြတ်စွာ၊ တည်ငြိမ်စွာ၊ ဂုဏ်ရည်မြင့်မားစွာ ဆုံးဖြတ်နိုင်ကြပါစေ။ သုံးသပ်နိုင်ကြပါစေ။ ဖိနပ်ဖြင့် ပစ်ပေါက် ခံထိုက်သော၊ လေးစားရိုသေမှု မပြုထိုက်သော၊ တရားသစ္စာမရှိသော၊ တရားသူကြီးဂုဏ်ရည်နှင့် မပြည့်စုံသောသူများ ဖြစ်သွားကြမည်လား…။ ဆိုးမိုက်သော တရားသူကြီးများ ချန်ထားရစ်မည်လား…။

မြန်မာ့တရားစီရင်ရေး မူဝါဒ၏တရားမျှတခြင်း၊ ယုံကြည်လေးစားခြင်း၊ ရပ်ရွာအေးချမ်းခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ ကျေအေးပြေငြိမ်းခြင်း၊ လျင်မြန်ခြင်း၊ လွတ်လပ်ခြင်း၊ ပြည်သူအားကိုးယုံကြည်ခြင်း၊ တရားရုံး၏ ဂုဏ်သတင်း ပျံ့သင်းခြင်းများ မွှမ်းထုံ၊ လွှမ်းခြုံပါစေကြောင်း ပြည်သူအပေါင်းက ဆုမွန်ကောင်းခြွေသ၊ ဆုပန်နေကြသည့် ဤအချိန်၊ ဤကာလ…။

**စေတနာ**

(၁) ပန်းရနံ့သည် မွှေး၏၊ ကြိုင်၏။

(၂) မစင်နံ့သည် ပုပ်၏၊ နံ၏။

(၃) တရားသူကြီးများ၏ ဂုဏ်ရည်သည် ပန်းရနံ့ပမာ မွှေးကြိုင်ပါစေကြောင်း၊ တရားသစ္စာတည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းမိ၍ ယုံကြည်အားကိုးသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ…။

**တရားသူကြီးဆိုတာလည်း မဟော်သဓာလို ဘယ်သူမှန်၊ ဘယ်သူမှား၊ မိမိအလိုအလျောက် ခွဲခြမ်းသိနိုင်စွမ်းရှိသူ မဟုတ်ပါ။ သက်သေခံအထောက်အထားများနှင့် ဥပဒေပြဋ္ဌာန်းချက်များအပေါ် ဆင်ခြင်တုံတရားနှင့် အတွေ့အကြုံ ပညာရပ်များနှင့်အညီ အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းပါ**

## အောင်ဇေယျကြိုးတံတားအဆင်း တစ်ထိပ်လမ်းဆုံတွင် မီးပွိုင့်ထားရှိပါက ယာဉ်ကြောပိတ်ဆို့မှုပြေလျော့နိုင်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအား ပေါင်းကူးဆက်သွယ်ပေးထားသော လှိုင်မြစ်ကူးတံတားကြီးဖြစ်သည့် အောင်ဇေယျကြိုးတံတားတွင် နေ့စဉ်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိပြီး တံတားအဆင်း လှိုင်သာယာ တစ်ထိပ်လမ်းဆုံတွင် ယာဉ်များပိတ်ဆို့မှုကြောင့် ရေရှည်တွင်တံတား၏ ခံနိုင်ဝန်ကိုထိခိုက်နိုင်သည်။ ထိုတစ်ထိပ်လမ်းဆုံတွင် မီးပွိုင့်တပ်ဆင်ပါက ယာဉ်များသွားလာမှု အဆင်ပြေစေမည့်အပြင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုကိုလည်း တားဆီးနိုင်မည်ဖြစ်သည်။ ကြိုးတံတား၏ ကြံ့ခိုင်မှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

"လှိုင်သာယာမှာ ယာဉ်ကြောပိတ်ဆို့မှုအများဆုံးဖြစ်တဲ့ နေရာက ဒီတစ်ထိပ်လမ်းဆုံပဲ။ နေ့တိုင်းယာဉ်သွားလာမှုများတဲ့ လမ်းဆုံဖြစ်တဲ့အတွက် ယာဉ်ပိတ်ဆို့မှုဖြစ်တာ များတယ်။ မီးပွိုင့်ထားမယ်ဆိုရင် သူ့စည်းကမ်းအတိုင်း ယာဉ်တွေဖြတ်သန်းနိုင်မှာပါ"ဟု မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင် တစ်ဦးကပြောသည်။

လှိုင်သာယာတွင် သမကုန်းအဝိုင်း၊ ဘီအိုစီအဝိုင်းနှင့် တစ်ထိပ်လမ်းဆုံတို့မှာ ရန်ကုန်-ပုသိမ်နှင့် ရန်ကုန်-ညောင်တုန်း လမ်းမကြီးပေါ်တွင်ရှိသော လမ်းမကြီးများဖြစ်သည့်အတွက် ယာဉ်များသွားလာမှုအဆင်ပြေချောမွေ့ရန်အထူးလိုအပ်သော လမ်းမကြီးများဖြစ်သည်။ အောင်ဇေယျတံတားအဆင်းဖြစ်သော တစ်ထိပ်လမ်းဆုံတွင်လည်း မီးပွိုင့်တပ်ဆင်နိုင်ခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းမှုနှင့်အတူ ကြိုးတံတားကြံ့ခိုင်မှု ရေရှည်ကောင်းမွန်စေမည်ဖြစ်သည်။

**သန်းထိုက်(လှိုင်သာယာ)**



ပြီးခဲ့တဲ့နှစ် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ ဒုတိယ ရယူနိုင်မှုနဲ့အတူ လာမယ့်နှစ် ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိခဲ့တဲ့ ဘရိုက်တန်ဟာ အသင်းကို ၁၉၀၁ ခုနှစ် ဇွန်လ ၂၄ ရက်နေ့မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ကလပ်သက်တမ်းက ၁၁၆ နှစ်တိတိ ရှိပြီဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၁၀ ပြည့်နှစ်မှာ ပထမတန်းချန်ပီယံဗီလာကို အနိုင်ယူပြီး ရယူနိုင်ခဲ့တဲ့ ကွန်မြူနတီဒိုင်းတစ်ခုသာ ဘရိုက်တန်ရဲ့ ကလပ်သက်တမ်းအတွင်း အောင်မြင်မှုအဖြစ် ပြစရာရှိတယ်။

ဒါ့အပြင် ဘရိုက်တန်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲနဲ့လည်း အစိမ်းသက်သက် အသင်းတစ်သင်းဖြစ်ပြီး လာမယ့်နှစ်မှသာ ပရီမီယာလိဂ်ကို ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခွင့်ရရှိခဲ့တာဖြစ်တာကြောင့် တန်းတက်လာတဲ့သုံးသင်းထဲမှာ ဘရိုက်တန်ဟာ အစဉ်အလာအရရော အောင်မြင်မှုအရပါ သေးနုတ်နုံချာမှုအရှိဆုံး ဖြစ်နေပါတယ်။

### မအောင်မြင်တဲ့အသင်း

ဘရိုက်တန်ဟာ အသင်းတည်ထောင်ပြီးတဲ့နောက် နှစ်ပေါင်း ၇၈ နှစ်မှသာ အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲ (ယခု ပရီမီယာလိဂ်)ကို ပထမဆုံးအကြိမ်အဖြစ် စတင်တက်ရောက်နိုင်ခဲ့တာဖြစ်ပြီး အစောပိုင်းနှစ်တွေအတွင်း အောက်တန်းပြိုင်ပွဲတွေမှာသာ ကျင်လည်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ဘရိုက်တန်ဟာ အဆိုပါ ပထမတန်းပြိုင်ပွဲမှာ ဘောလုံးရာသီ လေးရာသီသာ ကျင်လည်နိုင်ခဲ့ပြီး ၁၉၈၂-၈၃ ရာ သီမှာ အဆိုပါ ပထမတန်းပြိုင်ပွဲအတွင်း အဆင့် (၂၂) နေရာမှသာ ရပ်တည်နိုင်ခဲ့လို့ ဒုတိယတန်းကို ပြန်လည်ဆင်းသက်ခဲ့ရကာ အဆိုပါ အချိန်ကတည်းက အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲနဲ့ ဘရိုက်တန်တို့ ဝေးကွာခဲ့ရတာဖြစ်ပြီး အခု နှစ်ပေါင်း ၃၄ နှစ်ကြာမှသာ အင်္ဂလန်ရဲ့ အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့ ပရီမီယာလိဂ်ကို ပြန်လည်ခြေချခွင့် ရရှိခဲ့တာဖြစ်တယ်။

ပြောမယ်ဆိုရင် ဘရိုက်တန်ဟာ ကလပ်သက်တမ်း ၁၁၆ နှစ်တိတိ ရှိပြီဖြစ်ပေမယ့် အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံး အမှတ်ပေးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့နှစ်ဟာ လေးနှစ်သာရှိခဲ့ပြီး ကျန်နှစ်ပေါင်း ၁၁၂ နှစ်စလုံးကို အောက်တန်းပြိုင်ပွဲတွေမှာသာ ကျင်လည်ခဲ့ရတာဖြစ်တယ်။ အထူးသဖြင့် ဘရိုက်တန်ဟာ ၁၉၈၂-၈၃ ရာသီအကုန်မှာ ပထမတန်းပြိုင်ပွဲကနေ တန်းဆင်းခဲ့ရပြီးတဲ့နောက် ဒုတိယတန်းပြိုင်ပွဲမှာသာ အများစု ကျင်လည်ခဲ့ရတာ မှန်ပေမယ့်လည်း ၁၉၉၆-၉၇ ရာသီကနေ ၂၀၀၀-၀၁ ရာသီအတွင်းမှာဆိုရင် ဘရိုက်တန်ဟာ အင်္ဂလန်ဘောလုံးလောကရဲ့ စတုတ္ထတန်းပြိုင်ပွဲအထိတောင် ဆင်းသက်ကစားခဲ့ရတဲ့အထိ အခြေအနေဆိုးတွေနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

### အတက်အကျများနဲ့အသင်း

ဘရိုက်တန်ဟာ ၂၀၀၀-၀၁ ရာသီမှာ စတုတ္ထတန်းပြိုင်ပွဲအတွင်း ချန်ပီယံဖြစ်မှုကြောင့် တတိယတန်းကို ၂၀၀၁-၀၂ ရာသီမှာရောက်ရှိခဲ့ကာ အဆိုပါပြိုင်ပွဲမှာလည်း ချန်ပီယံဖြစ်ခဲ့မှုနဲ့အတူ ၂၀၀၂-၀၃ ရာသီမှာ ဒုတိယတန်းကို ပြန်လည်ရောက်ရှိလာခဲ့တာဖြစ်ပေမယ့် အဆိုပါနှစ်မှာပဲ ဒုတိယတန်းကနေ တန်းပြန်ဆင်းခဲ့ရကာ ၂၀၀၄-၀၅ မှာ ဒုတိယတန်းပြိုင်ပွဲဖြစ်တဲ့ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲကို




# ပြည့်စုံမှုမရှိသေးတဲ့ ဘရိုက်တန်

**ဝေမိုးဆက်**

ပြန်လည်တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဘရိုက်တန်ဟာ ၂၀၀၅-၀၆ ရာသီမှာ တန်းပြန်ဆင်းခဲ့ရပြီး ၂၀၁၀-၁၁ ရာသီမှသာ လိဂ်ဝမ်းပြိုင်ပွဲအတွင်း ချန်ပီယံဖြစ်မှုနဲ့အတူ ၂၀၁၇-၀၈ ရာသီမှာ ဒုတိယတန်းဖြစ်တဲ့ လိဂ်ချန်ပီယံရှစ်ကို ပြန်လည်တက်ရောက်နိုင်ခဲ့တဲ့အပြင် နောက်ပိုင်းမှာ တန်းပြန်ဆင်းရခြင်းမရှိခဲ့ဘဲ ပြီးခဲ့တဲ့နှစ် လိဂ်ချန်ပီယံရှစ်မှာ ပရီမီယာလိဂ်ပြိုင်ပွဲကို တက်ရောက်ခွင့် တိုက်ရိုက်ရယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပြနိုင်ခဲ့တာဖြစ်ပါတယ်။

ဘရိုက်တန်ဟာ အခုနောက်ဆုံး လိဂ်ချန်ပီယံရှစ်မှာကစားခဲ့တဲ့ ဘောလုံးရာသီ ခြောက်ရာသီအနက် လေးကြိမ်တိုင်တိုင် ပရီမီယာလိဂ်ကို ရောက်နိုင်ခွင့်နဲ့ နီးစပ်ခဲ့တာဖြစ်ပေမယ့် အရင် သုံးကြိမ်ကတော့ နီးစပ်ရုံသာရှိခဲ့ပြီး အောင်မြင်ခြင်းတော့ မရှိခဲ့ပါဘူး။ ၂၀၁၂-၁၃ ရာသီ၊ ၂၀၁၃-၁၄ ရာသီ၊ ၂၀၁၅-၁၆ ရာသီတွေမှာ တန်းတက်ခွင့်အတွက် အဆုံးအဖြတ် ပွဲတွေ ကစားခွင့်ရခဲ့ပေမယ့် အဆိုပါ အဆုံးအဖြတ် ပွဲတွေမှာ အရေးနိမ့်ခဲ့ရတဲ့အတွက် ဘရိုက်တန်တို့ ပရီမီယာလိဂ်နဲ့ ဝေးကွာခဲ့ရကာ ပြီးခဲ့တဲ့ရာသီကမှသာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ဒုတိယရမှုနဲ့အတူ ပရီမီယာလိဂ်ကို တိုက်ရိုက်တက်ရောက်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

### မပြည့်စုံသေးတဲ့ဘရိုက်တန်

ဒါပေမယ့် ပြိုင်ပွဲကြီးတွေနဲ့ အတွေ့အကြုံ ပြည့်ဝမှုမရှိတဲ့ ဘရိုက်တန်အနေနဲ့ လာမယ့်နှစ် ပရီမီယာလိဂ်မှာ ဝင်ဆံ့နိုင်ဖို့ဆိုရင်တော့ အင်အားဖြည့်တင်းနိုင်မှုတွေ လိုအပ်နေပါတယ်။ လက်ရှိအချိန်မှာ ဘရိုက်တန်က အင်ဂိုစတက် ကွင်းလယ်ကစားသမား ပါစကယ်ဂရို၊ ဆဲလ်တစ် ညာတောင်ပံခံစစ်မှူး ဂျိုကာ၊ ဗလန်စီယာဂိုးသမား မက်သရူးရိုင်ယန်တို့ကို အားဖြည့်ခေါ်ယူထားတာ မှန်ပေမယ့် အဆိုပါအခြေအနေလောက်နဲ့ ပြည့်စုံမှုမရှိနိုင်ပါဘူး။

ဘရိုက်တန်ဟာ မနှစ်က ဂိုးရရှိဖို့အတွက် ၃၃ နှစ်အရွယ်တိုက်စစ်မှူး ဂလင်းမာရေး အပေါ်မှာ အများစု မှီခိုခဲ့ရတာဖြစ်လို့ တိုက်စစ်ပိုင်းကိုပါ ထပ်မံအားဖြည့်ဖို့လိုအပ်နေခဲ့ပါတယ်။ ဒါ့အပြင် ဘရိုက်တန်ရဲ့ လက်ရှိမန်နေဂျာ ခရစ်ဟတ်တန်ဟာ စပါး၊ နယူးကာဆယ်တို့မှာ လက်ထောက်မန်နေဂျာအဖြစ် တာဝန်ယူခဲ့ဖူးသူ ဖြစ်ပေမယ့် နယူးကာဆယ်နဲ့အတူ ပရီမီယာလိဂ်ပွဲအတွင်း ကိုင်တွယ်ခွင့်ရခဲ့ရာမှာတော့ ရလဒ်ဆိုးရွားမှုတွေကြောင့် ထုတ်ပယ်ခံခဲ့ရဖူးသူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘရိုက်တန်အနေနဲ့ လာမယ့်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဝင်ဆံ့နိုင်ဖို့ဆိုရင် ဒီထက်မကတဲ့ အားဖြည့်မှုတွေလုပ်ဆောင်ဖို့ လိုအပ်နေသေးတယ်လို့သာ ဆိုချင်မိပါတယ်။ ။

| ဘရိုက်တန် | |
|---|---|
| **အသင်းမှတ်တမ်း** | **အောင်မြင်မှုများ** |
| တည်ထောင်သည့်နှစ် - ၁၉၀၁ | ကွန်မြူနတီဒိုင်းချန်ပီယံ - ၁ ကြိမ် (၁၉၁၀) |
| အမည်ပြောင် - The Seagulls | |
| အိမ်ကွင်း - Falmer Stadium | |
| ဝင်ဆံ့မှု - ၃၀၇၅၀ | |
| ဥက္ကဋ္ဌ - တိုနီဘလွန်း | |
| မန်နေဂျာ - ခရစ်စ်ဟတ်တန် | |
| ကပ္ပတိန် - ဘရူနို | |

**ဘရိုက်တန်အနေနဲ့ လာမယ့်နှစ် ပရီမီယာလိဂ်မှာ ဝင်ဆံ့နိုင်ဖို့ဆိုရင်တော့ အင်အားဖြည့်တင်းနိုင်မှုတွေ လိုအပ်နေပါတယ်။ လက်ရှိအချိန်မှာ ဘရိုက်တန်က အင်ဂိုစတက် ကွင်းလယ်ကစားသမား ပါစကယ်ဂရို၊ ဆဲလ်တစ် ညာတောင်ပံခံစစ်မှူး ဂျိုကာ၊ ဗလန်စီယာဂိုးသမား မက်သရူးရိုင်ယန်တို့ကို အားဖြည့်ခေါ်ယူထားတာမှန်ပေမယ့် အဆိုပါအခြေအနေလောက်နဲ့ ပြည့်စုံမှုမရှိနိုင်ပါဘူး။**




## ဖိအားများကိုရင်ဆိုင်ရန် ပြင်ဆင်ထားသည်ဟု အာဆင်နယ်တိုက်စစ်မှူး ဂျီရူး ဖွင့်ဟ

အာဆင်နယ်အသင်း တိုက်စစ်မှူး အိုလီဗာဂျီရူးက မိမိ၏ အာဆင်နယ်ကစားသမားဘဝအနာဂတ် မည်သို့ဖြစ်လာမည်ဆိုသည်ကို သိရှိခြင်းမရှိသေးသော်လည်း အာဆင်နယ်အသင်းတွင် ဆက်ရှိနေဖြစ်ပါက ကြုံတွေ့လာရမည့် ဖိအားများကို အကောင်းဆုံးရင်ဆိုင်ရန် ပြင်ဆင်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခု နွေရာသီဈေးကွက်ကာလအတွင်းတွင် အာဆင်နယ်သို့ ရောက်ရှိလာသူ တိုက်စစ်မှူး လာကာဇက်တီသည် အသင်း၏ ပထမဦးစားပေး တိုက်စစ်မှူးဖြစ်လာရန် အလားအလာရှိနေခြင်းကြောင့် တိုက်စစ်မှူး ဂျီရူးအနေဖြင့် အာဆင်နယ်တွင် ပွဲထွက်ကစားခွင့်ရရှိရန် ရုန်းကန်ရဖွယ်ရှိနေသည်။ ဂျီရူးသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက်လိဂ်ပွဲပေါင်း ၂၉ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၂ ဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲထွက် ကစားသမားအဖြစ် ၁၁ ပွဲသာ ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ရာသီ၌ ပြိုင်ပွဲစုံတွင် ၃၉ ပွဲ ပါဝင်ခွင့်ရရှိခဲ့သော်လည်း ပွဲထွက်ပါဝင်ခွင့်အဖြစ် ၁၆ ပွဲသာ ရရှိခဲ့သည်။

တိုက်စစ်မှူး ဂျီရူး(၃၀နှစ်)အား အဲဗာတန်နှင့် ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ "ကျွန်တော့် အနာဂတ် ဘယ်လိုဖြစ်လာမလဲဆိုတာ မသိသေးပါဘူး။ ဒါပေမယ့် ကျွန်တော်က အာဆင်နယ်ကစားသမားတစ်ဦးအဖြစ်ပဲ ရှိနေတာမို့ ပရော်ဖက်ရှင်နယ်ကစားသမားတစ်ဦးပီပီ ရာသီသစ်အတွက် အကောင်းဆုံး ပြင်ဆင်နေပါတယ်။ ပြီးခဲ့တဲ့ရာသီကထက် လာမယ့်ရာသီမှာ ပွဲထွက်ခွင့် ရရှိရေးပြိုင်ဆိုင်မှုက ပိုမိုပြင်းထန်လာမှာသေချာတယ်။ ဒါပေမယ့် တိုက်စစ်မှူးတစ်ဦးအတွက် ဖိအားတွေကို ခံစားနေရတာက နှစ်သက်စရာတစ်ခုပါ။ ကျွန်တော့်အနေနဲ့ ဒီလိုအခြေအနေမျိုးနဲ့လည်း အသားကျနေပါပြီ။ ကျွန်တော်ဟာ ပြီးခဲ့တဲ့ရာသီမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပေမယ့် အောင်မြင်စွာ ပြန်လည်ရုန်းထနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ရာသီကြိုပြင်ဆင်မှုတွေအပေါ် အာရုံစိုက်နေတယ်"ဟု တိုက်စစ်မှူး ဂျီရူးက ပြောဆိုခဲ့သည်။

**ထက်အောင်**

# မန်ယူအသင်းအတွက် အနာဂတ်ကောင်းတွေ ယူဆောင်ပေးမယ့် တိုက်စစ်မှူးလူကာကူ

● အောင်က



မန်ယူအသင်းဟာ အဲဗာတန် တိုက်စစ်မှူးလူကာကူကို ပေါင် ၇၅ သန်းနဲ့ ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ ဒါဟာ မန်နေဂျာ မော်ရင်ဟိုအတွက်တော့ အသင်းကနေ ထွက်ခွာသွားတဲ့ ရွှန်းနေနဲ့ အီဘရာဟီမိုဗစ်တို့ရဲ့နေရာမှာ အကောင်းဆုံးအစားထိုးမှုလည်းဖြစ်ပါတယ်။ လူကာကူဟာ ပြီးခဲ့တဲ့ရာသီကလည်း ပရီမီယာလိဂ်သွင်းဂိုး ၂၅ ဂိုး သွင်းယူပေးထားပြီး ပရီမီယာလိဂ်မှာ ခြေစွမ်းပြခဲ့တဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်ယူအသင်းကနေ သူ့ကိုထိုက်တန်စွာခေါ်ယူခဲ့ခြင်း ဖြစ်ပါတယ်။ အဲ့ဒီလိုခေါ်ယူရလောက်အောင် လူကာကူရဲ့ခြေစွမ်းနဲ့ အခြေအနေတွေက ကောင်းလွန်းတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

### ပရီမီယာလိဂ်ရဲ့ဂိုးသွင်းကောင်းသူ

၂၀၁၂ ခုနှစ်နောက်ပိုင်းကြည့်မယ်ဆိုရင် ပရီမီယာလိဂ်မှာ လူကာကူထက် ဂိုးပိုသွင်းယူနိုင်တဲ့ကစားသမားဆိုလို့ အဂူရိုတစ်ယောက်ပဲရှိပါတယ်။ လူကာကူဟာ အဲဗာတန်အသင်းအတွက် အကောင်းဆုံးခြေစွမ်းတွေနဲ့ ကစားပေးထားခဲ့ပေမယ့်အသင်းကိုတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် မစွမ်းဆောင်ပေးနိုင်ခဲ့ပါဘူး။ ဒါ့အပြင်သူဟာ ဝက်စ်ဘရွန်းနဲ့ အဲဗာတန်အသင်းတို့မှာတောင် အငှားနဲ့ ကစားခဲ့ရပါသေးတယ်။ ဒါပေမယ့် သူဟာ အဲဗာတန်အသင်းမှာတော့ အောင်မြင်မှုတွေဖူးပွင့်ခဲ့သူလို့ ပြောရမှာပါ။

သူဟာအဲဗာတန်အသင်းကို ၂၀၁၃ ခုနှစ်မှာ အသင်းရဲ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၂၈ သန်းနဲ့ ရောက်ရှိလာခဲ့တယ်။ အဲဗာတန်အသင်းကို ရောက်ရှိခဲ့ပြီးနောက်ပိုင်းအသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တယ်။ ဒါ့အပြင်ပြီးခဲ့တဲ့ရာသီက အသင်းနဲ့အတူ ဂိုး ၃၀ ကျော်သွင်းယူပေးခဲ့ပြီး အဲဗာတန်အသင်းရဲ့တစ်ရာသီအတွင်းဂိုးသွင်းအများဆုံးကစားသမားစာရင်းမှာ ပါဝင်ခဲ့တယ်။ သူဟာ အသက် ၂၄ နှစ် မတိုင်ခင်မှာပဲ ပရီမီယာလိဂ်ဂိုး ၈၀ ကျော်သွင်းယူပြီး ရော်ဘီဖောင်လာ၊ မိုက်ကယ်အိုဝင်၊ ရွှန်းနေတို့နည်းတူ ပရီမီယာလိဂ်မှာ မှတ်တိုင်သစ်စိုက်ထူထားနိုင်ခဲ့သူ ဖြစ်ပါတယ်။

### တန်ကြေးနဲ့ထိုက်တန်သူ

လူကာကူနဲ့ပတ်သက်ပြီး ပြောစရာအကောင်းဆုံးအချက်က အသက်အရွယ်ပါ။ ကစားသမားတစ်ဦးအတွက် အကောင်းဆုံးအချိန်ကိုပြောပါဆိုရင် ၂၀နဲ့ ၂၈ နှစ်ကြားလို့တောင် ပြောရမယ်။ အခုတော့ လူကာကူရဲ့အသက်က ၂၄ နှစ် ပြည့်ရုံသာရှိသေးတယ်။ ကစားသမားတစ်ဦးအနေနဲ့ ဒီလိုအသက်အရွယ်မှာသာ ပုံမှန်ကစားခွင့်ရပြီး လိုအပ်တဲ့ အတွေ့အကြုံတွေသာရှိမယ်ဆိုရင် အသင်းကြီးတွေကို ပြောင်းရွှေ့ဖို့ အခွင့်အရေးအရဆုံး အချိန်လည်းဖြစ်တယ်။ ဒါကြောင့်ဘောလုံးသီအိုရီအရပြောရမယ်ဆိုရင် လူကာကူဟာ ဆက်လက်တိုးတက်လာနိုင်တယ်။ နှစ်နှစ်၊ သုံးနှစ်အတွင်း ဒီထက် ပိုကောင်းတဲ့ကစားသမားတစ်ဦးတောင် ဖြစ်လာနိုင်တယ်။

ဒီအသက်အရွယ်မျိုးဟာအသင်းတစ်သင်းအနေနဲ့ ကစားသမားတစ်ဦးကို တာရှည်စွာ ရင်းနှီးမြှုပ်နှံသင့်တဲ့အရွယ်လို့ ပြောရမယ်။ အခုအရွယ်ဟာ ကျဖို့ထက် တိုးတက်မှုနဲ့အတူ အတက်ဘက်က ပိုများတယ်လို့ ပြောရမယ်။ ဒါကြောင့် အသက် ၂၈နှစ်၊ ၂၉ နှစ် ကစားသမားထက် အခုလိုအသက်အရွယ်ငယ်တဲ့ ကစားသမားကို ခေါ်ယူတာဟာ ပိုကောင်းတယ်လို့ ပြောရမယ်။ သူ့ရဲ့တန်ကြေးဟာ များလွန်းတယ်လို့တော့ ဆိုနိုင်တယ်။ ဒါပေမယ့်သူဟာ လာမည့်တစ်နှစ်၊ နှစ်နှစ်အ တွင်း လက်ရှိပြောင်းရွှေ့ကြေးထက် နှစ်ဆလောက် အထိ မြင့်တက်မလာနိုင်ဘူးလို့တော့ ဘယ်သူမှ မပြောနိုင်ဘူး။

### ဟယ်ရီကိန်းထက် လွယ်ကူစွာခေါ်ယူနိုင်ခဲ့သူ

ဟယ်ရီကိန်းဟာ ပရီမီယာလိဂ်မှာတော့ လူကာကူထက် ပိုမိုခြေစွမ်းပြပြီး လူကြိုက်များတဲ့ တိုက်စစ်မှူးတစ်ဦးလို့ပြောရမယ်။ ဒါပေမယ့်သူ့ကို ဒီနှစ်နွေရာသီမှာတော့ ခေါ်ယူဖို့ဆိုတာဟာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တကယ်လို့ ခေါ်ယူနိုင်မယ်ဆိုရင်တော့ ပြောင်းရွှေ့ကြေးက ပေါင်သန်း ၁၀၀ လောက်အထိ ရှိလာနိုင်တယ်။ အဲ့ဒီထက်တိုးဖို့သာ ရှိတယ်။ လျော့ဖို့ကမရှိဘူး။ ဒါပေမယ့် လူကာကူကတော့ အဲ့ဒီလို မဟုတ်ဘူး။ သူဟာ အဲဗာတန်အသင်းက စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့ ကြိုးစားမှုကို ငြင်းပယ်ပြီးအသင်းကနေထွက်ဖို့ ကြိုးစားနေခဲ့သူ ဖြစ်တယ်။ ဒါကြောင့်လည်း အဲဗာတန်ကသူ့ကို မဖြစ်မနေရောင်းရတော့မယ်ဆိုတာကို အသင်းတိုင်းက သိတယ်။ အဲ့ဒီလိုအခြေအနေတွေကြောင့်လည်း အဲဗာတန်အသင်းဟာ သူ့ကို ထုတ်ရောင်းလိုက်တာဖြစ်တယ်။ ဒါကြောင့်လည်း ပြောင်းရွှေ့ကြေးနဲ့ပတ်သက်ရင် ဘဏ္ဍာငွေကို သိပ်ကြည့်စရာမလိုတဲ့မန်ယူအသင်းက လူကာကူကိုခေါ်ယူနိုင်တာလည်း ဖြစ်ပါတယ်။

### သူရဲ့ခန္ဓာကိုယ်နဲ့ ကြံ့ခိုင်မှု

တိုက်စစ်မှူးတစ်ဦးရဲ့ အရည်အသွေးကို သူ့အနေနဲ့ ဂိုးဘယ်လောက် သွင်းယူနိုင်လဲဆိုတဲ့အပေါ်မှာ ဆုံးဖြတ်ကြပါတယ်။ ဒါကြောင့်လည်း တိုက်စစ်မှူးတွေဟာ အခြားကစားသမားတွေထက် ပြောင်းရွှေ့ကြေးပိုများကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် ယနေ့ဘောလုံးလောကမှာကတော့ ပြောင်းလဲမှုရှိလာခဲ့ကြပါတယ်။ တိုက်စစ်မှူးတစ်ဦးဟာ ဂိုးသွင်းယူနိုင်ဖို့သာမက နည်းစနစ်ပိုင်းလည်း ကောင်းမွန်ရမယ်လို့ ပြောရမယ်။ လူကာကူကတော့ အထောင်တိုက်စစ်မှူးတစ်ဦးအဖြစ် ကစားနိုင်ရုံသာမက အသင်းဖော်တွေနဲ့လည်း တွဲဖက်ကစားနိုင်တဲ့သူဖြစ်တယ်။ အမြင့်ဘောတွေကိုလည်း ကောင်းကောင်းကစားနိုင်သလို တန်ပြန်တိုက်စစ်ကစားတဲ့အခါမှာလည်း သူဟာအားကိုးရတဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ် တွေ့ရမှာဖြစ်ပါတယ်။သူ့ရဲ့မြင့် မားတဲ့အရပ်အမောင်းကလည်း ပြိုင်ဘက်နောက်တန်းကစားသမားတွေထက် ခေါင်းတစ်လုံးပိုအောင် ခုန်နိုင်တယ်။ ဒါ့အပြင် အရှေ့နဲ့ကွင်းလယ်ကို ချိတ်ဆက်ပြီး မမောတမ်းကစားနိုင်တဲ့သူလို့လည်း ပြောရမှာ ဖြစ်ပါတယ်။

ဒါတွေကြောင့်လည်း လူကာကူကို ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့ ခေါ်ယူရခြင်းဟာ မန်ယူအသင်းအတွက်တော့ များတယ်လို့မဆိုနိုင်ပါဘူး။ လက်ရှိလူကာကူရဲ့အသက်အရွယ် ခြေစွမ်းတွေကို မျှော်ကြည့်လိုက်မယ်ဆိုရင်လည်း မန်ယူအသင်းအတွက် အနာဂတ်ကောင်းတွေ ယူဆောင်ပေးလာနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးလို့ပြောရမှာဖြစ်ပါတယ်။ ။

**တိုက်စစ်မှူးတစ်ဦးဟာ ဂိုးသွင်းယူနိုင်ဖို့သာမက နည်းစနစ်ပိုင်းလည်း ကောင်းမွန်ရမယ်လို့ ပြောရမယ်။ လူကာကူကတော့ အထောင်တိုက်စစ်မှူးတစ်ဦးအဖြစ် ကစားနိုင်ရုံသာမက အသင်းဖော်တွေနဲ့လည်း တွဲဖက်ကစားနိုင်တဲ့သူ ဖြစ်တယ်။ အမြင့်ဘောတွေကိုလည်း ကောင်းကောင်းကစားနိုင်သလို တန်ပြန်တိုက်စစ်ကစားတဲ့အခါမှာလည်း သူဟာအားကိုးရတဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ်တွေ့ရမှာ ဖြစ်ပါတယ်။**

## မန်ယူအသင်း၏ ကပ္ပတိန်သစ်အဖြစ် ကာရစ်အား ခန့်အပ်



၂၀၀၄ ခုနှစ်မှစတင်ကာ မန်ယူအသင်း၏ ကပ္ပတိန်အဖြစ် တာဝန်ယူခဲ့သူ တိုက်စစ်မှူး ဝိန်းရွန်းနေသည်အသင်းဟောင်း အဲဗာတန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့ပြီးနောက် မန်ယူအသင်း တာဝန်ရှိသူများသည် အသင်း၏ ကပ္ပတိန်သစ်အဖြစ် ဝါရင့်ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်အား ခန့်အပ်လိုက်သည်။

အင်္ဂလန်ကစားသမား ကာရစ် (၃၅ နှစ်)သည် ၂၀၀၆ ခုနှစ် နွေရာသီအတွင်းတွင် စပါးအသင်းမှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိမန်ယူကစားသမားများအနက် မန်ယူကစားသမားဘဝ သက်တမ်းအရှည်ကြာဆုံး ကစားသမားအဖြစ် ရပ်တည်နေသူ ဖြစ်သည်။ မန်ယူအသင်းနှင့် ကာရစ်တို့သည် ပြီးခဲ့သည့် မေလအတွင်းတွင် ၂၀၁၈ ခုနှစ် ဇွန်လအထိ သက်တမ်းရှိ သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကာရစ်က "တကယ့်ကို ကောင်းမွန်တဲ့ ခံစားမှုခံစားပါတယ်။ မန်ယူလိုအသင်းမျိုးရဲ့ ကပ္ပတိန်အဖြစ် တာဝန်ယူခွင့်ရတာက တကယ့်ကို ဂုဏ်ယူစရာပါပဲ။ အခုဆိုရင် ကျွန်တော့်ရဲ့ မန်ယူကစားသမားဘဝ သက်တမ်းက ၁၂ နှစ်ရှိပါပြီ။ ကျွန်တော့်အနေနဲ့ မန်ယူမှာ ဒီလောက် နှစ်ကာလကြာရှည်အောင် နေနိုင်လိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ အခုလို နှစ်များစွာ ပါဝင်ကစားခွင့် ရရှိခြင်းဟာ တကယ့်ကို ကျေနပ်စရာပါပဲ။ ကျွန်တော်က မန်ယူကို ဘောလုံးသမားတစ်ဦးအနေနဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး အခုအချိန်မှာတော့ မန်ယူရဲ့အမာခံပရိသတ်တစ်ဦးလည်းဖြစ်နေပါပြီ။ အခုဆိုရင် ကျွန်တော်က လူငယ်ကစားသမားတွေကို ဦးဆောင်ပေးတာ၊ ကြည့်ရှုစောင့်ရှောက်ပေးတာ၊ လမ်းညွှန်ပေးတာတွေကို ပြုလုပ်နေရပြီး ဒါတွေကလည်း ကျေနပ်စရာပါပဲ"ဟု ပြောဆိုခဲ့ သည်။

ကွင်းလယ်ကစားသမား ကာရစ်သည် ၂၀၁၅ ခုနှစ်မှ စတင်ကာ မန်ယူအသင်း၏ ဒုတိယကပ္ပတိန်အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသူဖြစ်သည်။

မန်ယူအသင်း၏ ကပ္ပတိန်အဖြစ် ဒင်းနစ်လော၊ ဘော်လ်ဘီချာလ်တန်၊ ကန်တိုနာ၊ ရွိုင်ကိန်း၊ ဂယ်ရီနေဗီးလ်၊ ဗီဒစ်စသည့် နာမည်ကျော် ကစားသမားများလည်း တာဝန်ယူခဲ့ဖူးသည်။

**ထက်အောင်**

## တိုက်စစ်မှူး လာကာဇက်တီ ဝတ်ဆင်မည့် ဂျာစီနံပါတ်ကို အာဆင်နယ်အသင်း ကြေညာ




ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အာဆင်နယ်အသင်းက လိုင်ယွန်အသင်းမှ ခေါ်ယူခဲ့သူ တိုက်စစ်မှူး အလက်ဇန်းဒါး လာကာဇက်တီသည် အာဆင်နယ်အသင်းတွင် နံပါတ် ၉ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက အတည်ပြုသတင်းထုတ်ပြန်လိုက်သည်။

ပြီးခဲ့သည့် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်း၌ နံပါတ် ၉ ဂျာစီအား စပိန်တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ်က ဝတ်ဆင်ကစားခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် ဒီပို့တီဗိုအသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့လာသူ တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ်အတွက် စုစုပေါင်း ၂၁ ပွဲသာ ပါဝင်ကစားခွင့် ရရှိခဲ့ကာ ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ယခုနွေရာသီအတွင်း အာဆင်နယ် အသင်းက ဩစတြေးလျနှင့် တရုတ်နိုင်ငံများကို သီတင်းပတ် နှစ်ပတ်ကြာ ခြေစမ်းခရီး သွားရောက်ကစားမည့် အာဆင်နယ်အသင်း၏ ကစားသမား ၂၅ ဦး စာရင်းမှ ချန်လှပ်ခံခဲ့ရသည်။ တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ်သည် နံပါတ် ၉ ဂျာစီကို စွန့်လွှတ်ခဲ့ရပြီးနောက် နံပါတ် ၂၈ ဂျာစီကို ပြောင်းလဲဝတ်ဆင်မည် ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်ကာလများအတွင်းတွင် အာဆင်နယ်အသင်း၏ အဓိက ကစားသမားများအဖြစ် ရပ်တည်ခဲ့သည့် အလန်စမစ်နှင့် ပေါလ်မာဆန်တို့သည် နံပါတ် ၉ ဂျာစီကို ဝတ်ဆင်ကစားခဲ့ကြသည်။ ဖရန်ဆစ်ဂျက်ဖားစ်၊ ဂျူလီယိုဘာတစ္စတာ၊ ပတ်ချူယောင်၊ နီကိုးလပ်စ်အနယ်လ်ကာ၊ ဒေဗာဆူကာ၊ ဟိုဆေးအန်တိုနီယိုရေးယက်စ်၊ အက်ဒူယာဒိုနှင့် လူးကပ်စ်ပိုဒေါ်စကီတို့ကဲ့သို့ ကစားသမားများလည်း ဝတ်ဆင်ကစားခဲ့သည်။ အာဆင်နယ်အသင်းသည် ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီ(၂၆ နှစ်)အား ပြီးခဲ့သည့် ဇူလိုင်လ ၅ ရက်တွင် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၄၅သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လိုင်ယွန်အသင်းနှင့် ချုပ်ဆိုခဲ့သည့် စာချုပ်အရ အာဆင်နယ်အသင်းအနေဖြင့် လိုင်ယွန်အသင်းထံသို့ နောက်ထပ်ပေါင် ခုနစ်သန်း ပေးချေရန် အလားအလာရှိနေသည်။

**ထက်အောင်**

# ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌပြောကြား

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ၌ လူတစ်ဦးလျှင် တစ်နှစ် ဆီ ၁၂ ကီလိုဂရမ် သုံးစွဲလျက်ရှိပြီး လူဦးရေ ၅၁ သန်းအတွက် နှစ်စဉ်ဆီ တန်ချိန် တစ်သန်း သုံးစွဲလျက်ရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်နေသော ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ရန်လိုကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက ပြောသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧက ၁၆ ဒသမ ၅ ရာခိုင်နှုန်းနှင့်ညီမျှသော ဧက ခုနစ်သန်းခွဲပေါ်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ရာသီဥတုပေါ် တည်မှီ၍ ဆီထွက်သီးနှံတန်ချိန် ၁၂ သိန်းမှ ၁၅ သိန်းအထိ ထွက်ရှိကြောင်း၊ ယင်းဆီထွက်သီးနှံအားလုံးကို ဆီကြိတ် မည်ဆိုလျှင် တန်ချိန် ငါးသိန်းခန့်သာရရှိကြောင်း၊ ဆီထွက်နှုန်း ၄၀ ရာခိုင်နှုန်းနှင့်တွက်လျှင် စားသုံးဆီ လိုအပ်ချက် တန်ချိန် တစ်သန်းကို မပြည့်မီသောကြောင့် နှစ်စဉ်ပြည်ပမှ နေကြာဆီ၊ ပဲပုပ်ဆီနှင့် စားအုန်းဆီများ တန်ချိန် ခြောက်သိန်းခန့် တင်သွင်းနေရကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ နှမ်းစိုက်ပျိုးထုတ်လုပ်မှုတွင် ပထမအဆင့် နေရာ၌ရှိပြီး မြေပဲဆီ ထုတ်လုပ်မှုတွင် ဆဋ္ဌမအဆင့် နေရာရှိကြောင်း၊ သို့သော် စိုက်ပျိုးမြေ တစ်ဧကပေါ်၌ ထွက်ရှိမှုမှာ တခြားနိုင်ငံများ ၏ သုံးပုံတစ်ပုံသာ ထွက်ရှိနေကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်များအရ သိရသည်။

"အထွက်နှုန်းကောင်းတဲ့ မျိုးစေ့တွေ ပြောင်းလဲသုံးစွဲဖို့နဲ့ စိုက်ပျိုးနည်းပညာတွေကိုပါ တောင်သူတွေကို သင်ကြားပေးဖို့ လိုပါတယ်။ တကယ်လို့ အထွက်နှုန်း နှစ်ဆတိုးလာရင် လက်ရှိဈေးကြီးနေတဲ့ မြေပဲဆီနဲ့ နှမ်းဆီဈေးက တစ်ဝက်ကျဆင်းသွားပြီး ရောင်းအားပြန်တက်လာမှာပါ။ စားသုံးသူတွေက အဆင့်မြင့် မြေပဲဆီ၊ နှမ်းဆီတွေ စားသုံးလိုပေမယ့် ဝင်ငွေနဲ့မမျှတအောင် ဈေးမြင့်နေတဲ့အတွက် မသုံးစွဲနိုင်ဖြစ်နေပါတယ်။ အကယ်၍ ဆီထွက်သီးနှံ အထွက်တိုးပြီး စားဆီဈေးတွေ ကျဆင်းလာမယ်ဆိုရင် ပြည်တွင်းဆီသုံးစွဲမှု ပြန်မြင့်တက်လာမှာဖြစ်ပြီး ပြည်တွင်း ဆီစက်လုပ်ငန်းတွေလည်း ပြန်ရှင်သန်လာမှာပါ။ နိုင်ငံခြားက တင်သွင်းနေရတာလည်း အလိုလို လျော့ကျသွားမယ်၊ ဒါဆို နိုင်ငံခြားငွေ သုံးစွဲမှုကျဆင်းပြီး ငွေကြေးဖောင်းပွမှုကိုလည်း တစ်ဖက်တစ်လမ်းက ကာကွယ်နိုင်မယ်" ဟု အသင်း ဥက္ကဋ္ဌ ဦးမြင့်ကြူက ပြောသည်။


ဦးမြင့်ကြူ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ
ဆီကုန်သည်နှင့်
ဆီလုပ်ငန်းရှင်များ
အသင်း

မြန်မာဆီထွက်သီးနှံများဖြစ်သော မြေပဲနှင့်နှမ်းတို့မှာ ကမ္ဘာ့ဈေးကွက်တွင် ရောင်းမလောက်ဖြစ်ပြီး ပြည်တွင်း လက်ကျန်မရှိ ရောင်းသူဈေးကွက်သီးနှံ ဖြစ်ကာ ဈေးနှုန်းလည်း အလွန်ကောင်း၍ ဆီထွက်သီးနှံ တစ်တန်ရောင်းတိုင်း အဆင့်မြင့် စားသုံးဆီ နှစ်တန်မှ သုံးတန်ထိ ပြန်လည်တင်သွင်းနိုင်သော ငွေကြေး ပမာဏကို ရရှိနေကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

တိုင်းပြည်အတွက် နိုင်ငံခြားငွေရရှိမှု အလားအလာ အင်မတန်ကောင်းသည့် ဆီထွက်သီးနှံ စိုက်ပျိုးမှုကဏ္ဍကို မြှင့်တင်ပေးနိုင်ပါက ယခုလက်ငင်းတွေ့ကြုံနေရသော ပြည်တွင်းအလုပ်လုပ်သူများ နိုင်ငံခြားတွင် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ အလုပ်လုပ်နေရသော ပြဿနာများကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပြီးသား ဖြစ်သကဲ့သို့ ပြည်တွင်းစက်ရုံများ ပြန်လည်လည်ပတ်နိုင်ကာ အလုပ်သမားများလည်း အလုပ်အကိုင် ရရှိလာမည်ဖြစ်၍ အမျိုးသားစီးပွားရေးလုပ်ငန်းများလည်း ရှင်သန်လာမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက အကြံပြုပြောကြားသည်။

ထို့ပြင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည် ဖြစ်သကဲ့သို့ ဘေးထွက် နှမ်းဖတ်၊ ပဲဖတ်ထွက်လာသည့်အတွက်ကြောင့် တိရစ္ဆာန်အစာများလည်း ဈေး သက်သာလာမည်ဖြစ်ပြီး အသားဈေးများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ တစ်နှစ်ကို တန်ချိန် ခြောက်သိန်း ကျော်တင်သွင်းနေပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅၀ ပေးဝယ်ရသဖြင့် နိုင်ငံတော်မှ တစ်နှစ်လျှင် ငွေယိုပေါက် အမေရိကန်ဒေါ်လာ ၄၅၀ ကျော် ထွက်နေရကြောင်းလည်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းကို ၁၉၉၂ ခုနှစ်ကဖွဲ့စည်းခဲ့ပြီး အဆိုပါအသင်းတွင် ဆီစက်ပိုင်ရှင်များ၊ ဆီလုပ်ငန်းရှင်များ၊ ဆီထွက်သီးနှံ စိုက်ပျိုး ထုတ်လုပ်သူများဖြင့် ပါဝင်ဖွဲ့စည်း ထားကြောင်း သိရသည်။

**သတင်း - ကိုထွေး**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# မြိုင်ကြီးငူဆရာတော် ဝိဇာတမင်္ဂလာပွဲတွင် သံဃာတော်အပါး ၁၁၀၀၀ အား ဆွမ်းကပ်

**ဘားအံ ဇူလိုင် ၁၃**

ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသမှ မြိုင်ကြီးငူဆရာတော်၏ သက်တော်(၆၉) နှစ်မြောက် ဝိဇာတရက်မြတ်မင်္ဂလာပွဲနှင့် သံဃာ အပါး ၁၁၀၀၀ အား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မြိုင်ကြီးငူအထူးဒေသရှိ သာသနာ့ဗိမာန်၌ ဇူလိုင် ၁၁ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ဝိဇာတမင်္ဂလာပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား မွန်တိုင်းရင်းသားရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၏ ဝိဇာတမင်္ဂလာပွဲသို့ကြွရောက်သော သံဃာတော်များအတွက် အသွားအပြန်ယာဉ်များ စီစဉ်ပေးနိုင်ရေး အလှူငွေကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဆရာတော်ထံဆက်ကပ်လှူဒါန်းကာ အခြားအလှူရှင်များကလည်း ဆရာတော်ထံ အလှူငွေများ လှူဒါန်းသည်။ ထို့နောက် မြိုင်ကြီးငူဆရာတော်နှင့် သံဃာတော် အပါး ၁၁၀၀၀ အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးနှင့် အရက်သေစာအကြောင်း ပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု စတင်

**မန္တလေး ဇူလိုင် ၁၃**

မူးယစ်ဗဟိုနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးနှင့် အရက်သေစာများနှင့်ပတ်သက်၍ အသိပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ ဇူလိုင် ၁၀ ရက်က စတင်ဆောင်ရွက်ပြီး ဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက အမှာစကားပြောကြားပြီး မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်မြင့်အောင်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ယူနီဆက်ဖ် မန္တလေးရုံးခွဲမှ ဌာနေကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဆွေက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ယူနီဆက်ဖ်အဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါး၊ အရက်သေစာ ပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု ဆိုင်းဘုတ်ကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများက စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုအရ မူးယစ်ဆေးဝါး၊ အရက်သေစာ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာရန်အတွက် အသိပညာပေးလုပ်ငန်းများကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယူနီဆက်ဖ်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် စေတနာ့ဝန်ထမ်း ကျောင်းသားကျောင်းသူ လူငယ်များ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှုပ်ရှားမှုများကို ဇူလိုင် ၁၀ ရက်က မန္တလေးတက္ကသိုလ်တွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အတွင်းမှ သတ်မှတ်ရွေးချယ်ထားသော အခြေခံပညာကျောင်းများဖြစ်သည့် အမှတ်(၇)၊ အမှတ်(၂၆)၊ အမှတ်(၂၈)၊ အမှတ်(၃၁)နှင့် အမှတ်(၃၅) ကျောင်းများတွင်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၁ ရက်တွင် ရတနာပုံတက္ကသိုလ်နှင့် ပြည်ကြီးတံခွန်မြို့နယ်မှ သတ်မှတ်ရွေးချယ်ထားသော အခြေခံပညာကျောင်းများဖြစ်သည့် အမှတ်(၂၇)၊ အမှတ်(၂၉)၊ အမှတ်(၃၂)၊ အမှတ်(၂၀) နှင့် အမှတ်(၂၄)ကျောင်းများတွင် ဆောင်ရွက်ခဲ့သည်။

ဇူလိုင် ၁၃ ရက်တွင် မန္တလေးနည်းပညာတက္ကသိုလ်နှင့် အောင်မြေသာစံမြို့နယ်မှ အထက(၁)၊ အထက(၁၇)၊ အထက(၂၀)၊ အထက(၂၁)၊ အထက(၂၅)ကျောင်းများ၌လည်းကောင်း၊ ဇူလိုင် ၁၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်မှ အထက(၅)၊ အထက(၆)၊ အထက(၁၂)၊ အထက(၁၄)နှင့် အထက(၁၆) ကျောင်းများတွင်လည်းကောင်း၊ ဇူလိုင် ၁၅ ရက်တွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌လည်းကောင်း လှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ၁၆ နှစ်အောက် ကမ္ဘာ့ချန်ပီယံ ရွက်လှေပြိုင်ပွဲအတွက် မြန်မာရွက်လှေအားကစားအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ



**ရန်ကုန် ဇူလိုင် ၁၃**

ထိုင်းနိုင်ငံ Royal Varuna Yacht Club က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2017 Optimist World Championship ကမ္ဘာ့ချန်ပီယံ ရွက်လှေပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ၁၆ နှစ်အောက် မြန်မာရွက်လှေ လူငယ်အားကစားအဖွဲ့သည် ဇူလိုင် ၁၁ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

"ဒီပြိုင်ပွဲအတွက် အား/ကာသိပ္ပံက လူငယ်ကစားသမားတွေရော၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်က အားကစားသမား လူငယ်လေးတွေရော စုပေါင်းပြီး စနစ်တကျ လေ့ကျင့်ထားတယ်။ ပြီးတော့ အာဂျင်တီးနား နည်းပြကြီးကလည်း အနီးကပ် လေ့ကျင့်သင်ကြားပေးပြီး ရွေးချယ်ထားတဲ့ ကစားသမားတွေပါ။ တစ်နှစ်ခွဲလောက်အချိန်ယူပြီး လေ့ကျင့်ထားပါတယ်။ ငွေဆောင်မှာလည်း ဒီပြိုင်ပွဲအတွက် ရွက်လှေစီးလေ့ကျင့်တာ နှစ်ကြိမ်ရှိပါပြီ" ဟု မြန်မာနိုင်ငံ ရွက်လှေအသင်း ဒုတိယဥက္ကဋ္ဌ ဦးဘုန်းကျော်မိုးမြင့်က လေဆိပ်တွင် ပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံရွက်လှေအသင်းမှ အသက် ၁၆ နှစ်အောက် Optimist Sailor ကစားသမား ငါးဦးနှင့် အုပ်ချုပ်သူ၊ နည်းပြတို့ လိုက်ပါသွားကြပြီး ပြိုင်ပွဲတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ ခွဲခြားထားကာ ပြိုင်ပွဲကာလမှာ ရှစ်ရက် ကြာမြင့်မည်ဖြစ်သည်။ ထိုပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၆၅ နိုင်ငံမှ ၁၆ နှစ်အောက် ရွက်လှေစီး အားကစားသမား လူငယ် ၃၅၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေးမြို့ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးပညာ သင်တန်းကျောင်းမှ စက်ချုပ်သင်တန်းသူပေါင်း ၂၇၀၀ နီးပါး သင်ကြားပေးပြီးဖြစ်

**ရေး ဇူလိုင် ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ရေးမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းသူပေါင်း ၂၇၀၀ နီးပါးခန့်ကို လေ့ကျင့်သင်ကြားပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သင်တန်းကျောင်းကို ၁၉၉၈ ခုနှစ် မေလက စတင်ဖွင့်လှစ်ခဲ့ရာ လက်ရှိအချိန် ၂၀၁၇ ခုနှစ် မတ်လအထိ အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းသူ ၂၇၀၀ နီးပါးကို လေ့ကျင့်သင်ကြားပေးထားခဲ့ပြီး ၄၂ ဦးကို ပုဂ္ဂလိကအထည်ချုပ်စက်ရုံတွင် အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကာ ၆၀၀ နီးပါးမှာလည်း ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်းများဖြင့် ဦးဆောင်လုပ်ကိုင်လျက်ရှိကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းယုက ပြောကြားသည်။



သင်တန်းကျောင်းမှ ပညာသင်ယူပြီး ကိုယ်ပိုင်စက်ချုပ်လုပ်ငန်းကို ခုနစ်နှစ်ကြာ လုပ်ကိုင်ခဲ့သူဖြစ်သည့် မချိုချိုကျော်သိန်းက လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ရာတွင် အခက်အခဲများရှိခဲ့သော်လည်း တတ်ထားသည့် အခြေခံစက်ချုပ်ပညာများနှင့် ပေါင်းစပ်ပြီး တီထွင်ဆန်းသစ်မှုများ၊ လေ့လာသင်ယူမှုများကြောင့် ယခုအခါ အတိုင်းအတာတစ်ခုအထိ အောင်မြင်လာသလို တပည့်များပါ မွေးထုတ်ပေးထားနိုင်ကြောင်း ပြောသည်။

ရေးမြို့အမျိုးသမီးအိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ရေးမြို့နယ်အပြင် သံဖြူဇရပ်၊ မော်လမြိုင်၊ ချောင်းဆုံနှင့် ကျိုက်မရောမြို့နယ်တို့မှ အမျိုးသမီးငယ်များလည်း အများဆုံး လာရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းများကို တစ်နှစ်လျှင် သုံးကြိမ်ဖွင့်လှစ်ပြီး တစ်ကြိမ်လျှင် သင်တန်းကာလ ၁၄ ပတ် ကြာမြင့်ကြောင်း၊ အခြေခံ အိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၅၀ နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ ကို သင်တန်းကျောင်းမှ ကျွမ်းကျင်ဆရာမများက အနီးကပ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

# ကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ် အကောင်အထည်ဖော်ခြင်း မိတ်ဆက်ပွဲကျင်းပ

**ကန်ကြီးထောင့် ဇူလိုင် ၁၃**

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းအစီအစဉ်(ECI) အကောင်အထည်ဖော်ခြင်းဆိုင်ရာ မိတ်ဆက်ရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးနှင့် ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားကြပြီး လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစွမ်းရည်ရကာ အမျိုးသားအဆင့် ECI စနစ်၏ အခြေခံရည်မှန်းချက်များ၊ ECI ၏ အနာဂတ်မျှော်မှန်းချက်နှင့် မဟာဗျူဟာ ဦးစားပေးအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးအထူးကုဆရာဝန် ဒေါက်တာရဲမြတ်ဦးနှင့် ယူနီဆက်ဖ်မှ ဒေါ်မေသက်သက်ဦးတို့က ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များနှင့် မသန်စွမ်းကလေးငယ်များ၏ အခွင့်အရေးဆိုင်ရာများ စသည့် အကြောင်းအရာများကို အသေးစိတ် ဆွေးနွေးကြကာ ရှင်းလင်းပွဲတက်ရောက်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**နန်းထိုက်(ပြန်/ဆက်)**

# ရေကြောင်းပညာတက္ကသိုလ်၌ အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်စာ နှုတ်မှုစွမ်းရည် မြှင့်တင်ခြင်းအတွက် ဒုတိယအကြိမ်မြောက် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်(သီလဝါ)ရှိ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူရှစ်ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဌေးဌေးဝင်းက "ကျောင်းသားကျောင်းသူတွေကို အင်္ဂလိပ်စာ တိုးတက်စေဖို့နဲ့ သင်္ဘောသားတွေ ဖြစ်ကြမှာဆိုတော့ အခြားနိုင်ငံခြားသားတွေနဲ့ ဆက်သွယ်ပြောဆိုရာမှာ အဆင်ပြေလွယ်ကူစေဖို့ပါ။ ဒီပြိုင်ပွဲမှာ ကျောင်းသားကျောင်းသူတွေအနေနဲ့လည်း သူတို့စဉ်းစားထားတဲ့ အကြောင်းအရာတွေ ခေါင်းစဉ်တွေကို ထုတ်နုတ်ပြောဆိုခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိလာမယ်။ ခေါင်းဆောင်မှုစွမ်းရည်တွေ တိုးတက်လာစေမှာဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြော ကြားသည်။

ယခုနှစ် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် Myanmar Excellent Star Maritime Training Center တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲများကို နှစ်စဉ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မိုးအနည်းငယ်ရွာရုံဖြင့် ရေကျော်တံတားပျက်၍ ဒေသခံပြည်သူများ သွားလာရေးခက်ခဲနေ

**ကနီ ဇူလိုင် ၁၃**

ကနီမြို့နယ်တွင် ဇူလိုင် ၁၀ ရက်က မိုးရွာသွန်းမှုကြောင့် နတ်ရဲတောင်ကျေးရွာအုပ်စုအတွင်းရှိ ဘုရားကြီးရေကျော်တံတား ပျက်စီးမှုများဖြစ်ကာ ဒေသခံပြည်သူများအနေဖြင့် သွားလာရေးခက်ခဲမှုများရှိနေကြောင်း သိရသည်။

အဆိုပါရေကျော်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေ ကျပ် ၃၉ သိန်းဖြင့် လွန်ခဲ့သည့် နှစ်လခန့်ကမှ ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ရာ ကာလအနည်းငယ်အတွင်း မိုးအနည်းငယ်ရွာရုံဖြင့် ပျက်စီးခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် အဆိုပါရေကျော်မှာ ပျက်စီးနေသဖြင့် ဒေသခံပြည်သူများ ခရီးသွားလာရေးတွင် အခက်အခဲများဖြစ်နေသည်ကိုလည်း အမြန်ဆုံးပြေလည်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရေကျော်ကို ပြန်လည်ပြုပြင်ပေးစေလိုကြောင်းလည်း ဒေသခံများက ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေးကြောင့် မန္တလေးဆန်ဈေးကွက် အေးနေ

**မန္တလေး ဇူလိုင် ၁၃**



အထက်မြန်မာနိုင်ငံ ဒေသများတွင် မိုးဦးကာလ ရွာသွန်းသောမိုးများကြောင့် လမ်းပန်းဆက်သွယ်သွားလာရေး ခက်ခဲမှုများရှိနေသဖြင့် မန္တလေးမြို့ ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း ကျဆင်းခြင်းမရှိသော်လည်း အရောင်းအဝယ်များ အေးစက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်က ပြောကြားသည်။

"မြန်မာပြည်အထက်ပိုင်းဒေသတွေဖြစ်တဲ့ မြစ်ကြီးနား၊ ချင်းပြည်နယ်စတဲ့ ဒေသတွေမှာ မိုးများပြီးတော့ ရေကြီးတာတွေ၊ မြေပြိုတာတွေဖြစ်နေတယ်။ ဒီအခြေအနေကြောင့် မန္တလေးကနေ ဆန်၊ ကြက်သွန်စတဲ့ ပစ္စည်းတွေဝယ်ပြီး ကားတွေနဲ့ နယ်အနှံ့လိုက်ရောင်းတဲ့သူတွေကလည်း ဒီမိုးတွင်းမှာ မသွားနိုင်ဘူး။ ဆန်မှ မဟုတ်ပါဘူး။ အခြားပစ္စည်းတွေလည်း အရောင်းအဝယ်အေးနေပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေး ဆန်ဈေးကွက်မှာ အရောင်းအဝယ်အေးနေသော်လည်း ရန်ကုန်မြို့ ဆန်ဈေးကွက်တွင်မူ မူဆယ်ဘက်မှဝယ်လက်များက မြန်မာနိုင်ငံ အောက်ပိုင်းဒေသများအထိ လိုက်လံဝယ်ယူနေခြင်းနှင့် ပြည်ပမှသင်္ဘောများလည်း ရန်ကုန်ဆိပ်ကမ်းတွင် ရောက်ရှိနေခြင်းတို့ကြောင့် ရန်ကုန် ဆန်ကြမ်းဈေးကွက်တွင် ဆန်များ ဈေးတက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တွင် လက်ရှိအနေအထားအရ ဆန်ဈေးကွက် အေးစက်နေသော်လည်း ယခုရက်ပိုင်းအတွင်းထွက်ရှိသည့် နွေစပါးကိုမူ လယ်ကွင်းထဲအထိ ဝယ်ယူမှုများရှိနေကြောင်း သိရသည်။ သို့သော် လယ်ကွင်းအရောက် ဝယ်ယူနေသည့်တိုင် ဈေးနှုန်းအနေဖြင့်မူ ယခင်နှစ်ထက် ကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာမှ တောင်သူကိုနေလင်းက ပြောသည်။

"ကွင်းထဲအထိ လာဝယ်ကြပေမယ့် ဈေးကတော့ မနှစ်က ပေါက်ဈေးကို မမီပါဘူး။ မနှစ်တုန်းက ဒီလို နွေစပါးက တင်းတစ်ရာကို ငါးသိန်းဝန်းကျင် ရခဲ့ပေမယ့် ဒီနှစ်မှာတော့ လေးသိန်းဝန်းကျင်ပဲ ပေးဝယ်နေကြတယ်။ သူတို့အပြောကတော့ တရုတ်ပြည်ဘက်က အဝယ်နည်းတာကြောင့် ဈေးကျတာပါလို့ ပြောတယ်။ ကျွန်တော်တို့ တောင်သူတွေကတော့ ရောင်းချင်တော့ ဈေးကိုင်ထားလို့မရဘူး။ ပေးတဲ့ဈေးနဲ့ပဲ ရောင်းလိုက်ရတာပါပဲ"ဟု ၎င်းက ပြောသည်။

မန္တလေးဆန်ဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှုန်းများမှာ ရွှေဘိုဘေးကြားပေါ်ဆန်း (အသစ်) တစ်တင်းဝင်တစ်အိတ်လျှင် ၄၃၀၀၀ မှ ၄၄၀၀၀ ကျပ်၊ ရန်ကုန်ပေါ်ဆန်း(အသစ်)က ၃၂၀၀၀ မှ ၃၅၀၀၀ကျပ်၊ ရွှေတောမဂျမ်းက ၄၅၀၀၀ မှ ၄၇၀၀၀ကျပ်၊ ဧရာမင်းက ၄၂၀၀၀ မှ ၄၃၀၀၀ကျပ်၊ နွေဇီယာက ၂၂၀၀၀ မှ ၂၃၀၀၀ ကျပ်၊ ကောက်ညှင်း(အပု) ၂၄၀၀၀ မှ ၂၅၀၀၀ကျပ်၊ ကောက်ညှင်း(အသွယ်) ၄၀၀၀၀ မှ ၄၂၀၀၀ ကျပ်နှင့် သုခ ၂၂၀၀၀ မှ ၂၃၀၀၀ ကျပ် ဈေးနှုန်းရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေးမြို့နယ်အတွင်းမှ ငါးထုတ်လုပ်နိုင်မှု ယခင်နှစ်ထက် လျော့နည်း

**ရေး ဇူလိုင် ၁၃**

ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသော မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာရှိ အအေးခန်းစက်ရုံများမှတစ်ဆင့် ငါးကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နိုင်မှုမှာ ယခုနှစ်တွင် ယခင်နှစ်ထက် လျော့နည်းကျဆင်းကာ ကုန်ချောတင်ပို့မှုမှာလည်း ကျဆင်းလာလျက်ရှိကြောင်း သိရသည်။

ယခု ၂၀၁၇ ခုနှစ် ဧပြီ၊ မေနှင့် ဇွန် သုံးလအတွင်း အစင်စံပြကျေးရွာရှိ အအေးခန်း စက်ရုံသုံးရုံမှ ငါးကုန်ချော ပြည်တွင်းတင်ပို့မှုမှာ ၁၅၂၇၄၄၁ ကီလိုဂရမ်ရှိကာ ပြီးခဲ့သည့်နှစ်က အဆိုပါ သုံးလအတွင်း ထုတ်လုပ်မှုမှာ ၁၉၇၇၅၇၄ ကီလိုဂရမ်ရှိ၍ ယခင်နှစ်ထက် ၄၅၀၁၃၃ ကီလိုဂရမ် လျော့နည်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မှတ်တမ်းများအရ သိရသည်။



အစင်စံပြကျေးရွာမှ ငါးဖမ်းလှေများ

ယခုနှစ်တွင် ယခင်နှစ်များကဲ့သို့ ငါးမရခြင်းနှင့် မုန်တိုင်းဒဏ်ခံရခြင်းတို့ကြောင့် အအေးခန်းစက်ရုံများသို့ လှေအဝင်အထွက်လည်း လျော့နည်းလာလျက်ရှိကြောင်း၊ ရှိသော အအေးခန်းစက်ရုံသုံးရုံမှာ လုပ်သားအင်အား ၃၅၀ ခန့်ဖြင့် အလုပ်သမားစရိတ်များ အရှုံးပေါ်နေသည့်အပြင် ငါးကုန်ချောထုတ်လုပ်မှုပါ ကျဆင်းလာလျက်ရှိကြောင်း သံလွင်အေး အအေးခန်းမှ အုပ်ချုပ်မှုတာဝန်ခံ ဦးကျော်မောင်က ပြောသည်။

ရေးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်အချိန်အထိ တရားဝင်မှတ်ပုံတင်ထားသူ ရေလုပ်သားလေးထောင်ကျော်ခန့်ရှိကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ်အတွင်း တရားဝင်ရေလုပ်သား ၈၅၀ အထိ ထပ်မံမှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ မြို့နယ်အတွင်း၌ ကမ်းနီးငါးဖမ်းလှေ ၃၇၂ စီးရှိကာ ကမ်းဝေးငါးဖမ်းလှေက ၁၉၉ စီးရှိနေကြောင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**နေမျိုးထွဋ် (ရေး)**

# ကျွဲ/နွား နယ်ကျော်သယ်ဆောင်မှုများရှိသော်လည်း အရေးယူနိုင်မှု အားနည်းနေ

**ရေတာရှည် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ကို ဖြတ်ကျော်ကာ ကျွဲ/နွားများ နေ့စဉ် အကောင်ရေ ရာဂဏန်းအထိ နယ်ကျော်သယ်ဆောင်မှုများ ရှိနေသော်လည်း ထိုသို့သယ်ဆောင်မှုများအပေါ် ထိရောက်သော အရေးယူဆောင်ရွက်နိုင်မှုမရှိသည့် ကိစ္စနှင့်ပတ်သက်၍ ဒေသခံအချို့က ဝေဖန်ပြောကြားလျက်ရှိသည်။

ပြီးခဲ့သော ဇွန်လဆန်းပိုင်းမှစတင်၍ တောင်ငူမြို့နယ် လေးမိုင်ဒေသဘက်မှ ကျွဲ/နွားများနှင့် ရေတာရှည်မြို့ နွားပွဲဈေးမှ ကျွဲ/နွားများကို သုံးဘီးဆိုင်ကယ်များဖြင့် သယ်ဆောင်ကာ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် နွားပွဲဈေးသို့ သယ်ဆောင်ကြခြင်းဖြစ်ကြောင်း ဒေသခံ သုံးဘီးဆိုင်ကယ်မောင်းနှင်သူများထံမှ သိရသည်။

ရေတာရှည်မြို့နယ် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူးက "မြို့နယ် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းထားပေမယ့် အခု ကျွန်တော်တို့ အစည်းအဝေးထိုင်ဖို့ လုပ်နေတယ်။ ဒီကျွဲ/နွားတွေသယ်တာ နယ်ကျော်ထောက်ခံချက် ပါသလား၊ ကာကွယ်ဆေးထိုးပြီးတဲ့လက်မှတ် ပါလား၊ သယ်တဲ့လမ်းကြောင်းက ဘယ်လဲ၊ နောက် တရားမဝင်လို့ ဖမ်းဆီးလိုက်ရင် ကျွဲ/နွားတွေကို ဘယ်လိုထိန်းသိမ်းမလဲ။ ဒါတွေကို ဆွေးနွေးဖို့လိုသေးတယ်"ဟု ပြောကြားသည်။

ရန်ကုန်-မန္တလေး ကားလမ်း မုန်စီတိုးဂိတ်အနီးတွင် နေထိုင်သူ ဒေသခံပြည်သူများ၏ ပြောကြားချက်အရ လက်ရှိအခြေအနေတွင် ကျွဲ၊ နွားများကို သယ်ဆောင်နေကြရာ၌ နေ့ခင်းဘက်တွင် ပြောင်ပြောင်တင်းတင်း သယ်ဆောင်မှုများရှိနေသလို အချို့မှာ ညပိုင်းတွင် သုံးဘီးဆိုင်ကယ်များဖြင့် တစ်စီးလျှင် ကျွဲ/နွား သုံးကောင်နှုန်းခန့် တင်ဆောင်ကြကြောင်း၊ တစ်ရက်လျှင် စီးရေ နှစ်ဆယ်နှင့် သုံးဆယ်ကြားရှိကြောင်း၊ သယ်ဆောင်နေသည့် ကျွဲ/နွားများမှာ အရွယ်အစားကြီး အကောင်သန့်သန့်များဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



ကျွဲ၊ နွားများ တင်ဆောင်သွားလာနေသော သုံးဘီးဆိုင်ကယ်များ

# လေ့ကျင့်ရေးကွင်းစီမံကိန်းကို ရှမ်းယူနိုက်တက်အသင်း အကောင်အထည်ဖော်နေ

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်းသည် ကစားသမားများ လေ့ကျင့်မှုပြုလုပ်နိုင်ရန်နှင့် အသင်းအောင်မြင်ရေးကိုအထောက်အကူပြုနိုင်ရန်အတွက် လေ့ကျင့်ရေးကွင်းစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်(၁) ပြိုင်ပွဲဝင် ပထမအသင်းအပြင် အသက် ၂၁ နှစ်အောက် လူငယ်အသင်း၊ အသက် ၁၉ နှစ်အောက်လူငယ်အသင်းတို့ဖြင့် ဖွဲ့စည်းထားပြီး ကိုယ်ပိုင်လေ့ကျင့်ရေးကွင်း နှစ်ကွင်း၊ ကစားသမားများအတွက် အဆောင်၊ ကိုယ်ကာယလေ့ကျင့်ရေးခန်းမ၊ စားသောက်ခန်းမနှင့်အသင်းရုံးခန်းတို့ပါဝင်သည့် လေ့ကျင့်ရေးကွင်းစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

အဆိုပါ လေ့ကျင့်ရေးကွင်းကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု လေးထောင့်ကန်စံပြကျေးရွာအောင်မင်္ဂလာလမ်းမကြီး ခြံအမှတ်(၇)၌ ယခုနှစ်ဇန်နဝါရီမှ စတင်ကာ တည်ဆောက်နေခြင်းဖြစ်သည်။ လေ့ကျင့်ရေးကွင်းရှိ ကစားသမားများ၏ အဆောင်မှာ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကစားသမား ၈၀ မှ ၁၀၀ အထိ နေထိုင်နိုင်မည်ဖြစ်သည်။

အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "ကစားသမားတွေ အခက်အခဲမရှိလေ့ကျင့်နိုင်စေဖို့ ရည်ရွယ်တည်ဆောက်ထားတာပါ။ လေ့ကျင့်ရေးကွင်းစီမံကိန်းပြီးပြီဆိုရင် အသင်းသုံးသင်းစလုံး အဆင်ပြေပြေလေ့ကျင့်နိုင်တော့မှာ ဖြစ်ပါတယ်။ လေ့ကျင့်ရေးကွင်းနဲ့အတူ ကစားသမားအဆောင်ကိုပါ တည်ဆောက်ထားတာဖြစ်လို့ကစားသမားတွေအချိန်ကုန် သက်သာသွားမှာပါ။ ကျွန်တော်တို့ အသင်းသုံးသင်းစလုံး ခြေစွမ်းအဆင့်မီမီနဲ့ အောင်မြင်မှုရဖို့ ကြိုးပမ်းနေသလို အဓိကရည်မှန်းချက်ဖြစ်တဲ့ လက်ရွေးစင် ကစားသမားတွေ မွေးထုတ်ပေးနိုင်အောင်လည်းဆောင်ရွက်နေပါတယ်။ လက်ရှိဖွဲ့စည်းထားတဲ့အသင်းတွေက တစ်သင်းကိုတစ်သင်း အထောက်အပံ့ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။ ယူ-၁၉ အသင်းက ကစားသမားတွေက ယူ-၂၁ အသင်း၊ ယူ-၂၁ အသင်းက ကစားသမားတွေက ပထမအသင်း (စီနီယာအသင်း) ကိုရောက်လာမှာဖြစ်ပြီး ထူးချွန်ကစားသမားတွေနဲ့ ကောင်းမွန်တဲ့အသင်းဖြစ်လာဖို့ အဆင့်ဆင့်တည်ဆောက်သွားမှာပါ။ လက်ရှိ ယူ-၂၁ အသင်းမှာဆိုရင် မကြာမီကာလအတွင်း ပထမအသင်းကိုရောက်နိုင်တဲ့ ကစားသမားတွေ အများအပြား ရှိနေပါတယ်။ ယူ-၂၁ အသင်းဟာ ပြီးခဲ့တဲ့နှစ် ယူ-၂၀ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ သူတို့ကို ချန်ပီယံဆိုတာထက် Profesional ပီသအောင်ပြုစုပျိုးထောင်နေပါတယ်။လာမည့်နှစ်တွေမှာ သူတို့တွေဟာ ပထမအသင်းကနေတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အထိ အရောက်လှမ်းနိုင်အောင်လေ့ကျင့်ပေးသွားမှာ the league, For the nation မဟုတ်လား"ဟု ဆိုသည်။ လေ့ကျင့်ရေးကွင်းသစ်တည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီး ကစားသမားများအတွက် အဆောက်မှာလည်း ဇူလိုင်လကုန်ပိုင်းတွင်အပြီး သတ်နိုင်တော့မည် ဖြစ်သည်။ လက်ရှိ မြန်မာနေရှင်နယ်လိဂ်အသင်းများတွင် ရန်ကုန်ယူနိုက်တက်အသင်းတစ်သင်းတည်းသာ ကိုယ်ပိုင်လေ့ကျင့်ရေးကွင်းရှိရာ ရှမ်းယူနိုက်တက်အသင်းမှာလည်း မကြာမီကာလအတွင်းအဆင့်မီလေ့ကျင့်ရေးကွင်းတစ်ခု ပိုင်ဆိုင်တော့မည်ဖြစ်သည်။



ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ

ပြီးခဲ့သည့် ၂၀၁၆ ဘောလုံးရာသီတွင် ရှမ်းပြည်နယ်ကိုချစ်မြတ်နိုးသော လူငယ်စီးပွားရေးလုပ်ငန်းရှင်များက ရှမ်းယူနိုက်တက်အသင်းကို ပြောင်းလဲတာဝန်ယူခဲ့ပြီးအသင်းအောင်မြင်မှု ရရှိရေးတို့အတွက် ရေတိုရေရှည် စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ- စိုးညွန့်**



## တစ်ရက်လျှင် မြစ်ရေသန့် ဂါလန်သုံးသိန်းကျော်ပေးဝေနိုင်

**ဖျာပုံ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ဖျာပုံမြို့သည် မြေအောက်ရေရရှိရေးအတွက် အဝီစိရေတွင်းတူး၍ ရေငန်ထွက်သောမြို့ဖြစ်၍နှစ်ပေါင်းများစွာမြစ်ရေ၊ ချောင်းရေနှင့်မြောင်းရေကိုသာ သုံးရေအဖြစ်သုံးစွဲနေရသောမြို့ဖြစ်သည်။

သုံးရေသန့်ရရှိရေးအတွက် ဂျပန်နှစ်ရှည်ချေးယူသည့် မြစ်ရေသန့်စီမံကိန်းမှာ တစ်ရက်ရေဂါလန်ခြောက်သိန်းကျော်သန့်စင်ထုတ်လုပ်ပေးနိုင်ပြီး လက်ရှိရေတိုင် ၂၀၀၀ကျော်ဆက်သွယ်တပ်ဆင်လျက်နေ့စဉ်နံနက် ၈နာရီ မှ ၁၁ နာရီ တစ်ကြိမ်နှင့် ညနေ ၃ နာရီမှ ၆ နာရီတစ်ကြိမ်ပုံမှန်နှစ်ကြိမ် ရေပေးဝေလျက်ရှိရာ ရေဂါလန်တစ်ရက်လျှင်သုံးသိန်းကျော်ပေးဝေလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူများထံမှ သိရသည်။ လက်ရှိပေးဝေနေသည့်မြစ်ရေသန့်မှာနိုင်ငံတကာအဆင့်မီ၍ သုံးစွဲသူပြည်သူများ မြစ်ရေသန့်လုံလောက်စွာဖြင့် တစ်ယူနစ်ရေဂါလန် ၂၂၀ ကို ငွေကျပ် ၄၀၀ ပေးသွင်းရသည်။ လက်ရှိပို့လွှတ်နေသည့်ရေအားမှာ ကောင်းမွန်ပြီးအထပ်မြင့်အဆောက်အအုံများအထိ ရေရောက်သဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။မြစ်ရေသန့်စီမံကိန်းမှာဖျာပုံမြို့ရှိ ရပ်ကွက် ၁၉ ခုအနက် ရပ်ကွက် ၁၃ ခုရှိ အိမ်ထောင်စုပေါင်း ၄၀၇၀ တို့မှ လူဦးရေ ၃၀၀၀၀ အတွက် တစ်ရက်လျှင်ရေဂါလန်ခြောက်သိန်းပေးဝေနိုင်ရေးစီစဉ်ထားရှိရာ စီမံကိန်း၏တစ်ဝက်ကျော်သာလက်ရှိရေပေးဝေထားပြီးဖြစ်သည်။ စီမံကိန်းပါအတိုင်းမြစ်ရေသန့်ကို ပွင့်လင်းရာသီအမီပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**


## Nice Fare Travel Co.,Ltd. မှ

Chairman ဦးသွင်ထူးအောင် နှင့် Managing Director ဒေါ်သန္တာလေးနိုင် တို့၏ ၁၄. ၇. ၂၀၁၇ ရက်နေ့ တွင်ကျရောက်သော နှစ် (၂၀) ပြည့် မင်္ဂလာ နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရတုအဆက်ဆက် ထာဝရ ချမ်းမြေ့ပျော်ရွှင်ပါစေကြောင်းနှင့်ချစ်ရသော မိဘ ဆွေမျိုး မောင်နှမ သားသမီးတပည့်ဝန်ထမ်းများ နှင့်ရာသက်ပန် ထာဝရ အောင်မြင်မှု များ ရရှိပါစေကြောင်း Nice Fare Travel Co.,Ltd ၊ မဖျိမအလင်း ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့ နှင့် Royal Ruby Hotel မိသားစုဝန်ထမ်း များမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။



**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**အငယ်တန်းအင်ဂျင်နီယာ(၂)(လျှပ်စစ်/စက်မှု/ အီလက်ထရွန်နစ်)ရာထူးနေရာများအတွက်**
**လူတွေ့စစ်ဆေးမှုအောင်မြင်သူ(ပထမအသုတ်) စာရင်းထုတ်ပြန်ခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်/စက်မှု၊ အီလက်ထရွန်နစ်) ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လူတွေ့စစ်ဆေးမှုအောင်မြင်သူ (ပထမ အသုတ်)စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

1 YEP - 110,442,23,82,146,187,50,88,174,315,404,411,51,67,171,98
2 YEP - 59,93,197,52
1 YMech - 10,7
2 YEC - 13,1

၂။ လူတွေ့အောင်မြင်သူများသည် ၂၄-၇-၂၀၁၇ရက် ညနေ၄နာရီထက် နောက်မကျဘဲ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန၊ ဝန်ထမ်းရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနခွဲသို့ လူကိုယ်တိုင် သတင်းပို့ရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် စာချုပ်ချုပ်ဆိုမှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုကြောင်း အကြောင်းကြားစာ တစ်ပါတည်းယူဆောင်လာရမည် ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း သတင်းပို့ရန်ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန**
**တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၃)**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့ (၂၃)၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မှ ပြည်ထောင်စု(ငွေလုံး)၊ တိုင်းဒေသကြီး (ငွေလုံး/ပြင်ထိန်း)ရန်ပုံငွေဖြင့် ဆောက်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါလုပ်ငန်းသုံးပစ္စည်းအများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များလျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) ခွဲကျောက်ရွယ်စုံ
(ခ) ကျောက်မှုန့်
(ဂ) သဲ
(ဃ) ထုံး
(င) ဘိလပ်မြေ
(စ) သံချောင်းလုံးရွယ်စုံ(နိုင်ငံခြား)
(ဆ) သစ်ခွဲသားရွယ်စုံ
(ဇ) ဒီဇယ်ဆီ

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၇ရက်(တနင်္လာနေ့)
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၈-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၃)၊**
**အမှတ်(၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၀၂၃၈၆၀**



**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အထက(ခွဲ)စက်ကုန်းပိုင်း စတုတ္ထတန်း(A)မှ မောင်မောင်လွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့်စိုး ဖြစ်ပါကြောင်း။ **ဦးသန်းမြင့်စိုး**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်-၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးတွင်လူနာများကုသပေးရန် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ/ဓာတ်မှန်သုံးဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၇ရက်(သောကြာနေ့)
**တင်ဒါပုံစံစတင်ရောင်းချမည့်အချိန်** - နံနက် ၉:၃၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**ခုတင်-၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့**
**လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး**
**ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၄၆၆၄**



**အမည်ပြောင်း**

တန့်ဆည်မြို့လမ်းဆုံ၊ မဟာမြိုင်ရပ်ကွက်နေ ဦးဝင်းဇော် ၅/တဆန(နိုင်)၀၉၈၂၀၂၏သားမောင်ရဲမင်းအောင်အား မောင်အောင်ကျော်စွာမိုးဟု ပြောင်း လဲခေါ်ပါရန်။ **မောင်အောင်ကျော်စွာမိုး**



**ဖခင်အမည်မှန်**

ညောင်လေးပင်မြို့၊ အထက ပုဇွန်မြောင်း တက္ကသိုလ်ဝင်တန်းမှ စောနေလင်းဦး(ခ) မောင်နေလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းညွန့်ဦး ၇/ညလပ(နိုင်)၀၁၉၃၁၃ ဖြစ်ပါကြောင်း။ **ဦးဆန်းညွန့်ဦး**



**ဖခင်အမည်မှန်**

ညောင်လေးပင်မြို့ အထက၆ီးကုန်းကြီး တက္ကသိုလ်ဝင်တန်းအောင် မသဲစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလှနိုင် ၇/ညလပ(နိုင်)၁၃၂၇၁၈ဖြစ်ပါကြောင်း။ **ဦးလှနိုင်**


Travel on Every Weekend!
Until Sep 2017
Get 35% Discount on Rooms
&
20% Discount on Food
Aye Yar River View Resort
Old Bagan, Myanmar
For more information, please dial 09-20 42628 / 09-42 1156008


ဖုန်းတစ်လုံး ... နေထိုင်မှုနှစ်မျိုး
Dual Messenger
SAMSUNG
Galaxy J Pro
Dual Messenger
Durable metal & glass
13 MP (Rear, Front)
နေ့စဉ်ဘဝနဲ့ အလိုက်ဖက်ဆုံး ခေတ်သစ်စမတ်ဖုန်း
လက်ဆောင်ဗူးပါဝင်သည်။ ooredoo လစဉ် ၅,၀၀၀ ကျပ် ငွေဖြည့်ပြီး လက်ဆောင် 2GB ကို ၆လ ဆက်တိုက်ရယူပါ။
samsungmobilemyanmar
samsungmyanmar
mySamsung.com/mm
samsung.com/mm
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shop များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 7AM to 11PM

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
## အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပိုင် အောက်ဖော်ပြပါ ဒေသအလိုက်သတ္တုများအား ဒေသအလိုက် Lot အလိုက် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်-

| စဉ် | သတ္တုအမျိုးအစား | အလေးချိန် (မက်တန်) | သိုလှောင်ထားရှိရာဒေသ | တင်ဒါပိတ်မည့်ရက်/အချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ခဲမဖြူ၊ သတ္တုသန့်စင် (Tin Concentrate) | ၈၆.၆၉၅ | ထားဝယ် | ၉-၈-၂၀၁၇ ၁၄း၀၀ နာရီ | F.O.B (ထားဝယ်) |
| ၂ | အဖြိုက်နက်သတ္တုသန့်စင် (Wolfram Concentrate) | ၂.၅၆၀ | | | |
| ၃ | ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တု (Tin-Wolfram Mixed Concentrate) | ၁၇၂.၇၂၁ | | | |
| ၄ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate) | ၂၄.၆၈၄ | မြိတ် | ၉-၈-၂၀၁၇ ၁၄း၀၀ နာရီ | F,O.B (မြိတ်) |
| ၅ | အဖြိုက်နက်သတ္တုသန့်စင် (Wolfram Concentrate) | ၀.၄၀၈ | | | |
| ၆ | ခဲမဖြူအဖြိုက်နက်ရောရာသတ္တု (Tin -Wolfram Mixed Concentrate) | ၁.၄၀၁ | | | |
| ၇ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate) | ၁၃.၆၁၂ | ပျဉ်းမနား | ၉-၈-၂၀၁၇ ၁၄း၀၀ နာရီ | F.O.B (ပျဉ်းမနား) |
| ၈ | အဆင့်နိမ့်ခဲမဖြူအဖြိုက်နက်ရောရာသတ္တု(ဖမ်းဆီး) | ၆၁.၅၈၂ | | | |
| ၉ | ခဲမဖြူသတ္တုသန့်စင် (Tin Concentrate ) | ၃.၈၀၂ | ကျိုင်းတုံ | ၉-၈-၂၀၁၇/ ၁၄း၀၀ နာရီ | F.O.B (ကျိုင်းတုံ) |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

## ပို့ကုန်/သွင်းကုန်လုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုအခြေအနေနှင့် ခုနှိမ်ခွင့်နည်းလမ်းများ
# အသိပေးကြေညာခြင်း

- ၂၀၁၇ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစား (၈၇)မျိုးမှအပ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပြီး အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။
- ၂၀၁၇ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)အရ ပြည်ပသို့တင်ပို့ရောင်းချသည့် ကုန်စည်များအနက် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပြီး အဆိုပါကုန်စည်နှစ်ခုမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။
- ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်များနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်သူ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူများသည် အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန်အတွက် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခုနှိမ်ခွင့်များ ဆောင်ရွက်နိုင်ပါသည်။
- ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် ဆောင်ရွက်သည့်လုပ်ငန်းအတွက် ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ဆောင်ရွက်သည့်လုပ်ငန်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အောက်ပါအထောက်အထားများတင်ပြ၍ ခုနှိမ်ပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။
- သွင်းကုန်ကြေညာလွှာ (Import Declaration)(မူရင်း/မိတ္တူ)၊ (ပြည်ပမှ ကိုယ်တိုင်တင်သွင်းခြင်းဖြစ်ပါက)
- ပတခ(ကသခ)-၃၁မူရင်း/မိတ္တူ၊ (ပြည်တွင်း၌ ဝယ်ယူခဲ့ခြင်းဖြစ်ပါက)
  ပတခ(ကသခ)-၃၂မူရင်း/မိတ္တူ၊ (ပြည်တွင်း၌ ဝယ်ယူခဲ့ခြင်းဖြစ်ပါက)
  ပတခ(ကသခ)-၃၃မူရင်း/မိတ္တူ၊ ပတခ(ကသခ)-၂မိတ္တူ၊
- လုပ်ငန်းဆောင်ရွက်သူက ခုနှိမ်ပေးပါရန် တင်ပြစာ၊
- လုပ်ငန်းမှတ်ပုံတင်လက်မှတ် မိတ္တူ။

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အမည်ပြောင်း

မြိတ်မြို့ အထက(၁)၊ အဌမတန်း (သရဖီ)ခန်းမှ ဦးထက်မြတ်၏သား မောင်ထက်မြတ်စိုးအား မောင်စိုးမြတ်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စိုးမြတ်ထက်**

## မွေးသက္ကရာဇ်အမှန်

ရေဖြူမြို့နယ်၊ ပရဒတ်ကျေးရွာအုပ်စု၊ ဘ၀ါကမ်းခြေကျေးရွာနေ ဦးသိန်းနိုင် ၆/ပလန(နိုင်)၀၀၆၁၄၅ နှင့် ဒေါ်လေးလေးမြင့် ၆/ရဖန(နိုင်)၀၆၀၉၇၁ တို့၏သား တက္ကသိုလ်ဝင်တန်းအောင် ၆/ပလန(နိုင်)၁၀၅၅၁၂ ကိုင်ဆောင်သူ မောင်ချမ်းမြေ့အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၂-၁၉၉၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၇ယ/၇၆၄၆ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်စိုး ၁၄/ကပန(နိုင်)၁၅၂၇၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ဥပဒေအမိန့်-၅ နည်းဥပဒေ ၂၀
### ဟသ်ာတမြို့နယ်တရားရုံး
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၆၄

| | |
|---|---|
| မမြင့်မြင့်မော်(ဘ)ဦးကြည်ဝင်း **နှင့်** | ၁။ မသီတာထွေး (ဘ)ဦးတင်အောင် |
| အေးမြန္တာ (၅)လမ်း၊ | သပြုပင်ကျေးရွာ၊ သပြုပင်အုပ်စု၊ |
| တာကလေးရပ်ကွက်၊ | ဟသ်ာတမြို့နယ် |
| ဟသ်ာတမြို့ | ၂။ မနှင်းနုဝေ (ဘ)ဦးအောင်ဝင်း |
| | သပြုပင်ကျေးရွာ၊ သပြုပင်အုပ်စု၊ |
| | ဟသ်ာတမြို့နယ် |
| **တရားလို** | **တရားပြိုင်များ** |

ဟသ်ာတမြို့၊ သပြုပင်ကျေးရွာအုပ်စု၊ သပြုပင်ကျေးရွာနေ တရားပြိုင် မသီတာထွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မမြင့်မြင့်မော်က လက်လှည့်သုံးချေးငွေ-၁၆၀၀၀၀ဝိ/(ကျပ်တစ်ဆယ့်ခြောက်သိန်း)ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်မည်ပါသူ တရားလို၏ အဆိုလွှာစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ထက်ပိုး၃)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ဟသ်ာတမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)
## ဟိုတယ်လုပ်ငန်းဆိုင်ရာ
## ကာလတိုသင်တန်းသားများခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်တန်းကျောင်း)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဟိုတယ်လုပ်ငန်းဆိုင်ရာ အခြေခံ ဧည့်ကြိုသင်တန်း (Front Office Operations Course, Certificate Level I) အား မန္တလေးမြို့တွင် ၂၀၁၇ခုနှစ် ဩဂုတ် ၁ရက်မှစတင်ပြီး အခမဲ့ ဖွင့်လှစ်သင်ကြားသွားပါမည်။

**လက်ခံမည့် အရေအတွက်**
အပတ်စဉ်တစ်ခုလျှင် (၂၅)ဦး

**ပေးအပ်မည့် လက်မှတ်**
ပညာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့၏ အသိအမှတ်ပြု ကျွမ်းကျင်မှုအဆင့်(၁) လက်မှတ်

**သင်တန်းသားအရည်အချင်းများ**
၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
၂။ အသက်(၁၆)နှစ်မှ (၂၅)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ လူတွေ့အင်တာဗျူးအောင်မြင်ရမည်။

**သင်တန်းနေရာ**
အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ လမ်း ၇၀ နှင့် ၂၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**သင်တန်းကာလနှင့် သင်တန်းချိန်**
သင်တန်းကာလမှာ (၄)ပတ်ကြာမြင့်မည်ဖြစ်ပြီး မွန်းတည့် ၁၂း၀၀ နာရီမှ ညနေ ၄း၀၀နာရီအထိ တက်ရောက်ရမည်ဖြစ်ပါသည်။

**သင်တန်းလျှောက်လွှာထုတ်ယူရန်နေရာနှင့် စုံစမ်းရန်**
၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ လမ်း ၇၀နှင့် ၂၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၇၇၆၆၈၀၂၃၈
၂။ မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်တန်းကျောင်း၊ သိပ္ပံလမ်း၊ ၆၆လမ်းနှင့် ၆၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၃၀၀၈၇၅၇၉
၃။ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ (စတုတ္ထထပ်)၊ ဖုန်း-၀၂-၆၉၃၂၆
၄။ မန္တလေးမြို့ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း ဖုန်း-၀၉-၇၉၂၀၁၆၃၅၁၊ ၀၉-၄၃၁၀၁၆၆၆

**လျှောက်လွှာတင်ရန် လိုအပ်သောစာရွက်စာတမ်းများ**
၁။ ပတ်(စ်)ပို့ဆိုဒ် ဓာတ်ပုံ(၃)ပုံ
၂။ အမှတ်စာရင်းမူရင်းနှင့် မိတ္တူ၊ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ

**နောက်ဆုံးလျှောက်ထားရမည့်ရက်**
အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)တွင် ဇူလိုင် ၂၁ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။
လူတွေ့စစ်ဆေးခြင်းအား ၂၅-၇-၂၀၁၇ရက်မှ ၂၉-၇-၂၀၁၇ရက်အတွင်း လျှောက်ထားသူဦးရေအပေါ် မူတည်၍ ဆောင်ရွက်သွားပါမည်။

## ရန်ကုန်တက္ကသိုလ် နည်းပြ/သရုပ်ပြရာထူးအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးမည့်အစီအစဉ် ကြေညာချက်

| နေ့ရက် | ဖြေဆိုမည့်ဘာသာ | အချိန် | နေရာ |
|---|---|---|---|
| ၂၂-၇-၂၀၁၇ရက် (စနေနေ့) | မြန်မာစာ | နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀ နာရီထိ | ရန်ကုန်တက္ကသိုလ် |
| | ဘာသာရပ်ဆိုင်ရာ အထွေထွေဗဟုသုတ | မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀ နာရီ | သိပ္ပံအဆောက်အအုံ |
| ၂၃-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) | အင်္ဂလိပ်စာ | နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ | ရန်ကုန်တက္ကသိုလ် သိပ္ပံအဆောက်အအုံ |

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀-၇-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် (အစိုးရရုံးပိတ်ရက်များမှအပ) ရန်ကုန်တက္ကသိုလ်၊ စီမံရေးရာဌာန၊ (သိပ္ပံအဆောက်အအုံအပေါ်ထပ်)တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပါသည်။

**စုံစမ်းရန် ဖုန်း-၀၁-၅၃၂၃၁၀၊ ၅၃၆၀၀၁၊ ၅၃၄၀၉၈၊ ၅၃၄၀၂၄၊ ၅၃၄၃၉၀**

**သင်တန်းရေးရာဌာန**
**ရန်ကုန်တက္ကသိုလ်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော FDAအသိအမှတ်ပြုဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် (ပထမအကြိမ်) ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၅-၇-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) |
| | **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** | - တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ |
| | **တင်ဒါပုံစံ နောက်ဆုံးပေးသွင်းရမည့်ရက်** | - ၄-၈-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့**
**ဖုန်း-၀၆၃-၂၈၇၂၅**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အထောက်အကူပြုကျန်းမာရေးသတင်းစနစ်အတွက် အသုံးပြုရမည့် HMIS ပုံစံ/ဆေးရုံလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါမှတ်တမ်းပုံစံအပါအဝင် (၁၅)မျိုးအား ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - ၁၇-၇-၂၀၁၇ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၁-၈-၂၀၁၇ရက် မွန်းလွဲ ၂း၀၀ နာရီ |

**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၃၁၁၈၀၊ ၀၆၇-၄၃၁၁၈၂**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကယားပြည်နယ်
## ရေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
## လွိုင်ကော်ဌာနခွဲ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ လွိုင်ကော်ဌာနခွဲ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လေးခန်းတွဲ(၁၀၀×၄၀)ပေ RC (၂)ထပ် အဆောက်အအုံတစ်လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကြေညာအပ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၇ ရက်
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၁၄-၈-၂၀၁၇ ရက် ညနေ ၁၆း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၈၃-၂၂၂၃၁၃၂နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ လွိုင်ကော်ဌာနခွဲ ဖုန်း-၀၈၃-၂၂၂၁၃၀၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ပစ္စည်းဝယ်ယူရေးလုပ်ငန်း**
  (၁) ကတ္တရာဝယ်ယူခြင်း - ၁၀၉.၂၃၇ တန်
  (၂) အမှိုက်ပုံးဝယ်ယူခြင်း (660 Liter) - (၇၀)လုံး
  (၃) Vibrator Roller (Single Drum) - (၁)စီး
(ခ) **တည်ဆောက်ရေးလုပ်ငန်း**
  (၁) လမ်း၊ တံတား၊ ရေပေးရေး၊ လျှပ်စစ်မီးထွန်းညှိခြင်း - (၂၂)ခု

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၇ ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၁၄-၈-၂၀၁၇ ရက် ၁၆း၀၀ နာရီ
၄။ တင်ဒါအဆိုပြုလွှာများကို ညွှန်ကြားရေးမှူး၊ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၈၃-၂၂၂၂၀၂၆၊ ၀၈၃-၂၂၂၁၆၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရောင်းချရေးကော်မတီ**

## စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအလိုရှိသည်
## မြန်မာ့သြဘာလုပ်ငန်းစု
## အမှတ်(၉၅-အေ)၊ 8 Mile Business Center၊
## ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊
## ရန်ကုန်မြို့
## ဖုန်း-၀၉-၇၆၃၆၆၆၀၉၅

မြန်မာ့သြဘာလုပ်ငန်းစုနှင့်အတူ လက်တွဲ၍ လုပ်ကိုင်နိုင်ရန်အတွက် တက်ကြွဖျတ်လတ်၍ ရိုးသားကြိုးစားပြီး အောင်မြင်လိုစိတ်ရှိသော ကွင်းဆင်းပညာပေး စိုက်ပျိုးရေးပညာရှင်များ အလိုရှိပါသည်။ လျှောက်ထားသူသည် အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံရပါမည်။

**Extension Executive**

- စိုက်ပျိုးရေးတက္ကသိုလ်(သို့)စိုက်ပျိုးရေးသိပ္ပံမှ ဘွဲ့ရရှိထားပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ဆိုင်ကယ်မောင်းလိုင်စင်ရှိရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
- အသင်းအဖွဲ့နှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လိုစိတ် ရှိရမည်။
- လစ်လပ်နေသာ တိုင်းဒေသကြီးများမှာ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရှမ်းပြည်နယ်(တောင်၊ မြောက်၊ အရှေ့)၊ ကယားပြည်နယ်၊ မွန်/ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်။

စိတ်ပါဝင်စား၍ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ပုံစံအပြည့်အစုံကို အထက်ပါလိပ်စာ(သို့) thinzarwin@awba -group.com သို့ ၃၁-၇-၂၀၁၇ ရက် နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ ကျွဲတဲရွာ၊ အလက(ခွဲ) သတ္တမတန်းမှ မောင်မျိုးသီဟကျော်၏ မိဘအမည်မှန်မှာ ဦးမင်းအောင် ၈/မဘန(နိုင်)၁၀၆၂၆၅ နှင့် ဒေါ်ခင်ပြုံးနွယ် ၈/မဘန(နိုင်)၁၃၉၂၆၈ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်-ဒေါ်ခင်ပြုံးနွယ်**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ ကျွဲတဲရွာ၊ အလက(ခွဲ) သတ္တမတန်းမှ မနှင်းဆုလှိုင်၏ မိဘအမည်မှန်မှာ ဦးသိန်းလှိုင် ၈/မဘန(နိုင်)၁၀၆၂၄၉ နှင့် ဒေါ်ယဉ်ယဉ်အေး ၈/မဘန (နိုင်) ၁၅၉၀၁၀ ဖြစ်ပါကြောင်း။

**ဦးသိန်းလှိုင်-ဒေါ်ယဉ်ယဉ်အေး**




# အမည်အမှတ်အသားတံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၁ လမ်း၊ ၈၃×၈၄ လမ်းကြားနေ ဦးဝင်းနိုင် (၈/နမန(နိုင်)၀၀၀၆၅၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

SAN HEIN EDUCATION PRIVATE HIGH SCHOOL MANDALAY 1999

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်သည် " စံဟိန်း " အမည်ဖြင့် ဘာသာရပ်သင်ကိုယ်ပိုင်အထက်တန်းကျောင်း လုပ်ငန်းကို မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၂၅/ ၂၀၁၃) ဖြင့် မြန်မာဘာသာ ဖြင့်လည်းကောင်း၊ " SAN HEIN EDUCATION PRIVATE HIGH SCHOOL " အမည်ဖြင့် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်းလုပ်ငန်းကို မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၁၈၂၂/ ၂၀၁၇)ဖြင့် အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း တစ်ဦးတည်းမူပိုင် လုပ်ငန်းအမှတ်တံဆိပ် အမည် အမှတ်အသား အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ ယင်းအမှတ်တံဆိပ်ဖြင့် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်း အမှတ်တံဆိပ်ဖြင့် အမည်ရကျော်ဇောလျှက်ရှိပါသည်။ ထို့အပြင် မန္တလေးမြို့တွင်သာမက မြန်မာတစ်နိုင်ငံလုံးရှိ အခြားသောမြို့များတွင်လည်း အထက်ပါအမည်များဖြင့်ပင် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်းများကို ဖွင့်လှစ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ " စံဟိန်း " နှင့် SAN HEIN EDUCATION PRIVATE HIGH SCHOOL ပညာရေးအမည်ဖြင့် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်း အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပခြင်းနှင့် အမှတ် တံဆိပ်ကို ထိခိုက်နစ်နာစေမည့် ပြောဆိုမှုများ၊ မကောင်းသတင်း ပြောဆိုခြင်းများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

ဒေါ်ခိုင်ခိုင်တိုး ( LL.M, DBL ) တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၄၄၇ )

ဒေါ်မြင့်မြင့်မော် ( LL.M, DBL ) အထက်တန်းရှေ့နေ ( စဉ်-၂၆၁၆၉ )

အကွက်(၂၄၅)၊ ၂၇×၂၈ ကြား၊ ၈၇ လမ်း၊ သီရိဟေမာအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၉၁၀၀၉၈၃၁၊ ၀၉-၄၄၁၀၀၉၈၃၁၊ ၀၉-၉၇၁၆၁၇၄၂၄

**ဖခင် အမည်မှန်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၁) အဌမတန်း (D) မှ မောင်အောင်ဖြိုးသူ၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၉/ပမန(နိုင်) ၀၀၂၀၅၉ ဖြစ်ပါကြောင်း။

ဦးဝင်း

**ဖခင် အမည်မှန်**

နေပြည်မြို့၊ ဆကာကြီးအထကမှ (၂၀၁၇) ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သွားသည့် မဆုရည်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဖေယျာလင်း (ခ)ဦးဖေဖေဦး ၁၄/ဓနဖ(နိုင်)၁၁၁၂၄၄ ဖြစ်ပါသည်။

ဦးဖေယျာလင်း(ခ)ဦးဖေဖေဦး

**ဖခင် အမည်မှန်**

အလက (၁)၊ မရမ်းကုန်းမြို့နယ် အဌမတန်း (B) မှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျုံပျော်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း (D) မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအေးချို ၁၄/ကပန(နိုင်) ၀၃၈၂၉၈ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အထက(အင်းတော်) တက္ကသိုလ်ဝင်တန်းမှ မကြည်ကြည်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ရေကြမ်း ၅/ဗမန (နိုင်)၀၁၄၇၇၄ ဖြစ်ပါကြောင်း။

ဒေါ်ရေကြမ်း

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၂၉၉၅ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးထက်အောင် ၁၃/နခတ(နိုင်)၀၇၉၄၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (နေပြည်တော်)




**ချာချီးယား ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် မြောက်ပိုင်း၊ ရွှေပြည်သာမြို့နယ် များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077
09-510 1862

**မဲ SEVEN စံ**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

### မိခင်အမည်မှန်

ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အလက(ခွဲ) သတ္တမတန်း (A) မှ မောင်အောင်ခန့်နောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာဌေး ၉/ပကခ(နိုင်) ၀၁၆၄၆၅ ဖြစ်ပါကြောင်း။

ဒေါ်ခင်မာဌေး

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဦးညီမင်းထွန်း ၆/လလန(နိုင်)၀၀၀၂၈၁-ဒေါ်လှလှအေး ၁၂/ရကန(နိုင်)၀၀၂၁၁၂ တို့၏ သားနှင့်သမီးများဖြစ်ကြသော အမှတ် ၄၊ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း (G) မှ မောင်ဝေဖြိုးပိုင်အစား မောင်ကျော်ချမ်းလင်းနှင့် ပဥ္စမတန်း (B)မှမဆုစန္ဒာဖြိုးအစား မခင်အေးချမ်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဦးညီမင်းထွန်း-ဒေါ်လှလှအေး

**EAGLE GUEST HOUSE**

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ

၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

### ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်မိုးထွန်း ၉/ပမန(နိုင်)၁၉၃၂၄၀ က နေပြည်တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၇၁/၂၀၁၇ ဖြင့် ၂၃-၆-၂၀၁၇ရက်တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်ကို အသုံးပြု၍ အိမ်၊ ခြံ၊ မြေ၊ ရောင်း၊ ဝယ်၊ ငှား ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကျိုးဆောင်လုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် အောက်ပါကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ Internet Website, Email & Facebook တို့တွင်လည်း အသုံးပြုဖော်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

DNE နေအိမ်
အိမ်၊ ခြံ၊ မြေ ရောင်း၊ ဝယ်၊ ငှား

အထက်ပါ DNE နေအိမ် အိမ်၊ ခြံ၊ မြေ၊ ရောင်း၊ ဝယ်၊ ငှား အမည်အမှတ်အသားနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပအသုံးပြုခြင်း၊ အဆိုပါတံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်အောင် အသုံးပြုခြင်းများမပြုလုပ်ရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ (စဉ်-၄၀၃၁၈) အထက်တန်းရှေ့နေ**
**အမှတ် (၃၂၈၆)၊ ပုဂံ (၁)လမ်း၊ ရတနာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၃၅၉၉၅**



ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံ ရနောင်းမှတစ်ဆင့် ငါးဖမ်းရေယာဉ်ဖြင့် ကော့သောင်းနယ်စပ်ဂိတ်သို့ ပြန်လည်ဝင်ရောက်လာစဉ်

# မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ ဆက်လက်ဝင်ရောက်

**ကျော်စိုး(ကော့သောင်း)**

**ကော့သောင်း ဇူလိုင် ၁၃**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာ အလုပ်သမား အမျိုးသား ၁၀၉ ဦး၊ အမျိုးသမီး ၄၄ ဦးနှင့် ကလေးငယ်ခုနစ်ဦး အပါအဝင် စုစုပေါင်း ၁၆၀ သည် ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမှတစ်ဆင့် ငါးဖမ်းစက်လှေ တစ်စင်းဖြင့် ကောဒသမအကြိမ်မြောက်အသုတ်အဖြစ် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည် ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများတွင် လူငယ်လူလတ်ပိုင်း အမျိုးသား အမျိုးသမီး အများစုဖြစ်ပြီး အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့ခံပရဟိတအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ

*စာမျက်နှာ ၄ ကော်လံ ၅* ✻

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

စာမျက်နှာ - ၄

## မိုဆူးလ်အောင်မြင်ပြီးနောက် ရက်ကွာကို ဆက်လက်တိုက်ခိုက်

စာမျက်နှာ - ၁၀

## မြစ်ကြီးနားတွင် မားဖြင့်ထိုးပြီး အုပ်စုဖွဲ့ ဆိုင်ကယ်လုယူသူများအား အချိန်တိုအတွင်း ဖမ်းဆီးအရေးယူ

စာမျက်နှာ - ၁၃

## အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း နိုင်ပွဲဆက်

**ဖိုးသော်ဇင်**

**ဗန်ကောက် ဇူလိုင် ၁၃**

၂၀၁၇ အာဆီယံ ယူ-၁၅ ပြိုင်ပွဲ အုပ်စု(က) တတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ချောင်ဘူရီ မြို့၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၅ အသင်း နိုင်ပွဲဆက်ခဲ့သည်။ မြန်မာအသင်းသည် စင်ကာပူ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပိုင်းသွင်းဂိုး များဖြင့် နှစ်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် ရန်ကျော် စိုးနှင့် ၂၈ မိနစ်တွင် လမင်းထွေး

*စာမျက်နှာ ၄ ကော်လံ ၅* ❍

## ပခုက္ကူတွင် ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် စာသင်ကျောင်း ၃၆ ကျောင်း ပိတ်ထား

**ကိုဇော်(ဓာတု)**

**ပခုက္ကူ ဇူလိုင် ၁၃**

ပခုက္ကူမြို့နယ်တွင် ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် စာသင်ကျောင်း ၃၆ ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၁၂ ရက်တွင် အထက်တန်းအဆင့် ကျောင်းတစ်ကျောင်း၊ အလယ်တန်းအဆင့် ကျောင်းခြောက်ကျောင်း၊ မူလတန်းအဆင့်ကျောင်း ၂၃ ကျောင်း ပိတ်ခဲ့ရပြီး ဇူလိုင် ၁၃ ရက်တွင် အလယ်တန်း အဆင့် သုံးကျောင်းနှင့် မူလတန်းအဆင့် သုံးကျောင်း ထပ်မံ ပိတ်ထားရကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ◆



ရေဝတီမြစ်ရေလျှံမှုကြောင့် ပခုက္ကူ၌ ရေနစ်မြုပ်၍ ပိတ်ထားရသည့် စာသင်ကျောင်းဆောင်တစ်ဆောင် တွေ့ရစဉ်

